ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၇ ရက်၊ အင်္ဂါနေ့၊ (23-6-2015) (၈၂၄၀)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လူဇင်ဘတ်နိုင်ငံအမျိုးသားနေ့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ပေးပို့

**နေပြည်တော် ဇွန် ၂၃**

၂၀၁၅ ခုနှစ် ဇွန် ၂၃ ရက်တွင် ကျရောက်သော လူဇင်ဘတ်နိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ လူဇင်ဘတ်မြို့စား မင်းသား အွန်နရီ ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် ဇွန် ၂၃ ရက်တွင် ကျရောက်သော လူဇင်ဘတ်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ လူဇင်ဘတ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဇာဗီးရေး ဘတ်တယ် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# ဒေသတွင်း စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စီအယ်လ်အမ်ဗွီနိုင်ငံများအကြား အတူတကွလက်တွဲဆောင်ရွက်သွားကြမည်

နေပြည်တော် ဇွန် ၂၂

**(၇)ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) ပတ္တမြားခန်းမ၌ ကျင်းပသည်။(အောက်ပုံ)**

ထိပ်သီးအစည်းအဝေးသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက် ဟွန်ဆန်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာ လီယောင်မင်၊ စီအယ်လ်အမ်ဗွီနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယနိုင်ငံခြားရေးဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စီအယ်လ်အမ်ဗွီနိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများသည် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနသို့ ရောက်ရှိလာရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ကွန်ဗင်းရှင်းဗဟိုဌာန အဝင်မုခ်ဦးမှ ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတက မိမိတို့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ် လေးနိုင်ငံပါဝင်သည့် ဒေသခွဲအတွင်း လူမှုရေး၊ စီးပွားရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်မြှင့်တင်သွားရန်၊ ဒေသခွဲအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့●**




# စီအယ်လ်အမ်ဗွီနိုင်ငံများအကြား အပြန်အလှန်အကျိုးစီးပွားတိုးမြှင့်စေရေး ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဇွန် ၂၂

**(၇)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်(စီအယ်လ်အမ်ဗွီ)ထိပ်သီးအစည်းအဝေးနှင့်စပ်လျဉ်း၍ ပူးတွဲကြေညာချက်ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။ အဆိုပါ ပူးတွဲကြေညာချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

### ပူးတွဲကြေညာချက်
### (၇)ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်( စီအယ်လ်အမ်ဗွီ )ထိပ်သီးအစည်းအဝေး
(၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့၊ နေပြည်တော်)

၁။ ကျွန်ုပ်တို့ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ(နောင်တွင် စီအယ်လ်အမ်ဗွီဟု ရည်ညွှန်းမည်)တို့၏ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများသည် မြန်မာနိုင်ငံ၊ နေပြည်တော်၌ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ကြပါသည်။ ထိပ်သီးအစည်းအဝေးသို့ အာဆီယံအတွင်းရေးမှူးချုပ်လည်း ပါဝင်တက်ရောက်ခဲ့ပါသည်။

၂။ ကျွန်ုပ်တို့သည် ၂၀၁၃ ခုနှစ်အတွင်းက လာအိုနိုင်ငံ၊ ဗီယင်ကျန်းမြို့၌ ကျင်းပပြုလုပ်ခဲ့သည့် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့်ယခင်ထိပ်သီးအစည်းအဝေးများ၌ ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များနှင့် အစီအစဉ်သစ်များကို ပြန်ပြောင်းအသိအမှတ်ပြုလျက် စီအယ်လ်အမ်ဗွီ နိုင်ငံများအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသော ဆက်ဆံရေး၊ အိမ်နီးချင်းကောင်းပီသမှုနှင့် **စာမျက်နှာ ၄ ကော်လံ ၁ သို့○**



● **ဒေသတွင်းမှ**

ပြည်သူများ၏ လူနေမှုအဆင့်အတန်း ပိုမိုမြှင့်တင်သွားရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသည့် စီအယ်လ်အမ်ဗွီအဖွဲ့ကြီး၏ ပုံမှန်ထိပ်သီးအစည်းအဝေးများကို ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် (၇)ကြိမ်တိုင်ရှိခဲ့ပြီ ဖြစ်ပါကြောင်း။

ဒေသတွင်း စီးပွားရေးပေါင်းစည်းမှုမြှင့်တင်ရန်နှင့် အာဆီယံအဖွဲ့အတွင်း ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရန်အတွက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို ၂၀၀၄ ခုနှစ်တွင် စတင်ခဲ့ရာ ယခုနှစ်ဆိုလျှင် ၁၂ နှစ်တာကာလသို့ ရောက်ရှိလာပြီ ဖြစ်ပါကြောင်း။

ယင်းချစ်ကြည်ရင်းနှီးသည့် ဆက်ဆံမှုကို အရင်းခံပြီး ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့်အတွက်လည်း မိမိတို့လေးနိုင်ငံတွင် ပြီးခဲ့သည့် ၁၂ နှစ်အတွင်း အကျိုးရလဒ်ကောင်းများကို ရရှိခံစားနေကြရပါကြောင်း။

၂၀၁၃ ခုနှစ်တွင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ် နိုင်ငံတို့၏ စုစုပေါင်း ကုန်သွယ်မှုသည် အာဆီယံ စုစုပေါင်းကုန်သွယ်မှု၏ ၁၂ ဒသမ ၄ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၁၄ ဒသမ ၁ ရာခိုင်နှုန်းသို့ ရောက်ရှိလာခဲ့ပါကြောင်း။

၂၀၁၅ ခုနှစ်သည် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၏ ညှိနှိုင်းမှုများနှင့် အာဆီယံစီးပွားရေးအသိုက်အဝန်းထူထောင်ရန် ပြင်ဆင်မှုလုပ်ငန်းများ အပြီးသတ်မည့်နှစ်ဖြစ်၍ စီအယ်လ်အမ်ဗွီ စီးပွားရေးဝန်ကြီးများအနေဖြင့် AEC Blueprint နှင့်အညီ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့် သက်ဆိုင်သည့် နယ်ပယ်အသီးသီးတွင် အလေးထား အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြရန် ကတိကဝတ်များထားရှိခဲ့မှုအပေါ် များစွာကျေနပ်မိပါကြောင်း။

ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများသည့် မိမိတို့လေးနိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေရုံသာမက ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုစေမည့်ကဏ္ဍများ ဖြစ်ကြပါကြောင်း။

မိမိတို့ လေးနိုင်ငံအကြား ခရီးသွားလုပ်ငန်းကဏ္ဍတွင် သဘောတူညီထားခဲ့ကြသည့် **လေးနိုင်ငံ ခရီးစဉ်တစ်ခု** အစီအစဉ်ကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး၊ ညီအစ်မမြို့တော် သဘောတူညီချက်များ ခိုင်မာအောင်ဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုခိုင်မာတိုးတက်အောင်ဆောင်ရွက်ရေးတို့သည် အရေးပါလှပါကြောင်း။

ဒေသတွင်း စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စီအယ်လ်အမ်ဗွီ နိုင်ငံများအကြား အတူတကွလက်တွဲ ဆောင်ရွက်သွားကြမည်ဆိုသည့် ခိုင်မာသည့် သန္နိဋ္ဌာန်ထားရှိမှုသည် မိမိတို့အားလုံးတွင် တည်ရှိနေကြပြီးဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိတို့အကြား ခိုင်မာစွာတည်ရှိထားသော ချစ်ကြည်ရင်းနှီးမှုများမှတစ်ဆင့် ဒေသ၏တိုးတက်မှုနှင့် မိမိတို့နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူဖြစ်စေမည့် လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်သွားနိုင်မည်ဟု အခိုင်အမာယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆန်၊ လာအိုနိုင်ငံ ဝန်ကြီးချုပ် မစ္စတာသွန်ဆင်းသမာဗောင်နှင့် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းတို့က ဆွေးနွေးကြသည်။

ဆက်လက်၍ (၆)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေး ထုတ်ပြန်ကြေညာချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

ယင်းနောက် (၈)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေး ဆက်လက်ကျင်းပမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းက ဆွေးနွေးပြောကြားခဲ့သည်။

**(သတင်းစဉ်)**




**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ စီအယ်လ်အမ်ဗွီနိုင်ငံများမှ အစိုးရအဖွဲ့အကြီးအကဲများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)

# (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီနှင့် (၆)ကြိမ်မြောက် အက်မက်စ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးများကျင်းပ

**နေပြည်တော် ဇွန် ၂၂**

(၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အာဆီယံနိုင်ငံများအတွင်း ဖွံ့ဖြိုးမှုနည်းပါးသည့် စီအယ်လ်အမ်ဗွီနိုင်ငံများအနေဖြင့် စိန်ခေါ်မှုများရှိသော်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်၊ လူ့စွမ်းအားအရင်းအမြစ်နှင့် အခြားကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ရေအရင်းအမြစ်နှင့် သဘာဝအရင်းအမြစ်ဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ စီအယ်လ်အမ်ဗွီ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ်တွင် ဆက်လက်ဆွေးနွေးဆောင်ရွက်သွားကြမည် ဖြစ်ပါကြောင်း၊ ထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများ၏ ဆုံးဖြတ်ချက်များကို ကြေညာချက်များ ထုတ်ပြန်သွားမည် ဖြစ်ပါကြောင်းဖြင့် အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေး၌ ထုတ်ပြန်မည့် ပူးတွဲကြေညာချက် မူကြမ်းကို ဆွေးနွေးခြင်း၊ စီအယ်လ်အမ်ဗွီ နိုင်ငံများအကြား စီးပွားရေးဖွံ့ဖြိုးမှုအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်သွယ်ရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ ဖွံ့ဖြိုးရေး အစီအစဉ်များကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံလွင်က စီအယ်လ်အမ်ဗွီ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးမှ ဆုံးဖြတ်ချက်များကို တင်ပြခဲ့သည်။

ဆက်လက်၍ နံနက် ၁၀ နာရီခွဲတွင် (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား -မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ အက်မက်စ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကိုကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အဖွင့်အမှာစကားပြောကြားပြီး အက်မက်စ်နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် အနာဂတ်ဦးတည်ချက်များကို အမြင်ချင်းဖလှယ်ကြကာ ဧရာဝတီ -ကျောက်ဖယား -မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေးတွင် ထုတ်ပြန်မည့် နေပြည်တော်ကြေညာစာတမ်းနှင့် ဆက်လက်ဆောင်ရွက်မည့် အက်မက်စ်လုပ်ငန်းစဉ် (၂၀၁၆ - ၂၀၁၈) တို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ အစည်းအဝေးများသို့ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ တာနာဆက် ပရာတီမာပရာဂွန်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာသောင်းလွန်ဆီစုလစ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာလောင်ဗွိစလို၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဗွိသန်ဆွန်၊ အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာလီယောင်မင်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**(၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ကျင်းပစဉ်။** (သတင်းစဉ်)



**(၆)ကြိမ်မြောက် အက်မက်စ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကျင်းပစဉ်။** (သတင်းစဉ်)

## ကြေးမုံသတင်းစာ

ကြေးမုံသတင်းစာကို လပေးမှာယူဖတ်ရှုကြသည့် သတင်းစာဖတ်ပရိသတ် အဟောင်း/အသစ်များအား ကျေးဇူးအထူးတင်ရှိပါသည်။ သတင်းစာကိုဖတ်ရှုရာ၌ လိုအပ်ချက်များနှင့် အဆင်မပြေမှုများရှိပါက ဖုန်း-၀၉-၃၃၆၄၄၂၀၉ သို့ ဆက်သွယ်အကြောင်းကြားနိုင်ပါသည်။

**(ကြေးမုံသတင်းစာတိုက် တာဝန်ခံ)**

○ရှေ့ဖုံးမှ

အပြန်အလှန်အကျိုးစီးပွား တိုးမြှင့်စေရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန်နှင့် အရှေ့တောင်အာရှဒေသအတွင်း ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုနှင့် သာယာဝပြောမှုရှိစေရန်အတွက် စီအယ်လ်အမ်ဗွီနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုအား ပိုမိုခိုင်မာလာစေရေးဆောင်ရွက်သွားကြရန် ကတိအား ထပ်လောင်းအတည်ပြုခဲ့ကြပါသည်။

၃။ ကျွန်ုပ်တို့သည် ၂၀၁၅ ခုနှစ်အကုန်တွင် အာဆီယံအသိုက်အဝန်း တည်ထောင်ရန် ကြိုးပမ်းလျက်ရှိသော အာဆီယံနိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရန် ရည်ရွယ်လျက် ၂၀၁၃ ခုနှစ် မတ်လ ၁၂ ရက်နေ့က လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပပြုလုပ်ခဲ့သော (၆)ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေး၌ သဘောတူညီခဲ့ကြသည့် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ပြန်လည်သုံးသပ်ခဲ့ကြပါသည်။ ကျွန်ုပ်တို့သည် ၂၀၀၄ ခုနှစ်အတွင်းက ထုတ်ပြန်ကြေညာခဲ့သည့် စီအယ်လ်အမ်ဗွီနိုင်ငံများအကြား ပေါင်းစည်းရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ဗီယင်ကျန်းကြေညာချက်နှင့်၎င်း၏လုပ်ငန်းစီမံချက်အပေါ် မူတည်၍ အနာဂတ်စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်ရေး မျှော်မှန်းချက်များအပေါ်တွင်လည်း အမြင်ချင်းဖလှယ်ခဲ့ကြပါသည်။

၄။ ကျွန်ုပ်တို့အနေဖြင့် စီအယ်လ်အမ်ဗွီလုပ်ငန်းစီမံချက်အား အဖွဲ့ဝင်နိုင်ငံများမှ ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ အတားအဆီးများကို အသိအမှတ်ပြုခဲ့ကြပြီး လုပ်ငန်းစီမံကိန်းအတွင်း လိုအပ်သည့်ထိန်းညှိမှုများ ပြုလုပ်ရန်အတွက် သက်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအား အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ပြန်လည်သုံးသပ်ရန်နှင့် အကြံပေးချက်များ တင်သွင်းရန် တာဝန်ပေးအပ်ခဲ့ကြပါသည်။

၅။ သို့ဖြစ်ရာ ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့၏ စီအယ်လ်အမ်ဗွီ စီးပွားရေးဝန်ကြီးများအား ၎င်းတို့၏ နှစ်စဉ်လုပ်ငန်းစီမံချက်ကို ပြည့်မီစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းမှုများအပေါ် ချီးကျူးဂုဏ်ပြုခဲ့ကြပြီး မြန်မာနိုင်ငံ နေပြည်တော်၌ ၂၀၁၄ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည့် (၆)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ စီးပွားရေးဝန်ကြီးများ အစည်းအဝေး၏ ရလဒ်များအပေါ် ကြိုဆိုခဲ့ကြပါသည်။ ကျွန်ုပ်တို့သည် စီအယ်လ်အမ်ဗွီ စီးပွားရေးဝန်ကြီးများ အစည်းအဝေး၏ အစည်းအဝေးအစီရင်ခံစာကို သုံးသပ်ဆင်ခြင်ခဲ့ကာ အတည်ပြုပြီး ၂၀၁၅ ခုနှစ် စီအယ်လ်အမ်ဗွီလုပ်ငန်းစီမံချက်နှင့် ရှေ့လာမည့် လုပ်ငန်းစီမံချက်များ ပိုမိုအကျိုးရှိရှိ ကောင်းမွန်စွာ အသုံးချနိုင်ရေးအတွက် ၎င်းတို့၏ အကြံပြုချက်များအား ထောက်ခံအတည်ပြုခဲ့ကြပါသည်။

၆။ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးတွင် ကျွန်ုပ်တို့အနေဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်စေရေးအတွက် စီအယ်လ်အမ်ဗွီနိုင်ငံများအတွင်းနှင့် နိုင်ငံရပ်ခြားရှိ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဖွဲ့များအပါအဝင် စီအယ်လ်အမ်ဗွီအဖွဲ့ဝင်နှစ်နိုင်ငံအကြား၊ အဖွဲ့ဝင်နိုင်ငံအချင်းချင်းအကြား တည်ရှိပြီးသဘောတူညီချက်များအားလုံးကို အကောင်အထည်ဖော်ဆောင်ရွက်သွားရေး ကတိကဝတ်များကို ထပ်လောင်းထုတ်ဖော်ခဲ့ကြပါသည်။ ကျွန်ုပ်တို့သည် ၂၀၁၅ ခုနှစ်ဆန်းပိုင်း၌ တရားဝင်ဖွင့်လှစ်ခဲ့သည့် လာအို-မြန်မာ ချစ်ကြည်ရေးတံတားအား အပြည့်အဝအသုံးပြုနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းသွားကြရန် အားပေးတိုက်တွန်းသည်။

၇။ ကျွန်ုပ်တို့အနေဖြင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်းက အပြည်ပြည်ဆိုင်ရာ နယ်စပ်ဂိတ်ဒန်ဆာဗန် (လာအို)-လာအိုဗာအို (ဗီယက်နမ်)၌ တစ်ကြိမ်တည်း ပြီးစီးစစ်ဆေးရေးဝန်ဆောင်မှုကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်ကို ချီးကျူးဂုဏ်ပြုခဲ့ကြပါသည်။ ကျွန်ုပ်တို့အနေဖြင့် အဆိုပါ တစ်ကြိမ်တည်းအပြီးအစီး စစ်ဆေးရေးဝန်ဆောင်မှုများအား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလာရေးနှင့် သယ်ယူပို့ဆောင်ရေး လွယ်ကူချောမွေ့စေရန်အတွက် တစ်ကြိမ်တည်း အပြီးအစီးစစ်ဆေးရေး ဝန်ဆောင်မှုကွန်ရက်တစ်ခုပေါ်ထွန်းလာစေရေးအတွက် စီအယ်လ်အမ်ဗွီ နိုင်ငံများအကြားရှိ အခြားအလားအလာရှိသော အပြည်ပြည်ဆိုင်ရာ နယ်စပ်ဂိတ်များတွင်လည်း တိုးချဲ့ဖော်ဆောင်သင့်ကြောင်း သဘောတူညီခဲ့ကြပါသည်။

၈။ ကျွန်ုပ်တို့သည် အာဆီယံအသိုက်အဝန်း လမ်းပြမြေပုံနှင့် အာဆီယံအချိတ်အဆက် အထူးစီမံချက်အား အကျိုးရှိရှိနှင့် သင့်လျော်စွာ အသုံးချနိုင်ရေးအပါအဝင် အာဆီယံပေါင်းစည်းရေး အားထုတ်မှုများမြှင့်တင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ရေးအတွက် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကတိများကို ထပ်လောင်းအတည်ပြုခဲ့ကြပါသည်။

၉။ ပို့ဆောင်ရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုတွင် ကျွန်ုပ်တို့အနေဖြင့် အောက်ပါတို့ကို သဘောတူညီခဲ့ကြပါသည်-

- ၉. ၁။ စီအယ်လ်အမ်ဗွီနိုင်ငံများအား ဖြတ်သန်းသွားသည့် စီးပွားရေးစင်္ကြံများ၊ အထူးသဖြင့် မဟာမဲခေါင်ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုအောက်ရှိ မြောက်-တောင် စီးပွားရေးစင်္ကြံ၊ အရှေ့-အနောက် စီးပွားရေးစင်္ကြံ၊တောင်ပိုင်းစီးပွားရေးစင်္ကြံများအား အကောင်းဆုံးအသုံးချနိုင်ရေး ညှိနှိုင်းဆောင်ရွက်နေမှုများအား ခိုင်မာစေရန်၊
- ၉. ၂။ စီအယ်လ်အမ်ဗွီနိုင်ငံများအကြား ကုန်စည်နှင့်ခရီးသွားများ နယ်စပ်ဖြတ်ကျော်သွားလာမှုကို ဂျီအမ်အက်စ် စီဘီတီအေ(နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေးသဘောတူညီချက်)၊ အာဆီယံပြတင်းတစ်ပေါက်စနစ်၊ အာဆီယံ အကောက်ခွန်ဆိုင်ရာ တစ်ဆင့်ဖြတ်သန်းသွားလာမှုစနစ်နှင့် စီအယ်လ်အမ်ဗွီနိုင်ငံများမှ ပါဝင်လက်မှတ်ရေးထိုးထားသည့် အခြားသော နှစ်နိုင်ငံနှင့်နိုင်ငံစုံသဘောတူညီချက်များကို အကောင်အထည်ဖော်ခြင်းမှတစ်ဆင့် လွယ်ကူချောမွေ့စေရေးဆောင်ရွက်သွားရန်၊
- ၉. ၃။ လေကြောင်းပို့ဆောင်ရေးအား လေကြောင်းဝန်ဆောင်မှုဆိုင်ရာ စီအယ်လ်အမ်ဗွီကဏ္ဍစုံ သဘောတူညီချက်မှ လေကြောင်းပို့ဆောင်ရေးဆိုင်ရာ ဝန်ဆောင်မှုသဘောတူညီချက်အပါအဝင် နှစ်နိုင်ငံနှင့် နိုင်ငံစုံ သဘောတူညီချက်များမှတစ်ဆင့် လွယ်ကူချောမွေ့စေရေး ဆောင်ရွက်သွားရန်၊

၁၀။ စိုက်ပျိုးရေး၊ စက်မှု၊ စွမ်းအင်နှင့်ဆက်သွယ်ရေးကဏ္ဍ/သတင်းအချက်အလက်ဆက်သွယ်ရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်မှုတွင် ကျွန်ုပ်တို့အနေဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေး၊ စိုက်ပျိုးရေးထွက်ကုန်များ၏ ထုတ်လုပ်ရေး၊ သုတေသနနှင့် အပြီးသတ်ထုတ်လုပ်မှုလုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ဂေဟစနစ်နှင့် လိုက်ဖက်သည့် စိုက်ပျိုးရေး၊ ဓာတ်သတ္တုရှာဖွေတူးဖော်ရေး၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ လုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝလောင်စာဆီနှင့် ဓာတ်ငွေ့ရှာဖွေရေး၊ ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်း များအပါအဝင် အရေးပါသည့် နယ်ပယ်များရှိ သက်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေအနေကောင်းများ ဖန်တီးသွားရေးကို အပြန်အလှန် ဆောင်ရွက်ပေးသွားရန်၊ စိုက်ပျိုးရေး၊ သားငါး၊ သစ်တော၊ မွေးမြူရေး၊ စက်မှုနှင့် စွမ်းအင်ကဏ္ဍများတွင် သတင်းအချက်အလက်နှင့် နည်းပညာများဖလှယ်သွားရန်နှင့် ပူးတွဲ သုတေသနများဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ရန် သဘောတူညီခဲ့ကြပါသည်။ ကျွန်ုပ်တို့သည် စီအယ်လ်အမ် ဗွီနိုင်ငံများအား ဖြတ်ကျော်၍ မဟာလျှပ်စစ်ဓာတ်အားလိုင်းများနှင့် ကွန်ရက်ဖွံ့ဖြိုးတိုးတက်လာရေး တိုးမြှင့်ဆောင်ရွက်သွားရန် စီအယ်လ်အမ်ဗွီနိုင်ငံများအကြား စက်မှုလုပ်ငန်းဆိုင်ရာ မူဝါဒဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးများ တိုးမြှင့်လာစေရန် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ ကျင်းပသွားကြရန်လည်း သဘော တူညီခဲ့ကြပါသည်။

၁၁။ ကမ္ဘာလှည့်ခရီးသွားကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုတွင် ၂၀၁၄ ခုနှစ်၌ စီအယ်လ်အမ်ဗွီနိုင်ငံများသို့ ခရီးသွားများလာရောက်မှု ၁၉ ဒသမ ၆ သန်းကျော်ရှိပြီး ၁၁ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်မှုအပေါ် အားရ ကျေနပ်စွာဖြင့် မှတ်တမ်းတင်ပါသည်။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့တွင် ကမ္ဘောဒီးယားနိုင်ငံ ကမ်ပေါ့ပြည်နယ်၌ ကျင်းပပြုလုပ်ခဲ့သည့် စီအယ်လ်အမ်ဗွီ ခရီးသွားလာရေးဝန်ကြီးများ ဒုတိယအကြိမ် အစည်းအဝေး ရလဒ်များဖြစ်သည့် ကမ္ဘာ့လှည့်ခရီးသွားထိပ်တန်းအထင်ကရနေရာတစ်ခုအဖြစ် စီအယ်လ်အမ်ဗွီဒေသခွဲ၏ ဆွဲဆောင်မှုများကို တိုးမြှင့်သွားရေး၊ စီအယ်လ်အမ်ဗွီနိုင်ငံများအကြား ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့ဝင်နိုင်ငံများအကြား ချိတ်ဆက်မှု ကောင်းမွန်ခိုင်မာရေး၏ အရေးပါမှုကို အသိ အမှတ်ပြုခဲ့ခြင်းတို့ကို ဤအစည်းအဝေးမှ ချီးကျူးဖော်ပြကြပါသည်။ ထို့ပြင် ကမ္ဘာလှည့် ခရီးသွားကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အထူးသဖြင့် စီအယ်လ်အမ်ဗွီနိုင်ငံများ၏ ခရီးသွားလာရေးလုပ်ငန်း၏ လူ့စွမ်းအား မြှင့်တင်ရေးကို ထောက်ပံ့ပေးနိုင်ရန်အတွက် စိတ်ပါဝင်စားသော နိုင်ငံတကာအဖွဲ့အစည်းများ၊ ဘဏ္ဍာရေး ဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားသောမိတ်ဖက်နိုင်ငံများကို ဖိတ်ခေါ်သွားရန် သဘောတူညီခဲ့ပြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပုဂ္ဂလိကကဏ္ဍမှ ပိုမိုတက်ကြွစွာ ပါဝင်လာနိုင်ရေးကို တွန်းအားပေးအပ်ပါသည်။ စီအယ်လ်အမ်ဗွီခရီးသွားလာရေးဝန်ကြီးများ တတိယအကြိမ်အစည်းအဝေးကို ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံ၌ ကျင်းပရန် စီစဉ်လျက်ရှိသည်ကို ကြိုဆိုကြပါသည်။

၁၂။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွင် စီအယ်လ်အမ်ဗွီနိုင်ငံများအကြား ပညာရေးကဏ္ဍ၌ အပြန်အလှန်ပညာသင်ဆုများချီးမြှင့်ခြင်း၊ လေ့လာရေးအဖွဲ့များ အပြန်အလှန်စေလွှတ်ခြင်းနှင့် သင်တန်းအတွေ့အကြုံများဖလှယ်ရေးကို အလေးထားဆောင်ရွက်ခဲ့မှုများကို အသိအမှတ်ပြုပါသည်။ ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့အား ဗီယက်နမ်နိုင်ငံမှ ပညာသင်ဆုများနှင့် သင်တန်းများ ထောက်ပံ့ပေးခဲ့မှုများအတွက် ဗီယက်နမ် အစိုးရကို ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြကြပါသည်။ ဗီယက်နမ်နိုင်ငံမှ စီအယ်လ်အမ်ဗွီနိုင်ငံများသို့ အဆိုပါ ပညာသင်ဆုအစီအစဉ်များ ဆက်လက်ထောက်ပံ့ပေးပါရန် ဤအစည်းအဝေးမှ အဆိုပြုပါသည်။ အသက်မွေးဝမ်းကျောင်းသင်တန်းများနှင့် ဖွံ့ဖြိုးတိုးတက်မှု ကျွမ်းကျင်အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရေးအတွက် ဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်များနှင့် လက်တွဲဆောင်ရွက်ရန် သဘောတူညီပါသည်။

၁၃။ မဲခေါင်မြစ်ဝှမ်းပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်မှ စီအယ်လ်အမ်ဗွီနိုင်ငံများအား ထောက်ပံ့မှုများ ပေးခဲ့သည့်အတွက် ဂျပန်နိုင်ငံအစိုးရနှင့် အခြားသောဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်များကို ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြကြပါသည်။ စီအယ်လ်အမ်ဗွီဦးစားပေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရန် အရင်းအမြစ်များကို စဉ်ဆက်မပြတ် စီစဉ်ပေးမှုများအတွက် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးကို ချီးကျူးလိုပါကြောင်း ဖော်ပြ ပါသည်။ ကျွန်ုပ်တို့အနေဖြင့် စီအယ်လ်အမ်ဗွီနိုင်ငံများ၏ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုကွာဟချက် ကျဉ်းမြောင်းစေရန် အကောင်အထည်ဖော်လျက်ရှိသည့် စီမံကိန်းများ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အခြားသော ဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်အဖွဲ့အစည်းများမှ ကူညီထောက်ပံ့ပေးရန် မေတ္တာရပ်ခံကြောင်း ဖော်ပြကြပါသည်။

၁၄။ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများဆောင်ရွက်ရာ၌ ပုဂ္ဂလိကကဏ္ဍ၏ အရေးပါမှုကို ထည့်သွင်းစဉ်းစားသော အားဖြင့် စီအယ်လ်အမ်ဗွီလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရာတွင် ပုဂ္ဂလိကကဏ္ဍမှ ပိုမိုတက်ကြွစွာ ပါဝင်ဆောင်ရွက်မှုကို အားပေးသွားရန် သဘောတူညီကြပါသည်။

၁၅။ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်အသီးသီးအား တာဝန်ယူလျက်ရှိသော လုပ်ငန်းအဖွဲ့များမှ ပုံမှန်အစည်းအဝေးများခေါ်ယူလျက် မိမိတို့ တာဝန်ယူလျက်ရှိသော ကဏ္ဍများအောက်ရှိ စီမံကိန်းများ အကောင်အထည်ဖော်မှု ထိရောက်မှုရှိစေရန် စဉ်ဆက်မပြတ် ညှိနှိုင်းဆွေးနွေးရန် တိုက်တွန်းပါသည်။ ထို့ပြင် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေး လက်ခံကျင်းပမည့် နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးကို ပုံမှန်ကျင်းပသွားရန် သဘောတူညီပါသည်။

၁၆။ ဤပူးတွဲကြေညာချက်ပါ တာဝန်နှင့် စီမံကိန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် တိုးတက်မှုအစီရင်ခံစာများအား ပြည်ထောင်စုဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ သက်ဆိုင်ရာနိုင်ငံအကြီးအကဲများထံသို့ စဉ်ဆက်မပြတ် အစီရင်ခံသွားရန် တာဝန်ပေးအပ်ပါသည်။

၁၇။ (၈)ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးကို ဗီယက်နမ်နိုင်ငံ၌ ကျင်းပရန် ကမ်းလှမ်းမှုကို ကြိုဆိုကြပါသည်။ အစည်းအဝေးကျင်းပမည့် နေ့ရက်နှင့် နေရာအတိအကျကို သံတမန်လမ်းကြောင်းမှတစ်ဆင့် ညှိနှိုင်းသွားမည်ဖြစ်ပါသည်။

၁၈။ (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးကို ကောင်းမွန်စွာ စီစဉ်ထားရှိမှုနှင့် ထိပ်သီးအစည်းအဝေးကာလအတွင်း နေပြည်တော်တွင် နေထိုင်စဉ် နွေးထွေးလှိုက်လှဲစွာ ဧည့်ဝတ်ကျေပွန်မှုများအတွက် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံအကြီးအကဲများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရအား ကျေးဇူးအထူးတင်ရှိပါကြောင်း ဖော်ပြပါသည်။

၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နေပြည်တော်၌ ထုတ်ပြန်ခဲ့ပါသည်။

❖❖❖

# ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်

နေပြည်တော် ဇွန် ၂၂

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မာန်အောင်မြို့တွင် ၄ ဒသမ ၂၁ လက်မ၊ စစ်တွေမြို့တွင် ၃ ဒသမ ၆၆ လက်မ၊ မော်လမြိုင်မြို့တွင် ၃ ဒသမ ၆၂ လက်မ၊ မောင်တောမြို့တွင် ၃ ဒသမ ၅၈ လက်မ၊ ဂွမြို့နှင့် မြောက်ဦးမြို့တို့တွင် ၃ ဒသမ ၀၇ လက်မစီ၊ ရေးမြို့တွင် ၂ ဒသမ ၉၁ လက်မ၊ ပလက်ဝမြို့တွင် ၂ ဒသမ ၇၂ လက်မ၊ တောင်ကုတ်မြို့တွင် ၂ ဒသမ ၆၄ လက်မ၊ ကျောက်တော်မြို့နှင့် ကျောက်ဖြူမြို့တို့တွင် ၂ ဒသမ ၆၀ လက်မစီ၊ မချမ်းဘောမြို့နှင့် ပေါင်မြို့တို့တွင် ၂ ဒသမ ၀၉ လက်မစီ၊ နေပြည်တော် (စ. က. က-၆)တွင် ၂ ဒသမ ၁၄ လက်မတို့ဖြစ်ကြသည်။

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

## နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

ပြည်တွင်းရေးရာ

# မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး နယ်ပယ် ၁၂ ခုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဇွန် ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းအား ယနေ့ ညနေ ၃ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ တွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး နယ်ပယ် ၁၂ ခုကို အရှိန်အဟုန်မြှင့်ပူးပေါင်းဆောင်ရွက်ရေး၊ ဘဏ်လုပ်ငန်း၊ စွမ်းအင်ကဏ္ဍ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏကို အမေရိကန်ဒေါ်လာသန်း ၅၀၀ အထိ ရောက်ရှိရန် ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသတွင်း လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် အာဆီယံနိုင်ငံများအကြား တညီတညွတ်တည်း ပူးပေါင်းဆောင်ရွက်ရေး၊ ကော်ဖီ၊ ငရုတ်ကောင်းနှင့် သီဟိုဠ် စိုက်ပျိုးရေးလုပ်ငန်းများတွင် အတွေ့အကြုံ ဖလှယ်ရေး၊ ဗီယက်နမ်နိုင်ငံ၏ အသက်မွေးဝမ်းကျောင်းသင်တန်းများ ထူထောင်မှုအတွေ့အကြုံများကို ဖလှယ်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးရဲထွဋ်၊ ဦးဉာဏ်ထွန်းအောင်၊ ဦးဝင်းမြင့်၊ ဒေါက်တာကံဇော်၊ ဦးဌေးအောင်၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗီယက်နမ်ဝန်ကြီးချုပ်နှင့်အတူ ဗီယက်နမ် ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဗိုသန်ဆွန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။



(သတင်းစဉ်)

# အက်မက်စ် စီးပွားရေးဖိုရမ်သည် ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လာစေရန် မှတ်တိုင်တစ်ခုဖြစ်

**နေပြည်တော် ဇွန် ၂၂**

မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့ ပါဝင်ဖွဲ့စည်းထားသည့် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (Ayeyawady- ChaoPhraya - Mekong Ecomomic Cooperation Strategy- ACMECS) အက်မက်စ် စီးပွားရေးဖိုရမ်ကို ယနေ့နံနက်ပိုင်းက နေပြည်တော် Kempinski ဟိုတယ်၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ယနေ့ကျင်းပသည့် အက်မက်စ်စီးပွားရေးဖိုရမ်သည် ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လာစေရန် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအကြား ရင်းနှီးစွာပူးပေါင်းဆောင်ရွက်မှုမှတ်တိုင်တစ်ခုအဖြစ် ကိုယ်စားပြုပါကြောင်း၊ အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတို့အတွက် အလွန်အရေးပါသည့် အခန်းကဏ္ဍဖြစ်သည်ကိုလည်း ငြင်း၍မရပါကြောင်း၊ ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကို လျော့ကျစေရေးနှင့် အက်မက်စ်အဖွဲ့ ပိုမိုတောင့်တင်းခိုင်မာရေးအတွက် နည်းလမ်းများကိုလည်း တွေ့မြင်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် အက်မက်စ်ပါဝင်မှုကဏ္ဍကို ပိုမိုမြှင့်တင်နိုင်စေရန် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုကိုတိုးမြှင့်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။




ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) အထွေထွေအတွင်းရေးမှူးချုပ် ဦးမိုးမြင့်ကျော်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ ၂၀၁၆-၂၀၁၈ အက်မက်စ်လုပ်ငန်း စီမံချက်မဟာဗျူဟာအပေါ် အက်မက်စ်စီးပွားရေးကောင်စီ၏ အကြံပြုတင်ပြချက်များကို အက်မက်စ် စီးပွားရေးကောင်စီ(မြန်မာ)အထွေထွေအတွင်းရေးမှူး (UMFCCI) ဗဟိုအလုပ်အမှုဆောင် ဦးမိုးကျော်က ရှင်းလင်းဆွေးနွေးသည်။

အက်မက်စ် စီးပွားရေးဖိုရမ်တွင် ၂၀၁၆ - ၂၀၁၈ ခုနှစ်အတွင်း ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အဆင်ပြေချောမွေ့စေရေး၊ စိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ စက်မှုနှင့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူ့အကျိုးပြု ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှု ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးမိတ်ဖက်များ ဖွံ့ဖြိုးတိုးတက်လာစေရေး စသည့်ကဏ္ဍများကို အက်မက်စ် ငါးနိုင်ငံမှကိုယ်စားပြု တက်ရောက်လာသော ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များက ဆွေးနွေးခဲ့ကြသည်။

အိမ်နီးချင်းနိုင်ငံများအကြား ကုန်သွယ်မှုပိုမိုလျင်မြန်စွာ စီးဆင်းနိုင်ရန်၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ အကောင်အထည်ဖော်နိုင်ရေး တိုးမြှင့်လုပ်ဆောင်နိုင်ရန်အတွက် အဆိုပါဆွေးနွေးတင်ပြချက်များကို ဇွန် ၂၃ ရက်တွင်ကျင်းပမည့် အက်မက်စ် ထိပ်သီးအစည်းအဝေးတွင် အဖွဲ့ဝင် ငါးနိုင်ငံမှ ကိုယ်စားပြုတက်ရောက်လာကြသော ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များက နိုင်ငံခေါင်းဆောင်များနှင့်တွေ့ဆုံ၍ တင်ပြသွားမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် မြန်မာ - ထိုင်း စီးပွားရေးကောင်စီဥက္ကဋ္ဌ ဦးမိုးမြင့်ကျော် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ထိုင်း - မြန်မာ စီးပွားရေးကောင်စီဥက္ကဋ္ဌ Mr. Panitarn Pavarolavidya ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံကာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမူဘောင်၊ ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းနယ်ပယ်များ၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် အစီအမံများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယနေ့ ကျင်းပသည့် အက်မက်စ်စီးပွားရေးဖိုရမ်သည် ၂၀၁၃ ခုနှစ် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပခဲ့သော အက်မက်စ်စီးပွားရေးဖိုရမ်တွင် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် Plan of Action ၂၀၁၃ - ၂၀၁၅ နှင့်ပတ်သက်၍ အကျိုးသက်ရောက်မှုများအား ပြန်လည်သုံးသပ်ဆွေးနွေးပြီး Plan of Action ၂၀၁၆ - ၂၀၁၈ ကို ချမှတ်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အဆိုပါ ဖိုရမ်ကျင်းပစဉ်အတွင်း ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဖိုရမ်သို့ တက်ရောက်လာကြသည့် အက်မက်စ်အဖွဲ့ဝင် ငါးနိုင်ငံမှ စီးပွားရေးအသင်းအဖွဲ့ခေါင်းဆောင်များနှင့်တွေ့ဆုံပြီး မြန်မာနှင့် အက်မက်စ်နိုင်ငံများအကြား ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အလားအလာများနှင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့နိုင်သည့် အခက်အခဲများအား ပူးပေါင်းဖြေရှင်းသွားနိုင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

# မြန်မာအမျိုးသမီးများနေ့ ကြိုဆိုဂုဏ်ပြု စာတမ်းဖတ်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၂**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စာတမ်းဖတ်ပွဲကို ဇွန် ၁၅ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးဗဟိုဌာန၌ ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာခင်မာထွန်းက ဆောင်ရွက်သည်။

အစီအစဉ်အရ စာတမ်းရှင် ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက "မြန်မာအမျိုးသမီးများဘဝ စွမ်းဆောင်ရည်မြင့်မားစေဖို့ဝိုင်းဝန်းကြိုးပမ်းကြပါစို့"နှင့် "စက်မှုဇုန်ရောက်အမျိုးသမီးငယ်ထု၏ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထောက်အကူပြုစာတမ်း"၊ ဒေါက်တာရင်ရင်နွယ်က "ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ"နှင့် ဒုတိယရဲမှူးကြီး ခင်သန်းကြည်က "အမျိုးသမီးများအား အကြမ်းဖက်ခြင်းဆိုင်ရာ အသိပညာပေးရေး"စာတမ်းများကို ဖတ်ကြားကြပြီး တက်ရောက်လာကြသူများက စာတမ်းများနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးကြရာ သဘာပတိက အကြံပြုဆွေးနွေးသည်။ ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်နီနီဝင်းက စာတမ်းရှင်သုံးဦးတို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် အလှူငွေပေးအပ်ပွဲကို မွန်းလွဲ ၂ နာရီတွင် ဆက်လက်ကျင်းပရာ အဖွဲ့ချုပ်ဥက္ကဋ္ဌက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး အလှူရှင်များက အလှူငွေများ လှူဒါန်းကြရာ အဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

(သတင်းစဉ်)

# ဒေါပုံမြို့နယ် သီတာနွယ်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်

**ရန်ကုန် ဇွန် ၂၂**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် သီတာနွယ်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဇွန် ၂၀ ရက် နံနက် ၇ နာရီက ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးလှမြင့်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေနှင့် သီတာနွယ်လမ်း သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ သီတာနွယ်လမ်း ကွန်ကရစ်လမ်းသစ်ကို မြို့တော်စည်ပင်သာယာရေးကော်မတီမှ မတည်ငွေကျပ် ၆၉၅ သိန်းနှင့် စေတနာရှင် လမ်းသူ၊ လမ်းသားများ၏ ထည့်ဝင်လှူဒါန်းငွေကျပ်သိန်း ၁၆၀ စုစုပေါင်း ၈၅၅ သိန်းဖြင့် အရှည်ပေ ၁၇၂၀၊ အနံ ပေ ၂၀၊ အမြင့် ခြောက်လက်မထုရှိ ကွန်ကရစ်လမ်းအဖြစ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အေးသန်း(ဒေါပုံ)

# နယ်လှည့်ဆေးကုသရေးအဖွဲ့ အခမဲ့ဆေးကုသ

**မယ်စဲ့ ဇွန် ၂၂**

ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ် နမ့်မန်းကျေးရွာအုပ်စု နမ့်မန်းကျေးရွာ၌ မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး ဒေါက်တာ ဦးထင်လင်းကျော် ဦးဆောင်သော နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ဇွန် ၂၀ ရက် နံနက် ၉ နာရီက ကျေးရွာနေလူထုများအား အခမဲ့ဆေးကုသပေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြန်/ဆက်)

# အမျိုးသားပညာရေးဥပဒေနှင့် ဆက်စပ်ဥပဒေများ ရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇွန် ၂၂**

အမျိုးသားပညာရေးဥပဒေနှင့် ဆက်စပ်ဥပဒေများရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီတို့ တက်ရောက်မှာကြားပြီး ညှိနှိုင်းဆွေးနွေးကြသည်။**(ယာပုံ)**

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်၊ ဒေါက်တာ ဇော်မင်းအောင်၊ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ စိုးဝင်း၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာနနှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနတို့အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့နှင့် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေး လုပ်ငန်းမှ ပညာရှင်များ၊ အကြံပေးများ၊ ပါမောက္ခချုပ်များ၊ ဥပဒေပညာဌာနများမှ ပါမောက္ခများနှင့် တာဝန်ရှိသူများ၊ ပုဂ္ဂလိကကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပုဂ္ဂလိက ပညာရေးဥပဒေ(မူကြမ်း)၊ အခြေခံပညာရေးဥပဒေ(မူကြမ်း)နှင့် နည်းပညာနှင့် သက်မွေးပညာရေး ဥပဒေ(မူကြမ်း)တို့ကို အခန်းလိုက်အသေးစိတ် ဆွေးနွေးညှိနှိုင်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျွန်တော်တို့ နိုင်ငံအနေနဲ့ လုပ်ငန်းခွင်အေးချမ်းတည်ငြိမ်နိုင်တဲ့ရလဒ်ကို ပူးပေါင်းပြီးဆောင်ရွက်ဖို့ အရေးကြီးတယ်

ဦးအောင်လင်း

**ပြည်သူလူထုနှင့် သတင်းမီဒီယာများကြားတွင် ရေပန်းစားနေသည့် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။ အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ပုဂ္ဂိုလ်များအား အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာနှင့် စပ်လျဉ်းပြီး သဘောထားအမြင်များကို မေးမြန်းတင်ပြလိုက်ပါသည်။**



ဦးအောင်လင်း
(ဥက္ကဋ္ဌ-မြန်မာနိုင်ငံ
အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်)



ဦးမြင့်စိုး
(အထည်ချုပ်လုပ်ငန်းရှင်များ
အသင်းဥက္ကဋ္ဌ)



ဒေါ်ခင်ဝိုင်းကြည်
(အမျိုးသားလွှတ်တော်
ကိုယ်စားလှယ်)



ဒုတိယဝန်ကြီးဒေါ်ဝင်းမော်ထွန်း
(အလုပ်သမား၊ အလုပ်အကိုင်နှင့်
လူမှုဖူလုံရေးဝန်ကြီးဌာန)



ဒေါက်တာဇော်ဦး
(နိုင်ငံတော်သမ္မတ၏
စီးပွားရေးအကြံပေး)

**ဦးအောင်လင်း(ဥက္ကဋ္ဌ-မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်)**

အမျိုးသားကော်မတီကို ကျွန်တော်တို့အဖွဲ့ချုပ်က အနည်းဆုံးလုပ်ခလစာ သတ်မှတ်တဲ့အခါ အလုပ်ချိန် ၈ နာရီအတွင်း တစ်နေ့ ငွေကျပ် ၄၀၀၀ နှုန်းနဲ့ပေးဖို့ တင်သွင်းထားတယ်။ လျော့ကျပြီး မသတ်မှတ်ဖို့အတွက် ကျွန်တော်တို့ အဆိုတင်သွင်းခဲ့တာ ရှိပါတယ်။ အချို့လုပ်ငန်းရှင်တွေက ငွေကျပ် ၄၀၀၀ မပေးနိုင်ဘူးဆိုတဲ့ အသံတွေထွက်လာပါတယ်။ အလုပ်ရုံဆွေးနွေးပွဲမှာ မပေးနိုင်ဘူးပြောတဲ့ အလုပ်ရှင်များကို နိုင်ငံတော်အစိုးရအနေနဲ့ သူတို့ရဲ့ အခက်အခဲတွေကို ဘယ်လို ကူညီမယ်၊ ဘယ်လို ပံ့ပိုးပေးမယ်၊ ဘယ်လို ဖြေရှင်းပေးမယ်ဆိုတာ ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် ပြောနေပါပြီ။ အလုပ်သမား၊ အလုပ်ရှင်၊ အစိုးရ သုံးပွင့်ဆိုင်ဖြေရှင်းရမယ့် ကိစ္စဖြစ်တယ်။ ဒါက ပေါက်ကွဲရမယ့် ပြဿနာမဟုတ်ဘူး။ အစိုးရကလည်း သူတာဝန်ယူရမယ့်အပိုင်းကို ပြောသွားပြီ။ အလုပ်ရှင်တွေကိုလည်း သူတို့တာဝန်ယူရမယ့် အပိုင်းနဲ့ အရည်အသွေးမြှင့်တင်ဖို့ဆိုတာတွေ ထောက်ပြချင်တယ်။ ဒါဆိုနောက်ပိုင်းဖြစ်လာမယ့် ပြဿနာတွေကို လျှော့ချပြီးသား ဖြစ်ပါလိမ့်မယ်။ အလုပ်သမားတွေ လမ်းပေါ်ထွက် ဆန္ဒပြလာတာမျိုးပါ။ အလုပ်သမားရေးရာအငြင်းပွားမှုဥပဒေကလည်း ရှိပြီးသားဖြစ်ပါတယ်။ ရွှေပြည်သာ၊ လှိုင်သာယာလို ပြဿနာမျိုးတွေ နောက်ထပ်မဖြစ်ပွားဖို့ လိုတယ်။ ၂၀၁၁ ကနေ ၂၀၁၃ အထိ ဖြစ်ခဲ့တဲ့ ပြဿနာကို ကြည့်ရင် လုပ်ငန်းခွင်ဆက်ဆံရေးမပြေလည်မှုကြောင့်ဖြစ်နေရာက နောက်ပိုင်း အလုပ်သမားလုပ်ခလစာ တိုးမြှင့်ရေးဆိုပြီးဖြစ်လာတယ်။ ဒီပြဿနာကို အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ဖြေရှင်းတာဟာ အခုဆို အနည်းဆုံးအခကြေးငွေသတ်မှတ်ဖို့ နောက်ဆုံးအဆင့်ကို ရောက်နေပြီ။ ကျွန်တော်တို့နိုင်ငံအနေနဲ့ အကောင်းဆုံးရလဒ်ကို ဖော်ဆောင်နိုင်ဖို့ အရေးကြီးတယ်။ လုပ်ငန်းခွင်အေးချမ်းတည်ငြိမ်နိုင်တဲ့ ရလဒ်ကို ပူးပေါင်းပြီးဆောင်ရွက်ဖို့ အရေးကြီးတယ်။ အဆင်မပြေဘူးဆိုတာနဲ့ ဘေးထွက်ထိုင်နေလို့ မရပါဘူး။ လုပ်ငန်းရှင်တွေကို အနူးညွတ်မေတ္တာရပ်ခံချင်တာက အကောင်းဆုံး ပူးပေါင်းပြီး ဆောင်ရွက်မှုကို လိုချင်ပါတယ်လို့ ပြောချင်ပါတယ်။

**ဦးမြင့်စိုး(အထည်ချုပ်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ)**

အခုဖြစ်ပေါ်နေတဲ့ အထည်ချုပ်လုပ်ငန်းတွေမှာ အနည်းဆုံးအခကြေးငွေနဲ့ ပတ်သက်လို့ရှိရင် အမျိုးမျိုးပြောနေကြတာရှိတယ်။ အထည်ချုပ်လုပ်ငန်းရှင်များကနေ တစ်ရက်ကို ငွေကျပ် ၁၅၀၀ ပေးဖို့ အဆိုတင်ပြထားတာရှိတယ်။ အဲဒီ ငွေကျပ် ၁၅၀၀ တင်ပြတဲ့အထဲမှာ လကုန်အချိန်မှာဆိုကျပ်ငွေကိုးသောင်းကနေ တစ်သိန်းအထိရဖို့ရာ အာမခံထားတာရှိတယ်။ အနည်းဆုံးအခကြေးငွေဆိုတာ အလုပ်ရှင်က အလုပ်သမားကိုပေးရမယ့်ငွေကြေး၊ လုပ်အားပေးတဲ့အတွက် အလုပ်ရှင်က ပေးရမယ့် ငွေကြေး အဲဒီငွေကြေးထဲမှာလုပ်အားခကိုပဲဖြစ်ဖြစ်၊အချိန်ပိုလုပ်အားခကိုပဲဖြစ်ဖြစ်၊ အကျင့်စာရိတ္တကောင်းလို့ အလုပ်ရှင်ကပေးတဲ့ အခကြေးငွေကိုပဲဖြစ်ဖြစ်၊ တခြားဆုကြေးများကိုပဲဖြစ်ဖြစ် ပါဝင်တယ်လို့ဆိုထားတဲ့အတွက် အထည်ချုပ်လုပ်ငန်းရှင်များ အသင်းကနေပြီးတော့ လုပ်ငန်းရှင်တွေက ငွေကျပ် ၁၅၀၀ ဆိုတဲ့ငွေကို အဆိုပြုရခြင်း ဖြစ်ပါတယ်။ ဒီအပေါ်မှာ အထည်ချုပ်လုပ်ငန်းရှင်တွေက အလုပ်သမားတွေကို တစ်ရက် ငွေကျပ် ၁၅၀၀ ပဲ ပေးမယ်ဆိုတာ အချို့မီဒီယာတွေက ဖော်ပြနေတာ ဝမ်းနည်းဖွယ် တွေ့နေရပါတယ်။ ကျွန်တော်တို့က အဲဒီနှစ်ခုကို ချိတ်ဆက်ပြီး ပြောပြတာပါ။ အဲဒီပေးတဲ့ငွေကြေးနဲ့ လကုန်ပေးတဲ့ ငွေကြေးကို ပြောရခြင်းဟာ အနည်းဆုံးအခကြေးငွေ ပုဒ်မ ၂ ပုဒ်မခွဲ (င) အပေါ်မှာ အခြေခံပြီး ပြောခြင်းဖြစ်တယ်ဆိုတဲ့အကြောင်း အများပြည်သူ သိအောင်ပြောချင်ပါတယ်။

**ဒေါ်ခင်ဝိုင်းကြည် (အမျိုးသား လွှတ်တော်ကိုယ်စားလှယ်)**

မြန်မာနိုင်ငံ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ ရှိနေတဲ့ အလုပ်ရှင်၊ အလုပ်သမားတွေနဲ့ ပတ်သက်တာ အားလုံးဆွေးနွေးမှာ ဖြစ်ပါတယ်။ တကယ်တမ်းကျတော့ အခြေအနေတွေက အများကြီး ကွဲပြားပါတယ်။ လွယ်တော့မလွယ်ပါဘူး။ ကောင်းတဲ့ရလဒ်ထွက်လာမယ့် သဘောရှိပါတယ်။ အလုပ်သမားလေးတွေမှာ နောက်ကျကြေးနဲ့ ပတ်သက်ပြီး နစ်နာနေတာတွေရှိတယ်။ ဒီမှာ အကုန်လုံးနှစ်ဖက်မျှမျှတတဖြစ်အောင် ဆုံးဖြတ်ပြီး လုပ်ရင်ကောင်းမယ်လို့ ယူဆတယ်။ အနည်းဆုံးအခကြေးငွေသတ်မှတ်လို့ တက်လာမယ့် ကုန်ဈေးနှုန်းကို အစိုးရက ထိန်းညှိပေးဖို့လိုတယ်။ လုံလောက်တဲ့ မူဝါဒတွေချမှတ်မယ်။ နိုင်ငံတော်က ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်နေတဲ့အခါ ချမှတ်တဲ့စည်းမျဉ်းစည်းကမ်း၊မူဝါဒတွေအပေါ်မှာ လူတွေကလိုက်နာဖို့လိုတယ်။ ကုန်ပစ္စည်းလျှောင်တာတို့၊ ကုန်ပစ္စည်းကို လိုချင်တဲ့အတိုင်းအတာရမှ ထုတ်ရောင်းတာတို့ အဲဒါကို အစိုးရက ဂရုစိုက်ပြီး ထိန်းချုပ်ပေးသင့်တယ်လို့ထင်တယ်။

**ဒုတိယဝန်ကြီးဒေါ်ဝင်းမော်ထွန်း (အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)**

တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ တာဝန်ခံနေတဲ့ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေး ကော်မတီဥက္ကဋ္ဌတွေ၊ နိုင်ငံရေးပါတီတွေ၊ စီးပွားရေးပညာရှင်တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ ပါဝင်ဆွေးနွေးကြမှာဖြစ်ပါတယ်။ ဆွေးနွေးပွဲက ဇွန် ၂၂ ရက်ကနေ ၂၃ ရက်အထိဆွေးနွေးမယ်။ အဖြေကိုညှိမယ်။ ဇွန် ၂၄ ရက်မှာ ဒီဆွေးနွေးပွဲရဲ့ ရလဒ်တွေကို အဆိုပြုနှုန်းထားတစ်ခု ထွက်ဖို့လုပ်နေတယ်။ ကုန်ဈေးနှုန်းကလည်း တက်နေမယ်။ လုပ်ခလစာအနေအထားက တော်တော်ညှိနှိုင်းယူရမှာပါ။ ဒါမှလည်း အလုပ်သမားရတဲ့ လစာက သူ့အတွက်ဖူလုံမှာပါ။ ညှိနှိုင်းရမယ့်အထဲမှာ စဉ်းစားရမယ့်အထဲမှာ၊ ကုန်ဈေးနှုန်းကိစ္စလည်း ပါတယ်။ အနည်းဆုံးအခကြေးငွေသတ်မှတ်ဖို့ အမျိုးသားအဆင့်မှာ ဆွေးနွေးခဲ့တာ (၆)ကြိမ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အစိုးရ၊ အလုပ်ရှင်နဲ့ အလုပ်သမားအဖွဲ့အစည်းတွေ ပါဝင်တဲ့ ဆွေးနွေးပွဲက ၃၀ ကျော်ပါပြီ။ ဒီနေ့နဲ့ မနက်ဖြန် ဆွေးနွေးမှာက အရေးကြီးပါတယ်။ပညာရှင်တွေ ဆွေးနွေးမှာဖြစ်သလို အလုပ်ရှင်တွေ၊ အလုပ်သမားတွေကလည်းဆွေးနွေးကြမှာပါ။ ဒီအလုပ်ရုံ ဆွေးနွေးပွဲဟာ အနည်းဆုံးအခ ကြေးငွေသတ်မှတ်ရေးအတွက် တော်တော်ထူးခြားမှုရှိမယ်လို့ ပြောချင်ပါတယ်။

**ဒေါက်တာဇော်ဦး (နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး)**

ခေတ်မီဖွံ့ဖြိုးတဲ့ နိုင်ငံတော်ကြီးဖြစ်ဖို့ ပန်းတိုင်ကို ရောက်ဖို့ဆိုတာ အစတစ်ခုက စရတယ်။ အနည်းဆုံးအခကြေးငွေဆိုတဲ့ဟာက မစလို့မရတော့ဘူး။ စလိုက်တာနဲ့လည်း ပြီးမသွားဘူး။ ဆက်ပြီးလုပ်ရမယ့် အပိုင်းတွေရှိတယ်။ လက်ဆင့်ကမ်းပြေးပွဲလိုပေါ့ဗျာ။ အလုပ်သမားတွေကနေစပြီး ပြေးခိုင်းလိုက်တယ်။ နောက်တစ်ဆင့်ပြေးဖို့ လိုနေတာ အလုပ်ရှင်တွေ ပြေးရတော့မယ်။ အလုပ်ရှင်တွေပြေးဖို့ဆိုတာ အားအင်ချည့်နဲ့လို့မရဘူး။ နိုင်ငံတော်ဘက်က ပံ့ပိုးပေးဖို့လိုလာတယ်။ အလုပ်သမားတွေကိုလည်း လုပ်အားစွမ်းအင် တိုးတက်အောင်လုပ်ဖို့ လိုနေတယ်။ အလုပ်ရှင်ဘက်က လုပ်ငန်းခွင်မှာ သင်ကြားပေးရမယ့် ကိစ္စတွေရှိတယ်။ အစိုးရဘက်ကလည်း အဲဒီလို သင်ကြားပေးတဲ့သူတွေကို ပံ့ပိုးဖို့ကိစ္စတွေရှိမယ်။ သင်တန်းကျောင်းတွေ ထောင်ပေးရမယ့်ကိစ္စတွေ ရှိမယ်။ အလုပ်ရှင်ရော၊ အလုပ်သမားရော ပြေးပြီးပြီဆိုရင် အစိုးရဘက်မှာလည်း တည်ဆောက်ရေးတွေကို ကြီးကြီးမားမား တည်ဆောက်ဖို့ လိုတယ်။ အထည်ချုပ်အပြင် အခြားအရေးကြီးတဲ့ဇုန်တွေ လုပ်ပေးဖို့ လိုတယ်။ ဒါတွေနဲ့ ပတ်သက်တဲ့ သီးခြားပို့ကုန်မြှင့်တင်ရေး မဟာဗျူဟာတင်မကတော့ဘူး။ နည်းဗျူဟာပါ လက်ဆင့်ကမ်းပြီး တစ်ဆင့်ပြီးတစ်ဆင့် အလှည့်ရောက်တိုင်း ကြိုးကြိုးစားစား လုပ်မယ်ဆိုရင် ပန်းတိုင်ကိုရောက်မယ်။ ဒါလေးကို သုံးဦးသုံးဖလှယ် win-win ဖြစ်အောင် နိုင်ငံတကာ သင်ခန်းစာတွေဟာ ကျွန်တော်တို့အတွက် အားယူစရာ သင်ခန်းစာ ဖြစ်နိုင်အောင် တင်ပြခဲ့ပါတယ်။ ။

သတင်း-သီသီမင်း
ဓာတ်ပုံ-
ခင်မောင်ဝင်း(ကြေးမုံ)

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှာ အဓိကကျ



**နေပြည်တော်  ဇွန်  ၂၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဇွန် ၂၁ ရက် နံနက်ပိုင်းတွင် ဖြူးမြို့သပြေတန်းကျောင်းတိုက်၌ နိုင်ငံတော်မှချီးမြှင့်သည့် သာသနာဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသည့် ဖြူးမြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ဆက်ကပ်လှူဒါန်းပူဇော်ပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကာ ဆရာတော်များ၏ ဩဝါဒများကို နာယူခဲ့သည်။

ထို့နောက် ဖြူးမြို့နယ်ခန်းမဖွင့်ပွဲနှင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြူးမြို့နယ်မှ ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် အောင်ချက်အကောင်းဆုံးကျောင်းများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။

ဖွင့်ပွဲတွင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်၊ မြို့မိမြို့ဖဦးအင်းရှောက်နှင့် ဆရာကြီး ဦးထွန်းရိုန်တို့က မြို့နယ်ခန်းမသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြို့နယ်ခန်းမဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး **(အပေါ်ယာပုံ)** ကမ္ပည်းမော်ကွန်းကြေးပြားကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် ဖြူးမြို့နယ်ခန်းမနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကို မြို့နယ်ခန်းမဆောက်လုပ်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိထံ လွှဲပြောင်းအပ်နှံသည်။

ယင်းနောက် ဖြူးမြို့နယ်အတွင်းရှိ ဘက်စုံထူးချွန်လူရည်ချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ ဖြူးမြို့နယ်ခုတင်(၁၀၀) ဆေးရုံကြီးကြပ်မှုကော်မတီအား ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ ဖြူးမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့အား ဂုဏ်ပြုဆုငွေများကိုလည်းကောင်း တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာကျော်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဂုဏ်ထူးရရှိသည့် ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသည့် ကျောင်းများ၊ မြို့နယ်အတွင်းရှိ ကျောင်းအားလုံးတို့မှ ကျောင်းအုပ်ဆရာ ဆရာမကြီးများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးနှင့် အောင်ချက်အကောင်းဆုံးပထမရရှိသည့် ကညွတ်ကွင်းမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးတို့က ကျေးဇူးတင်စကားပြောကြားကြပြီး မြို့နယ်ပညာရေးမှူးက အောင်ချက်မြင့်မားရေးအတွက် ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍ ရှင်းလင်းသည်။

ဆက်လက်၍ ဖြူးမြို့နယ်အတွင်း ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို မြို့မိမြို့ဖတစ်ဦးနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ ဖြူးမြို့၌ မြို့ကျက်သရေဆောင်ခန်းမကြီး ပေါ်ထွက်လာခြင်းမှာ တိုင်းဒေသကြီးအစိုးရနှင့် စေတနာရှင် အလှူရှင်များ၏ လှူဒါန်းမှုကြောင့် ဖြစ်ပါကြောင်း၊ ယခုခန်းမကြီးကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းသွားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှာ အဓိကကျပါကြောင်း၊ သို့ဖြစ်၍ ဖြူးမြို့သူ၊ မြို့နယ်သားများ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရန်မှာ ပညာရေးကောင်းမွန်ရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် ပညာရေးကို အလေးထားသင်ကြားရန် လိုအပ်ပြီး ပညာသင်ကြားရာတွင် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကောင်းမွန်ရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရန်အတွက် စီမံဆောင်ရွက်ပေးနေပါကြောင်း၊ သို့သော်လည်း အကြောင်းအမျိုးမျိုးတို့ကြောင့် စာသင်ကျောင်းသို့ မပို့နိုင်သည့် ကျောင်းနေအရွယ်ကလေးများကို ရပ်ကွက်၊ ကျေးရွာများနှင့် မြို့နယ်အဆင့် တာဝန်ရှိသူများက လူမှုရေးစိတ်ဓာတ်ဖြင့် စာသင်ကျောင်းများသို့ ပို့ဆောင်ပေးရမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများကလည်း စေတနာထား၍ ကျောင်းသား ကျောင်းသူများကို စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်သော ပညာရည်ထူးချွန်သူများဖြစ်အောင် လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ပါကြောင်း၊ သို့မှသာ နိုင်ငံတော်အတွက် အားကိုးအားထားရသည့်လူငယ်များ ပေါ်ထွက်လာမည်ဖြစ်ပါကြောင်း၊ စိတ်ဓာတ်ကောင်းမွန်ပြီး အချိန်ကိုအကျိုးရှိရှိ အသုံးချနိုင်မှသာ မိမိဒေသအတွက်သာမက နိုင်ငံတော်အတွက်ပါ အားကိုးအားထားပြုနိုင်မည်ဖြစ်သည့်အတွက် ကြိုးစားဆောင်ရွက်စေလိုကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ညောင်ပင်သာ-ကညင်ဒိုင်းကျေးရွာချင်းဆက်လမ်း ကျောက်ချောလမ်း အဆင့်မြှင့်တင်ထားမှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ကညင်ဒိုင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများအားတွေ့ဆုံကာ ကျောင်းအတွက် ထောက်ပံ့ငွေနှင့် ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဖြည့်ဆည်းညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဖြူး-ဘန်းလောင်လမ်းအားကြည့်ရှုပြီး သာယာကုန်းကျေးရွာမှ ဒေသခံပြည်သူများ၏ လျှပ်စစ်မီးလင်းရေးနှင့် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးနိုင်ရန် တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဇေယျဝတီမြို့ နန္ဒဂီရိစျေးကျောင်းတိုက်၌ ဒေသခံပြည်သူများအားတွေ့ဆုံပြီး ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များ တင်ပြမှုအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

**ပြည်သူ့လွှတ်တော်အစည်းအဝေး**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော်  ဇွန်  ၂၂**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၆၈)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းများတင်သွင်းခြင်းနှင့် အစီရင်ခံစာများ ဖတ်ကြားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။



မူဆယ်မဲဆန္ဒနယ်မှ
ဦးစိုင်းဘိုးအောင်။



ဒုတိယဝန်ကြီး
ဒေါက်တာပွင့်ဆန်း။

အစည်းအဝေးတွင် မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင်၏ **မူဆယ်မြို့တော်ရှက်ရပ်ကွက် ဟိုဆောင်နယ်မြေတွင် နယ်စပ်ဝင်ထွက်ပေါက် ဂိတ်တစ်ခု ထပ်မံဖွင့်လှစ်ပေးနိုင်ရန် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက အဆိုပါနယ်စပ်ဂိတ်ဖွင့်လှစ်လိုသည့် နယ်နိမိတ်မှတ်တိုင် အမှတ် ၈၂ နှင့် ၈၃ အကြား ဟိုဆောင်နယ်မြေတွင် နယ်စပ်ဝင်ပေါက်တစ်ခု ထပ်မံဖွင့်လှစ်ပေးရန်ကိစ္စသည် ကုန်သွယ်မှုကဏ္ဍ၊ ခရီးသွားလာရေးကဏ္ဍများအပါအဝင် အကျိုးရရှိနိုင်သည့် ကိစ္စရပ်ဖြစ်၍ ဆောင်ရွက်သင့်သော်လည်း နယ်နိမိတ်ညှိနှိုင်းရေးကိစ္စမှာ သဘောတူညီမှုမရရှိသေးသဖြင့် နိုင်ငံရေး၊ ကာကွယ်ရေးကဏ္ဍဆိုင်ရာ အရေးကြီးသည့် ကိစ္စရပ်ဖြစ်သည့်အတွက် နယ်နိမိတ် ညှိနှိုင်းရေးကိစ္စအား နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများ ပြီးပြတ်အောင်ညှိနှိုင်းဆောင်ရွက်၍ သဘောတူညီချက်ရရှိပြီးမှသာ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ မေးခွန်းနှစ်ခုနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ပြန်လည်ဖြေကြားသည်။

ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလမ်း၏ **ချင်းပြည်နယ် ထန်တလန်မြို့ရှိ တလန်ရွှား(က)ရွာအတွက် ကတိပြုထားသော ရွာချင်းဆက်လမ်း (၁၂)မိုင်အား မည်သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ထန်တလန်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ရန်ပုံငွေ ကျပ် ၁၀၅၈ ဒသမ ၂၄၅ သန်းဖြင့် မြေသားလမ်း (၅၈)မိုင် ဆောင်ရွက်ရန် ခွင့်ပြုပြီးဖြစ်ပါကြောင်း၊ တလန်ရွှား (က)-လအော်ချောင်းလမ်း (၄)မိုင်အား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေ၌ ဦးစားပေးအစီအစဉ်အတိုင်း ရန်ပုံငွေတင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသိန်းအောင်၏ **သံဖြူဇရပ်မြို့နယ် စက်စဲကျေးရွာအုပ်စုမှ ရသေ့တောင်ကျေးရွာသို့ ရွာချင်းဆက်လမ်း ကတ္တရာလမ်းခင်းရန်နှင့် စက်စဲကျေးရွာမှ ကမ်းနားလမ်း ကျိုက္ခမီသို့ ရွာချင်းဆက်လမ်းအား အသစ်တစ်ဖန် ပြန်လည်တည်ဆောက်ပေးရန်** မေးခွန်းနှင့်စပ်လျဉ်း၍ သံဖြူဇရပ်မြို့နယ်အတွင်းရှိ အဆိုပါလမ်းနှစ်လမ်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် လျာထားတင်ပြထားခြင်းမရှိသည့်အတွက် လတ်တလောတွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများအား ဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီက **ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ပြည်ထောင်စုရှေ့နေချုပ် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ နေပြည်တော်ကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ပြည်ထောင်စု တရားစီရင်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း**တို့အား လွှတ်တော်သို့ တင်သွင်းသည်။

ယင်းဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာဥပဒေအလိုက် အစီရင်ခံစာများကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

အဆိုပါ ဥပဒေကြမ်းများကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

## ဥတုရာသီ တောကိုမှီ၍

# အာဆီယံအသိုက်အဝန်း အောင်မြင်စွာထူထောင်နိုင်ရေး ဆက်လက်၍ လက်တွဲကြိုးပမ်းဆောင်ရွက်သွားမည်




**နေပြည်တော် ဇွန် ၂၂**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က အက်မက်စ်အဖွဲ့ဝင်နိုင်ငံများမှ အကြီးအကဲများအား ယနေ့ ည ၇ နာရီတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟို ဌာန-၁ ကျောက်စိမ်းခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။**

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ ထိုင်းနိုင်ငံတို့မှ အစိုးရအဖွဲ့အကြီးအကဲများ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယွတ်ချန်အိုချာ၏ ဇနီး၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယနိုင်ငံခြားရေးဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသော အက်မက်စ်အဖွဲ့ဝင်နိုင်ငံများမှ အကြီးအကဲများအား နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။**(အပေါ်ပုံ)**

ဂုဏ်ပြုညစာစားပွဲတွင် နိုင်ငံတော်သမ္မတက မိန့်ခွန်းပြောကြားရာ၌ အဆွေတော် ဝန်ကြီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များအားလုံးကို နေပြည်တော်က လှိုက်လှဲစွာကြိုဆိုပါကြောင်း။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။

(သတင်းစဉ်)

မိမိတို့ တစ်နိုင်ငံချင်းအလိုက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းတာဝန်များပြားလှသည့်ကြားမှ နေပြည်တော်တွင်ကျင်းပသည့် ထိပ်သီးအစည်းအဝေးများကို တက်ရောက်ကြသည့်အတွက် များစွာကျေးဇူးတင်ရှိပါကြောင်း။

ယင်းအချက်သည် အဆွေတော်တို့က မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်မှုအပေါ် အလေးထားမှုနှင့် ထိပ်သီးအစည်းအဝေးများအပေါ် ထောက်ခံအားပေးမှုများကို ထင်ဟပ်ဖော်ပြနေခြင်း ဖြစ်ပါကြောင်း။

ပြီးခဲ့သည့်နှစ်က အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ တာဝန်ကို ထမ်းဆောင်ခွင့်ရခဲ့ပြီး ယခုလို စီအယ်လ်အမ်ဗွီနှင့် အက်မက်စ် ထိပ်သီးအစည်းအဝေးများ ကျင်းပခွင့်ရသည့်အတွက်လည်း များစွာဝမ်းမြောက်မှု ဖြစ်ရပါကြောင်း။

ယနေ့ နေ့လယ်ပိုင်းတွင် (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ပူးတွဲကြေညာချက်တစ်ရပ်ကို အောင်မြင်စွာ ထုတ်ပြန်နိုင်ခဲ့ပါကြောင်း။

ဇွန် ၂၃ ရက် နံနက်ပိုင်းတွင် (၆) ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးကို ကျင်းပသွားမည်ဖြစ်ပြီး နေပြည်တော်ကြေညာချက်နှင့် ၂၀၁၆ - ၂၀၁၈ အက်မက်စ်လုပ်ငန်းအစီအစဉ်တို့ကို ထုတ်ပြန်သွားမည် ဖြစ်ပါကြောင်း။

မိမိတို့အားလုံးသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည့်အတိုင်း ယခု မိမိတို့၏ ကြိုးပမ်းဆောင်ရွက်မှုများသည် အာဆီယံအသိုက်အဝန်း ထူထောင်ရေးကို အထောက်အကူ ဖြစ်စေမည်ဖြစ်သကဲ့သို့ အဖွဲ့ဝင်နိုင်ငံများ အကြား ဖွံ့ဖြိုးမှုကွာဟချက် လျော့နည်းလာကာ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း အထောက်အကူဖြစ်စေမည်ဟု အပြည့်အဝ ယုံကြည်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်လုပ်ငန်းစဉ်များ ပိုမိုတိုးတက်ရေး၊ မိတ်ဖက်နိုင်ငံများနှင့် ဆက်ဆံရေးကို ပိုမိုမြှင့်တင်ရေးနှင့် အာဆီယံအသိုက်အဝန်း အောင်မြင်စွာထူထောင်နိုင်ရေးတို့အတွက် အဆွေတော်တို့နှင့်အတူ ဆက်လက်၍ လက်တွဲကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် တက်ရောက်လာကြသော ဧည့်သည်တော်များသည် ညစာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

**(သတင်းစဉ်)**

◆◆◆

# ကြွယ်ဝချမ်းသာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးမည့် စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်ထိပ်သီးအစည်းအဝေး

တွေ့ဆုံမေးမြန်း - အောင်ကျော်ကျော်၊ တင်လင်းအောင် » ဓာတ်ပုံ - ကျော်ထိုက်စိုး

**(၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေး၊ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ခြောက်ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးအကြို နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတို့ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ တွင် ဇွန်လ ၂၂ ရက်နေ့က ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးတွင် စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် အနာဂတ်ရင်းနှီးမြှုပ်နှံမှု အလားအလာများနှင့်ပတ်သက်၍ မေးမြန်းခဲ့ပါသည်။**

သတင်းအဖွဲ့၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံခြားရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံလွင်က "ဒီနေ့မနက်က စီအယ်လ်အမ်ဗွီနဲ့ အက်မက်စ်ရဲ့ နိုင်ငံခြားရေးဝန်ကြီးအဆင့် ဆွေးနွေးခဲ့ရာမှာ ပူးတွဲကြေညာချက်ကို အတည်ပြုပြီး အက်မက်စ်မှာ ဆွေးနွေးမယ့် ကြေညာချက်နှစ်ခုကတော့ နေပြည်တော်ကြေညာချက်နဲ့ နောက်တစ်ခုကတော့ အက်မက်စ်ရဲ့ Plan of Action 2016-2018 ဖြစ်ပါတယ်။ ဒီနှစ်ခုကို ဝန်ကြီးအဆင့်ဆွေးနွေးပွဲမှာ သဘောတူညီကြတဲ့အတွက် မနက်ဖြန်မှာ လုပ်မယ့် ထိပ်သီးအစည်းအဝေးပွဲမှာ အတည်ပြုဖို့ တင်ပြဆွေးနွေးမှာဖြစ်ပါတယ်။ နောင်လာမယ့် စီအယ်လ်အမ်ဗွီနဲ့ အက်မက်စ်ကို ဘယ်နိုင်ငံမှာ ကျင်းပမလဲဆိုတာ ဗီယက်နမ်နိုင်ငံနဲ့ ထိုင်းနိုင်ငံတို့ ထိပ်သီးဆွေးနွေးပွဲမှာ အတည်ပြုကြမှာဖြစ်ပါတယ်။

စီးပွားရေးနဲ့ ပတ်သက်ပြီး ၂၀၁၆-၂၀၁၈ ခုနှစ်အတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်ဖို့ လုပ်ဆောင်ခဲ့ကြပါတယ်။ အက်မက်စ်ရဲ့အောက်မှာ Sectoral group အလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ စီအယ်လ်အမ်ဗွီက ဒေသတွင်းနိုင်ငံတွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စီးပွားရေးပူးပေါင်းဆောင်ရွက်တဲ့ အစည်းအဝေးဖြစ်ပါတယ်။ ဒီနှစ်မှာ အာဆီယံ အတွင်းရေးမှူးချုပ်လည်း တက်ရောက်ပြီး လိုအပ်တာတွေကို အာဆီယံနိုင်ငံတွေက ပံ့ပိုးပေးမှာဖြစ်ပါတယ်။ စီအယ်လ်အမ်ဗွီကို ကျင်းပခဲ့တာ ခုနစ်ကြိမ်ရှိပြီး အက်မက်စ်ကို ကျင်းပခဲ့တာ ခြောက်ကြိမ်ရှိပါပြီ။

အခုလာမည့် ထိပ်သီးအစည်းအဝေးပွဲမှာ လိုအပ်တာတွေကို ဖြည့်တင်းပြီး အကောင်အထည်ဖော်လုပ်ဆောင်ဖို့ ဆွေးနွေးခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဆွေးနွေးတဲ့အခါမှာ ချစ်ကြည်ရင်းနှီးမှုနဲ့ အပြန်အလှန်လေးစားမှုကို အခြေခံပြီး ဆွေးနွေးကြတာဖြစ်ပါတယ်။ အက်မက်စ်ရဲ့ ပထမအကြိမ်အစည်းအဝေးကို မြန်မာနိုင်ငံ ပုဂံမှာ ကျင်းပခဲ့ပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်ဖို့အတွက် ပုဂံကြေညာချက်ကိုထုတ်ပြန်ခဲ့ပါတယ်။



နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံလွင်။

နှစ်စဉ်နှစ်တိုင်း ကြေညာချက်အပြင် Plan of Action ကိုပါ ထုတ်ပြန်ပါတယ်။ Plan of Action ကို Sectoral group ရှစ်ခုအလိုက် အကောင်အထည်ဖော်ကြပါတယ်။ Sector အလိုက် ကျွန်တော်တို့ working group ကို ဖွဲ့စည်းပြီးတော့ အကောင်အထည်ဖော်ပါတယ်။

အက်မက်စ်ကို ကျွန်တော်တို့နိုင်ငံမှာ ပထမဆုံးအကြိမ် လက်ခံကျင်းပခဲ့တာဖြစ်ပြီး အခုကျင်းပတဲ့ ခြောက်ကြိမ်မြောက်အစည်းအဝေးကို ပြန်လည်ကျင်းပခွင့်ရခြင်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဆွေးနွေးပွဲမှာ ဘာတွေလိုအပ်ခဲ့သလဲဆိုတာကို ပြန်လည်သုံးသပ်ပြီး နောင်အနာဂတ်မှာ ဘာတွေလုပ်ဆောင်ကြမလဲဆိုတာကို အိမ်ရှင်အနေနဲ့ လိုအပ်တဲ့အပိုင်းဖြည့်ပြီး ဆွေးနွေးကြခြင်းပဲဖြစ်ပါတယ်။ ဒီအစည်းအဝေးတွေကနေ မြန်မာနိုင်ငံအတွက် ငြိမ်းချမ်းမှု၊ ကြွယ်ဝမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ ဆောင်ကြဉ်းပေးမယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောကြားခဲ့သည်။



နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်။

ထို့အပြင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ကလည်း "(၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနဲ့ (၆) ကြိမ်မြောက် အက်မက်စ် နိုင်ငံခြားရေးဝန်ကြီးများအဆင့် အစည်းအဝေးကို ကျင်းပနေတာဖြစ်ပါတယ်။ စီအယ်လ်အမ်ဗွီအစည်းအဝေးမှာ ကဏ္ဍကြီး (၁၁)ရပ်ဖြစ်တဲ့ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှု အဆင်ပြေချောမွေ့စေရေး၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ စက်မှုနဲ့စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ သယ်ယူပို့ဆောင်ရေးကဏ္ဍနဲ့ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူ့အကျိုးပြုကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှု ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးမိတ်ဖက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးနဲ့ပတ်သက်ပြီး အလေးထားဆွေးနွေးတာပါ။

အလားတူပဲ အက်မက်စ်အစည်းအဝေးမှာလည်း ပူးပေါင်းဆောင်ရွက်မှုကဏ္ဍကြီးတွေဖြစ်တဲ့ East-West Corridor၊ Southern Corridor၊ Economic Connectivity ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍအသီးသီးရှိမှုနဲ့ ဒီကဏ္ဍတွေမှာ စီအယ်လ်အမ်ဗွီနိုင်ငံတွေနဲ့ ဧရာဝတီ-ကျောက်ဖယား-မဲခေါင်မှာပါတဲ့ ငါးနိုင်ငံတွေက စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုတွေ၊ စိုက်ပျိုးရေးကို အခြေခံတဲ့ကဏ္ဍတွေ၊ ခရီးသွားလာရေးလုပ်ငန်းတွေတိုင်းမှာ အားလုံး ဒီထက်ပိုပြီးတော့ ပူးပေါင်းဆောင်ရွက်ကြတဲ့အခါ ဖွံ့ဖြိုးမှုတွေ လိုအပ်ချက်တွေ ကျဉ်းမြောင်းအောင် လုပ်ပြီးတဲ့အခါမှာ ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်သွားကြမှာ ဖြစ်ပါတယ်" ဟု ၎င်း၏ အမြင်ကို ပြောကြားခဲ့သည်။ ❐❐

## ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင် လူဇင်ဘတ်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၂၃

၂၀၁၅ ခုနှစ် ဇွန် ၂၃ ရက်တွင် ကျရောက်သော လူဇင်ဘတ်နိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်ထံမှ လူဇင်ဘတ်နိုင်ငံ၊ နိုင်ငံခြားရေးနှင့် ဥရောပရေးရာ ဝန်ကြီး မစ္စတာ ဂျွန်အာဆယ်ဘွန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ဘင်္ဂလားဒေ့ရှ်မီဒီယာများမှ မမှန်ကန်သည့် ချဲ့ကားရေးသားမှုများ ပြုလုပ်ခြင်းမရှိစေရေး ပူးပေါင်းကူညီရန်ဆွေးနွေး

သတင်းထုတ်ပြန်ချက်

နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်လင်းသည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး မစ္စတာ မူဟာမတ် ဆူဖီရာမာန်အား ၂၀-၆-၂၀၁၅ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ခေါ်ယူတွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံစဉ် အမြဲတမ်းအတွင်းဝန်က မြန်မာ့နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ရခိုင်ပြည်နယ် မောင်တောမြို့နယ် မြန်မာ့ရေပိုင်နက်အတွင်း ၂၀၁၅ ခုနှစ် ဇွန်လ ၁၇ ရက်နေ့က ကျူးကျော်ဝင်ရောက်လာသည့် ဘင်္ဂလားဒေ့ရှ် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးအား ဖမ်းဆီးစစ်မေးနေသည့်ကိစ္စနှင့်ပတ်သက်၍ ဖြစ်ရပ်မှန်အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

အမြဲတမ်းအတွင်းဝန်က ရခိုင်ပြည်နယ် မောင်တောမြို့နယ် ရေတွင်းကျွန်းချောင်းဝနှင့် ရွက်ညိုတောင်ချောင်းဝအကြား နတ်မြစ်၏ မြန်မာ့ရေပိုင်နက်အတွင်း ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ် ယူနီဖောင်း(မပြည့်မစုံ)ဝတ်ဆင်ထားသူတစ်ဦးကို မြန်မာ့နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ လက်နက်များ၊ စက်လှေနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ မြန်မာ့ရေပိုင်နက်သို့ ကျူးကျော်ဝင်ရောက်ရှိလာပြီး ယင်းတို့ဘက်မှ စတင်ပစ်ခတ်သဖြင့် ဖမ်းဆီးစစ်ဆေးနေခြင်းဖြစ်ကြောင်း၊ ဖြစ်ရပ်မှန် အခြေအနေအသေးစိတ်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ အမြန်ဆုံးသတင်းပို့ပေးစေလိုကြောင်း မြန်မာနိုင်ငံသည် နှစ်နိုင်ငံအကြား တည်ရှိပြီးသော ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့်အိမ်နီးချင်းကောင်းပီသစွာဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိကြောင်းနှင့် ဘင်္ဂလားဒေ့ရှ်မီဒီယာများမှ မမှန်ကန်သည့် ချဲ့ကားရေးသားမှုများပြုလုပ်ခြင်းမရှိစေရေးအတွက် ပူးပေါင်းကူညီသွားစေလိုကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့ကြသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်။**
**ရက်စွဲ၊ ၂၀၁၅ ခုနှစ် ဇွန်လ ၂၂ ရက်**

**❂ ကျောဖုံးမှ**

ကျွန်မကို အားပေးကြပါဦးလို့" Miss Tourism ၂၀၁၅ ဆုရှင် နန်ဆိုင်းအိန်က ပြောသည်။ "ညီမကြိုးစားခဲ့တဲ့အတွက် ညီမနဲ့ထိုက်တန်တဲ့ ဒီဆုရရှိတာကို ဝမ်းသာပါတယ်ရှင်။ ညီမရဲ့ပညာရေးကို ဆက်လက်လုပ်ဆောင်သွားပါမယ်။ ပြီးတော့ ညီမဝါသနာပါတဲ့ အနုပညာအလုပ်ကို လုပ်ဆောင်သွားပါမယ်"ဟု 1st Runner up ဆုရှင် သင်းသဲဗိုက ပြောသည်။

မြန်မာမိန်းကလေးများ နိုင်ငံတကာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ကျင်းပခြင်းဖြစ်ပြီး အလှအပသက်သက်ရွေးချယ်ခြင်းမဟုတ်ဘဲ Body, Brain, Beauty နှင့် ၎င်းတို့၏ ပရဟိတစိတ်နေစိတ်ထားစွမ်းရည်တို့ကိုပါ ရွေးချယ်ခြင်းဖြစ်ပါသည်။ "ဒီနေ့ယှဉ်ပြိုင်မယ့် အလှမယ် ၃၁ ဦးကို ကိုယ်ရည်ကိုယ်သွေး ဉာဏ်ရည်ဉာဏ်သွေးတွေ တစ်လခွဲကြာသင်ကြားပေးပြီး နောက်ဆုံးဆန်ခါတင် Crown ပိုင်ရှင် ငါးဦးက နိုင်ငံ့ကိုယ်စားပြုအနေနဲ့ နိုင်ငံတကာမှာ သွားရောက်ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ သွားရောက်ယှဉ်ပြိုင်ရမယ့် နိုင်ငံနဲ့ပွဲတွေကိုတော့ကြေညာထားခြင်း မရှိသေးပါဘူး။ များသောအားဖြင့် Miss Earth ကို ဖိလစ်ပိုင်နိုင်ငံမှာ၊ Miss Suprentional ကို ပိုလန်မှာ၊ Miss Continental ကို ဂျာမဏီမှာ၊ Miss Face of Beauty Int'l ကို ထိုင်ဝမ်မှာ၊ Miss Tourism ကိုတော့ ဘယ်နိုင်ငံမှာဆိုတာနောက်မှကြေညာမယ်။ ဒီက Miss ၅ ဦးကို ရွေးချယ်ပြီးနောက် ပြည်ပနိုင်ငံများတွင် သွားရောက်ယှဉ်ပြိုင်နိုင်ရန် စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ အလှတရားတွေကို သက်ဆိုင်ရာပညာရှင်တွေက ထပ်မံမွမ်းမံသွားမှာပါ"ဟု Miss Golden Land Myanmar Founder and CEO ကိုဝေယံအောင်က ပြောသည်။

"အခု final ကို MCC မှာကျင်းပပြီတော့ နောက်ဆုံးငါးဦးကို ရွေးချယ်ပြီး training တွေ တစ်လကျော်ပေးပါမယ်။ အခုပြိုင်ပွဲဝင် ၃၁ ဦးကိုလည်း Candidate တွေလို့ မခေါ်စေဘဲ Miss Golden Land Myanmar လို့ပဲခေါ်စေပါတယ်"ဟု Pageant trainer ကိုဖြိုးမင်းသုတက ပြောသည်။

မြန်မာ့လူမှုအသိုက်အဝန်းကိုမြှင့်တင်ပေးနိုင်ရန် ၂၀၁၃ ခုနှစ်မှစတင်ပြီး ကျင်းပခဲ့ရာ ယခုဆို Miss Golden Land Myanmar ၁၁ ဦးရှိနေပြီဖြစ်ပြီး Online voting တွင် အမှတ်အများဆုံး ရနေခြင်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံအနေဖြင့် မြန်မာတို့၏ စည်းလုံးမှုကိုပြသနေခြင်းပင်ဖြစ်သည်။ ဒီနှစ် မေလ ၂၆ နှင့် ၂၇ မေမြို့ မန္တလေးနှင့် ပုဂံမြို့များသို့ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးလေ့လာရေးနှင့် Charity donation လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။ မေ ၂၈ ရက်နေ့တွင် မန္တလေးရှိ ဦးပိန်တံတားသို့ Eco tourism မြှင့်တင်ရေးအနေဖြင့် သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။ first event ပွဲတွေကို ရန်ကုန်မြို့တွင်မက မန္တလေးမြို့မှာ Talent Competition၊ ပြင်ဦးလွင်မြို့တွင် fitness and lifestyle နှင့် competition တစ်ခုကျင်းပခဲ့ပါတယ်။ ပုဂံမှာလည်း Sport competition ကျင်းပခဲ့ပါတယ်။ Miss GLM organization ၏ CEO ကိုဟန်ဇော်လတ်ကပြောသည်။ Miss Golden Land ခါးနံပါတ်(၂၄)မှာ ကျန်းမာရေးအခြေအနေကြောင့် ယှဉ်ပြိုင်ခြင်း မရှိသဖြင့် (၃၀)သာ ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **(သန့်ဇင်ဝင်း)**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

**◯ ကျောဖုံးမှ**

**(ဗထူးကွင်း)**
**ရတနာပုံ - သုံးဂိုး**
(မာတူနာ-နှစ်ဂိုး၊ ဝင်းနိုင်စိုး)
**ဇေယျာရွှေမြေ - တစ်ဂိုး**
(ဗစ်တာ)

ရတနာပုံအသင်းမှာ ယခုပွဲအနိုင်ရလဒ်ကြောင့် အမှတ်ပေးဇယား တတိယနေရာအထိ တက်လှမ်းလာနိုင်ခဲ့သည်။

ပထမအကျော့ပွဲစဉ်(၁၀)ကို ဇွန် ၂၇ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။ **(ရှိုင်းထက်ဇော်)**

**❖ ဗြိတိန်မှ**

ဗြိတိန်နံပါတ်တစ်ကစားသမား အန်ဒီမာရေးသည် ကီဗင်အန်ဒါဆန်အား ၆၄ မိနစ်ကြာကစားကာ ၆-၃၊ ၆-၄ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ယခုကွင်းကလပ်တင်းနစ်ပြိုင်ပွဲတွင် ဗိုလ်စွဲနိုင်ခဲ့ခြင်းကြောင့် မက်ဒရစ်နှင့် မြူးနစ်တို့တွင် ယှဉ်ပြိုင်ကစားခဲ့သည့် တင်းနစ်ပြိုင်ပွဲများအပါအဝင် ၂၀၁၅ ခုနှစ်အတွင်း တင်းနစ်ဖလားချန်ပီယံဆုသုံးကြိမ်အထိ ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။ **(ငွေကြယ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

(၂၂-၆-၂၀၁၅) ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြပါရှိသော "ပထမအကြိမ် အပြည်ပြည်ဆိုင်ရာယောဂနေ့အခမ်းအနား ကျင်းပ" သတင်း အညွှန်းစာမျက်နှာ(၉) ကော်လံ ၃ ဒုတိယပိုဒ် စာကြောင်းရေ ၆ တွင် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်မင်း "အစား" ဒုတိယဝန်ကြီး ဦးဇော်ဝင်းဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(စာတည်း)**

# စောင့်ကြပ်ကြည့်ရှုသတိပြုခြင်းဖြင့် မားစ်ရောဂါကို ကြိုတင်ကာကွယ်ကြပါစို့

မင်းထက်အောင်(မန်းကိုယ်ပွား)

**မြန်မာနိုင်ငံတွင် မားစ်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းအား ကျန်းမာရေးဝန်ကြီးဌာန၏လမ်းညွှန်မှုနှင့်အတူ ဆောင်ရွက်နေပြီး မန္တလေးတိုင်းဒေသကြီးတွင်လည်း ကူးစက်မြန်ရောဂါများ ကြိုတင်ကာကွယ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို တိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူး ဒေါက်တာဝင်းနိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။**

**မေး။ ။ မန္တလေးတိုင်းဒေသကြီးအတွင်း မားစ်ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ချက်များကို ပြောပြပေးပါ။**

ဖြေ။ ။ မြန်မာနိုင်ငံမှာ မားစ်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းကို ကျန်းမာရေးဝန်ကြီးဌာနရဲ့ လမ်းညွှန်မှုနဲ့ ဆောင်ရွက်နေပါတယ်။ မန္တလေးတိုင်းဒေသကြီးအနေနဲ့ကတော့ ကုသရေးဦးစီးဌာနနဲ့ ပြည်သူ့ကျန်းမာရေးဌာန နှစ်ခု ပူးပေါင်းပြီး ကူးစက်မြန်ရောဂါတွေ ဝင်ရောက်လာရင် ချက်ချင်းသိနိုင်ဖို့ ကြိုတင်စီစဉ်ထားတဲ့အပြင် ဆောင်ရွက်နိုင်မှုအတွေ့အကြုံတွေလည်း အများကြီး ရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်တွေက ကျင်းပခဲ့တဲ့ ဆီးဂိမ်းပွဲတွေမှာ နိုင်ငံတကာမှာ ဖြစ်ပေါ်နေတဲ့ အီဘိုလာ၊ မားစ်ရောဂါတွေ ကူးစက်မှုကို စောင့်ကြပ်ကြည့်ရှုခဲ့ပါတယ်။ မန္တလေးမှာက ပြည်ပနိုင်ငံကနေ ကူးစက်ရောဂါတွေ ဝင်ရောက်လာနိုင်တာက အပြည်ပြည်ဆိုင်ရာ တံတားဦးလေဆိပ်တစ်ခုပဲရှိတဲ့အတွက် ဒီလေဆိပ်မှာ အထူးရောဂါနှိမ်နင်းရေးအဖွဲ့၊ တံတားဦးကျန်းမာရေး ဦးစီးဌာန၊ အမရပူရကျန်းမာရေးဌာနနဲ့ ပို့ဆောင်ရေးဌာနတို့ ပူးပေါင်းပြီး ဆောင်ရွက်ခဲ့ပါတယ်။ မနှစ်က ကျန်းမာရေးဝန်ကြီးဌာနရဲ့ ဘတ်ဂျက်နဲ့ ခရီးသွားတွေကို အဖျားရောဂါ ရှိ၊ မရှိ အဖျားတိုင်းတဲ့ ကိရိယာနဲ့ စနစ်တကျ စတင်စစ်ဆေးဆောင်ရွက်နိုင်ခဲ့ပါတယ်။ အခုဖြစ်နေတဲ့ မားစ်ရောဂါကိုတော့ နိုင်ငံတကာအမြင်နဲ့ ပြည်တွင်းစောင့်ကြပ်ကြည့်ရှုခြင်းဆိုပြီး နှစ်မျိုးနဲ့ ဆောင်ရွက်နေပါတယ်။ နိုင်ငံတကာအမြင်ဆိုရင် ရောဂါအသစ်အဆန်းတွေ ဖြစ်နေတာကို ဝက်ဘ်ဆိုက်ကနေ စောင့်ကြည့်တယ်။ ရုံးချုပ်ရဲ့ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်တယ်။ မန္တလေးလေဆိပ်ကို တရုတ်နိုင်ငံ ကူမင်းမြို့က တိုက်ရိုက်ဆိုက်ရောက်တဲ့ လေယာဉ် လေးစင်းရှိတယ်။ ပြည်တွင်းလေကြောင်းအနေနဲ့ ရန်ကုန်၊ ဟဲဟိုး၊ ညောင်ဦးလေယာဉ်တွေရှိတယ်။ အခုအချိန်ကလည်း နိုင်ငံခြားသား ဝင်ရောက်မှုများနေပါတယ်။ ဒါကြောင့် လေဆိပ်၊ ရေဆိပ်တွေမက ဘူတာတွေ၊ သင်္ဘောဆိပ်၊ ကားဂိတ်တွေမှာ နိုင်ငံခြားသားတွေရဲ့ ကျန်းမာရေးအခြေအနေတွေကို စောင့်ကြပ်ကြည့်ရှုဖို့ ဆောင်ရွက်ပါတယ်။ ဒါတင်မက နိုင်ငံခြားသားတွေ တည်းခိုတဲ့ ဟိုတယ်တွေကိုလည်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီး ဆောင်ရွက်ပါတယ်။ အဓိကအနေနဲ့ စောင့်ကြပ်ကြည့်ရှုခြင်းအလုပ်က အရေးကြီးပါတယ်။ မားစ်ရောဂါလက္ခဏာတွေက ထုတ်ပြန်ကြေညာထားတဲ့အတိုင်း နှာမွန်းမယ်၊ ချောင်းဆိုးမယ်၊ လည်ချောင်းနာမယ်၊ အသက်ရှူကျပ်မယ်၊ ဖျားမယ်၊ ဝမ်းသွားမယ်၊ ဗိုက်နာမယ်၊ ဆေးရုံတွေမှာ ရုတ်တရက် အသက်ရှူလမ်းကြောင်းမှာ ပြင်းထန်စွာ ရောဂါပိုးဝင်ရောက်ခြင်း ဟန့်တားနိုင်ဖို့အတွက် ဆေးရုံလာတက်သူတွေရဲ့ ခရီးသွားရာဇဝင်ကို စစ်ဆေးဖို့အရေးကြီးပါတယ်။ နှစ်ပတ်အတွင်း ကိုရီးယား၊ ထိုင်းနိုင်ငံအပြင် အရှေ့အလယ်ပိုင်း နိုင်ငံတွေဖြစ်တဲ့ အိုမန်၊ ဆော်ဒီအာရေဗီးယားနိုင်ငံက ပြန်လာတဲ့ ခရီးရှိဖူးလားမေးရပါမယ်။ ဒီကူးစက်ရောဂါတွေအနေနဲ့ H5N1တွေ စတင်ဖြစ်လာတဲ့ ၂၀၀၄၊ ၂၀၀၅၊ ၂၀၀၆ ခုနှစ်ကတည်းက မန္တလေး (၆၂) လမ်းမှာရှိတဲ့ ကန်တော်နဒီဆေးရုံကို ကူးစက်ရောဂါကုဆေးရုံအဖြစ် ပြင်ဆင်ထားပြီးဖြစ်ပါတယ်။ ဒီလိုမျိုးကူးစက်မြန်ရောဂါတွေဖြစ်တဲ့ H5N1၊ H1N1၊ အီဘိုလာ၊ မားစ်စတဲ့ သံသယဖြစ်ဖွယ်တွေ့မိရင် အဲဒီဆေးရုံကိုပို့ပြီး လိုအပ်တဲ့ ဓာတ်ခွဲစစ်ဆေးမှုတွေ ဆောင်ရွက်ရပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့ ပြည်သူ့ကျန်းမာရေးဆိုင်ရာဓာတ်ခွဲဌာန ရန်ကုန်နဲ့ မန္တလေးတွေမှာ သင်တန်းတွေပေးထားပါတယ်။ ပြည်သူတွေအနေနဲ့ ရောဂါလက္ခဏာတွေသိပြီး ကျန်းမာရေးဌာနတွေရဲ့ ဆောင်ရွက်ချက်တွေကိုသိအောင် မြန်မာ့အသံတွေ၊ သတင်းစာတွေက ရှင်းလင်းပြောပြခွင့်ရတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ နိုင်ငံခြားကနေပြန်လာသူတစ်ယောက်က ဖျားမယ်၊ အသက်ရှူကျပ်မယ်စတဲ့ လက္ခဏာတွေဖြစ်နေတယ်ဆိုရင် သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းနဲ့ မြို့နယ်ကျန်းမာရေးဦးစီးဌာနကို အကြောင်းကြားပါ။ လျှပ်တစ်ပြက် ဆောင်ရွက်တဲ့အဖွဲ့တွေကနေ သီးသန့်အဆင်သင့်ပြင်ဆင်ထားတဲ့ အရေးပေါ်လူနာတင်ယာဉ်တွေနဲ့ အလွယ်တကူ သယ်ယူနိုင်အောင် ဆောင်ရွက်ထားပါတယ်။ လေဆိပ်မှာ သံသယလူနာတွေ့ရင်လည်း ကန်တော်နဒီဆေးရုံကို ပို့ဆောင်နိုင်ဖို့ စီစဉ်ထားပါတယ်။ ဆေးရုံမှာလည်း သက်ဆိုင်ရာဆရာဝန်ကြီးတွေနဲ့ ကြိုတင်ညှိနှိုင်းထားပြီး ဒီလိုရောဂါလက္ခဏာတွေ သံသယရှိရင် သတင်းပေးခြင်းစနစ်တွေ ဆောင်ရွက်ပေးဖို့ ဆွေးနွေးထားပါတယ်။ ဒီလုပ်ငန်းတွေကို အမျိုးသားကျန်းမာရေးကော်မတီရဲ့ ဦးဆောင်မှုနဲ့ ဆောင်ရွက်နေသလို ကျွန်တော်တို့ ပြည်သူ့ကျန်းမာရေးနဲ့ ကုသရေးဌာန နှစ်ခုပူးပေါင်းတဲ့အပြင် ဆေးသုတေသနဦးစီးဌာနတွေကလည်း အကူအညီပေးပြီး တက်ညီလက်ညီ နိုင်ငံတွင်းကို ဒီရောဂါအသစ်တွေ ဝင်ရောက်လာမှုမရှိအောင် ဆောင်ရွက်နိုင်တဲ့ အနေအထားတွေ ရှိခဲ့ပါတယ်။ ဆားစ်ရောဂါတုန်းကလည်း မဝင်ခဲ့ဘူး။ H1N1 တုန်းကလည်း ဝင်လာခဲ့ပေမယ့် သေဆုံးမှုမရှိအောင် စနစ်တကျ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ H5N1 တုန်းကလည်း ဆောင်ရွက်နိုင်သလို ပြီးခဲ့တဲ့နှစ်က ဖြစ်ပွားခဲ့တဲ့ကြက်၊ ငှက်တုပ်ကွေးရောဂါကိုလည်း လူတွေကို မကူးစက်နိုင်အောင် ပူးပေါင်းပြီးဆောင်ရွက်နိုင်ခဲ့ပါတယ်။ မားစ်ရောဂါဆိုတာ ကူးစက်မြန်ရောဂါဆိုပေမယ့် ဘယ်ကလာတယ်ဆိုတာကို သေသေချာချာသိနိုင်ဖို့ သုတေသနပြုနေသလို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း သုတေသနပြုဆောင်ရွက်လျက်ရှိပါတယ်။ အခု ကိုရီးယားမှာ ဒီရောဂါဖြစ်ပွားတဲ့နှုန်းများပြီး သေဆုံးတဲ့နှုန်းကလည်း ရှိနေတော့ ကျောင်းတွေလည်း ပိတ်ထားရတဲ့အတွက် အားလုံးအာရုံစူးစိုက်နေရတဲ့ ရောဂါဖြစ်နေပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဆီမှာလည်း အဖွဲ့တွေကို စနစ်တကျ လေ့ကျင့်ပြီး အမြဲတမ်းနိုးကြားစေဖို့ သတိပေးထားတယ်။ ဒီနေ့ပဲလေဆိပ်ကို သွားကြည့်ပြီး လိုအပ်တဲ့ဝန်ထမ်းအင်အားတွေ ဖြည့်ဆည်းဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် အခုကျွန်တော်တို့ဆီမှာ သံသယဖြစ်စရာလူနာတောင် မတွေ့သေးပါဘူး။

**မေး။ ။ ရောဂါဆိုးကျိုးလက္ခဏာတွေကို ပြောပြပေးပါခင်ဗျာ။**

ဖြေ။ ။ ဒီလိုရောဂါဗိုင်းရပ်စ်တွေ ဝင်သွားပြီဆိုရင် အသက်ရှူလမ်းကြောင်းကနေတစ်ဆင့် ဝင်မယ်။ နှာမွန်း၊ ချောင်းဆိုး၊ အသက်ရှူကျပ်ပြီး သေဆုံးနိုင်တဲ့အထိ ဖြစ်နိုင်တယ်။ ရောဂါကိုကုသနိုင်တဲ့ဆေးကလည်း အတိအကျ မရှိသေးတော့ ကာကွယ်တဲ့နည်းက အကောင်းဆုံးပါပဲ။ လူထူထပ်တဲ့နေရာတွေကို အတတ်နိုင်ဆုံးရှောင်ကြဉ်မယ်။ အမြဲတမ်း လက်ကို စင်ကြယ်စွာဆေးမယ်။ ချောင်းဆိုးနေရင်ဆိုးနေတဲ့သူက သူများကို မကူးစက်အောင် လက်ကိုင်ပဝါနဲ့ ဆိုးမယ်။ ချောင်းဆိုးနေသူနဲ့ ခြောက်ပေလောက်အကွာမှာ နေပေးရမယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားတဲ့နည်းလမ်းတွေအတိုင်း ကာကွယ်ရေးတွေ ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

**မေး။ ။ ရောဂါကြိုတင်ကာကွယ်ဖို့အတွက် ပူးပေါင်းပါဝင်တဲ့ အဖွဲ့အစည်းတွေကို ပြောပြပေးပါ။**

ဖြေ။ ။ လေဆိပ်မှာဆိုရင် ဂျပန်နိုင်ငံက အဖွဲ့နဲ့ညှိနှိုင်းပူးပေါင်းဆောင်ရွက်တယ်။ လဝက၊ လေကြောင်းရဲတပ်ဖွဲ့တို့နဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဟိုတယ်တွေမှာဆိုရင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနဲ့ပူးပေါင်းဆောင်ရွက်ပါတယ်။ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာတွေမှာဆိုရင် သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်ပါတယ်။ အဓိကအနေနဲ့ကတော့ သတင်းရရှိဖို့အတွက် ဖြစ်တာကြောင့် ပြည်သူလူထု ပူးပေါင်းပါဝင်ဖို့ အရေးကြီးပါတယ်။ နောက်တစ်ခုအနေနဲ့ကတော့ ရောဂါကွန်ရက်ပေါ့။ ရောဂါပိုးက အသက်ရှူလမ်းကြောင်းထဲ ဝင်သွားပေမယ့် ရောဂါလက္ခဏာက ချက်ချင်းမပြဘဲ လေကြောင်းလိုင်းတွေက လွတ်ထွက်သွားပြီး မြို့နယ်၊ ကျေးရွာတွေထဲ ရောက်သွားမှ ရောဂါလက္ခဏာတွေ ပေါ်လာနိုင်တာလည်းရှိတယ်။ ဒါကြောင့် နိုင်ငံခြားက နှစ်ပတ်အတွင်း ပြန်လာတဲ့ ခရီးသွားရာသီကို စစ်ဆေးပြီး မားစ်ရောဂါသံသယရှိသူ လူနာအဖြစ် သတ်မှတ်ပြီး ကာကွယ်ရေးလုပ်ငန်းကို အလျင်အမြန်ဆောင်ရွက်ရမှာပါ။



တိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူး ဒေါက်တာဝင်းနိုင်။

**မေး။ ။ ပြည်သူတွေအတွက် အကြံပေးစကား ပြောပြပေးပါ။**

ဖြေ။ ။ ရာသီဥတုပြောင်းလဲမှုတွေအရ တုပ်ကွေးရောဂါတွေကလည်း နိုင်ငံအနှံ့ဖြစ်နေပြီး ကြက်ငှက်တုပ်ကွေး၊ လူတုပ်ကွေးအပြင် ဗိုင်းရပ်စ်အသစ်တွေကလည်း ထပ်ပြီးပေါ်လာတယ်။ သိပ္ပံပညာထွန်းကားလာတာလည်း ပါတာပေါ့လေ။ ဓာတ်ခွဲစမ်းသပ်ချက်တွေကလည်း ဗိုင်းရပ်စ်အသစ်နဲ့ အဟောင်းကို ချက်ချင်းသိနိုင်တယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံမှာ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းကို ကျန်းမာရေးဝန်ထမ်းတွေ၊ ပြည်သူတွေ၊ အခြားအဖွဲ့အစည်းတွေ စနစ်တကျ စမ်းသပ်မှုခံမယ်။ စောင့်ကြပ်ကြည့်ရှုမယ်။ မားစ်ရောဂါက သေဆုံးမှုကလည်း ပြင်းထန်တယ်။ ဒါကြောင့် ကိုယ့်နိုင်ငံကို မရောက်လာအောင် လုပ်ကိုလုပ်ရမယ်။ ရောက်လာခဲ့ရင်လည်း ဒီတစ်နေရာထဲမှာ ဒီလူနာကို သေချာထိန်းချုပ်ကုသမယ်ဆိုတဲ့ စနစ်တကျ ကာကွယ်နည်းနဲ့ တခြားလူတွေကို မကူးစက်အောင် လုပ်မှာပါ။ ပြည်သူတွေကလည်း ကျန်းမာရေးသတိရှိပြီး ချက်ချင်းသတင်းပေးပို့နိုင်ရမယ်။ ဒီရောဂါက လေကတစ်ဆင့် ကူးစက်နိုင်တဲ့အတွက် နှာခေါင်းစည်းတွေ တပ်ထားဖို့လိုတယ်။ သတိရှိရှိနဲ့ ပြည်သူတွေနဲ့ ကျန်းမာရေးဌာနနဲ့ နီးနွယ်နေတဲ့ဝန်ကြီးဌာနတွေ အားလုံးပါဝင်ဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံကို မားစ်ရောဂါ မဝင်ရောက်နိုင်အောင် ကာကွယ်နိုင်မှာ ဖြစ်ပါတယ်လို့ ပြောချင်ပါတယ်။ ။

## ပြည်သူ့ကျန်းမာရေးထိခိုက်စေသည့် ကျင်းထုံခြင်ဆေးရောင်းချမှုတွေ့ရှိ၍ သိမ်းဆည်းပညာပေး

**ရန်ကုန် ဇွန် ၂၂**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်အတွင်း လက်ကားအရောင်းဆိုင်သုံးဆိုင်မှ ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်စေသော ကျင်းထုံခြင်ဆေးရောင်းချမှုကို တွေ့ရှိခြင်းကြောင့် သိမ်းဆည်းပညာပေးမှုများကို ပြုလုပ်ခဲ့ကြောင်း မြန်မာနိုင်ငံစားသုံးသူ ကြိုတင်ကာကွယ်ရေးအသင်းမှ သိရသည်။

ဆင်ခြေဖုံး ဒေသများအတွင်းရှိ ဒေသခံပြည်သူများနှင့် ကျောင်းသားကျောင်းသူများ ဘေးအန္တရာယ်ကင်းသော အစားအစာများ စားသုံးနိုင်စေရန် မြန်မာနိုင်ငံစားသုံးသူ ကြိုတင်ကာကွယ်ရေးအသင်းက ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများနှင့်အတူ ဇွန် ၁၉ ရက်က ရွှေပြည်သာမြို့နယ်အတွင်း ကွင်းဆင်းစစ်ဆေးပညာပေးမှုများ လုပ်ဆောင်ခဲ့ရာ ယင်းကဲ့သို့ တွေ့ရှိခြင်းဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ သတ်မှတ်ထားသော ခြင်ဆေးများတွင် ပိုးသတ်ဆေးပါဝင်မှု သုညဒသမ ၀၄ ထက်ပိုမိုကာ သုညဒသမ ၀၈ အထိ ပါဝင်နေသော ကျင်းထုံခြင်ဆေးကို ပြည်တွင်းတွင် ရောင်းချခြင်းမပြုရန် ကန့်သတ်ထားသော်လည်း တရားမဝင် လမ်းကြောင်းများမှ ဝင်ရောက်လာခြင်းကြောင့် ယင်းကဲ့သို့ တွေ့ရှိရခြင်းဖြစ်သည်။ ထို့ကြောင့် တရားမဝင်တင်သွင်းလာသော ကျင်းထုံခြင်ဆေး ခုနစ်ဖာခန့်ကို စစ်ဆေးသိမ်းဆည်း၍ ပညာပေးခဲ့ကာ နောက်နောင်တွင် ရောင်းချခြင်းမပြုရန် ခံဝန်လက်မှတ် ထိုးခိုင်းခဲ့သည်။ နောက်တစ်ကြိမ် ရောင်းချခြင်းမျိုးတွေ့ရှိပါက ပိုးသတ်ဆေးနှင့်ပတ်သက်သည့် ဥပဒေများဖြင့် တရားစွဲရန် စီစဉ်ထားကြောင်း သိရသည်။ **ထက်ခိုင်(စမ်းချောင်း)**

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၈-၆-၂၀၁၅) ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၁၀)၌ ဖော်ပြခဲ့သော သီလဝါအထူးစီးပွားရေးဇုန် သတင်းဆောင်းပါးတွင် Fuji World ကုမ္ပဏီအစား Fuji Work ကုမ္ပဏီဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**(စာတည်း)**

## ပေါင်မြို့နယ်တွင် စုပေါင်းသစ်ပင်စိုက်ပျိုး

**ပေါင် ဇွန် ၂၂**

တောတောင်သဘာဝ စိမ်းလန်းစိုပြည်ရေးနှင့် သစ်တောသယံဇာတ ဂေဟစနစ်များ ယိုယွင်းပျက်စီးမှုများအား ထိန်းသိမ်းကာကွယ်နိုင်ရေးအတွက် ပေါင်မြို့နယ် ကျုံကကျေးရွာရှိ ထွန်းတောက်စစက်မှု ကုမ္ပဏီလီမိတက်တာဝန်ခံ ဦးသိန်းဝင်းနှင့် ဝန်ထမ်းများ၊ ကျုံကကျေးရွာ ပြည်သူများ ပူးပေါင်း၍ ဇွန် ၁၃ ရက် နံနက်က အဆိုပါကုမ္ပဏီပိုင်မြေ ပတ်ဝန်းကျင်ဇရိယာနှင့် ကျုံကကျေးရွာ အရှေ့ဘက်တောင်ကြောပေါ်တွင် ရတနာတန်းဝင် ကျွန်း၊ ပျဉ်းကတိုးပင်များနှင့် နှစ်ရှည်စားသုံးသီးနှံပင်များ၊ အရိပ်ရပင်များနှင့် ပန်းအလှပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်ဟု သိရသည်။

စုပေါင်းစိုက်ပျိုးရာသို့ ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးစည်သူဖြိုး၊ ကျုံကကျေးရွာ အုပ်ချုပ်ရေးမှူး ဦးတန်ရှိန်နှင့် ကျေးရွာဖွံ့ဖြိုးမှု အထောက်အကူပြုကော်မတီဝင်များ၊ ပေါင်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းမှ မီးသတ်ဦးစီးမှူး ဦးစိုးကျော်သူနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာလူမှုအဖွဲ့အစည်း အသီးသီးတို့မှ တာဝန်ရှိသူများက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



**ခင်မောင်ဝေ(ပေါင်)**

# ကူးစက်ရောဂါများဖြစ်ပွားမှုသည် နိုင်ငံ၏အကျိုးစီးပွားကို နစ်နာစေ



**ရန်ကုန်  ဇွန်  ၂၂**

ဆိုးရွားပြီး အသက်အန္တရာယ်နှင့် ကြုံတွေ့စေနိုင်သည့် ကူးစက်ရောဂါများသည် ယင်းနိုင်ငံသားများသာမက နိုင်ငံ၏ ပုံရိပ်များဖြစ်သည့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံရေး၊ ကျန်းမာရေး၊လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ပြည်ပခရီးသွားလုပ်ငန်းများကိုပါ များစွာထိခိုက်စေနိုင်ကြောင်း၊ ထို့ကြောင့် ကျန်းမာရေးဌာနတစ်ခုတည်းအနေဖြင့် မဟုတ်ဘဲ အခြားဌာနများနှင့် ပြည်သူများပါ စနစ်တကျကာကွယ်သွားရန် လိုအပ်ကြောင်းဖြင့် ဇွန် ၂၁ ရက်တွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ ဆရာဝန်အသင်းခန်းမ၌ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)က ဦးဆောင်ကျင်းပသည့် Middle East Respiratory Syndrome မားစ် (MERS)ရောဂါအကြောင်း အသိပညာပေးဟောပြောပွဲတွင် ကျန်းမာရေးဦးစီးဌာနမှ ပါမောက္ခ ဒေါက်တာစိုးလွင်ငြိမ်းက ပြောကြားသည်။

"ဒီလိုမျိုးကူးစက်ရောဂါဖြစ်ပွားတဲ့ နိုင်ငံဟာ ပြည်တွင်းပြည်ပ ခရီးသွားလာရေးလုပ်ငန်းစဉ်တွေ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး အစရှိသဖြင့် အကျိုးဆက်တွေ ထိခိုက်ဆုံးရှုံးမှုတွေ ဖြစ်ပွားစေပါတယ်။ ဒါ့ကြောင့် အခုအခါဟာ နိုင်ငံအတွင်းမှာ ကာကွယ်ရေးဆောင်ရွက်သွားဖို့အတွက် ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးပါတယ်။ ဒါ့ကြောင့် ရောဂါဖြစ်ပွားလာခဲ့ရင် ဆေးကုသမှုသာမက အစားအသောက်၊ ကျန်းမာရေးစနစ်တွေကို အရှိန်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ဖို့ သက်ဆိုင်ရာဝန်ထမ်းတွေကို လေ့ကျင့်ပြီး သင်တန်းပေးထားပါတယ်။ စောင့်ရှောက်မှုလုပ်ငန်းတွေကို ၂၀၀၆ ခုနှစ်ကတည်းက ဆောင်ရွက်နေခဲ့တာပါ။ ခုတော့ ဒီလုပ်ငန်းစဉ်ကို အရှိန်အဟုန်မြှင့်အားကောင်းစေဖို့ ပြန်လည်ပြင်ဆင်နေရပါတယ်။ တကယ်တမ်း ဖြစ်ပွားလာခဲ့ရင် ဆေးရုံတွေမှာလည်း ကျန်းမာရေးစောင့်ရှောက်မှု အပြည့်ပေးနိုင်ဖို့ အမာခံကျန်းမာရေးဝန်ထမ်းတွေ၊ ဆရာဝန်၊ ဆရာမတွေရှိဖို့အတွက် ကြိုတင်ပြင်ဆင်နေရပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကမ္ဘာတစ်ဝန်း၌ ၁၉၁၈၊ ၁၉၅၇နှင့် ၁၉၅၈၊ ၁၉၆၇ နှင့် ၁၉၆၈ ခုနှစ်တို့တွင် ကပ်ရောဂါအသွင် ဖြစ်ပွားခဲ့ပြီး လူပေါင်း သန်း ၄၀ ခန့်သေဆုံးခဲ့ရသော ကြက်/ငှက်တို့မှတစ်ဆင့် ကူးစက်ခဲ့သည့် ရောဂါဖြစ်ပွားပြီးနောက်ပိုင်း အဆိုပါကူးစက်ရောဂါများဖြစ်ပွားခဲ့ခြင်း ပမာဏ အလွန်နည်းပါးရာမှ ၂၀၀၃ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ဆားစ်ရောဂါသည် တပ်လှန့်နှိုးဆော်သကဲ့သို့ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အသက်ရှူလမ်းကြောင်းဆိုင်ရာ မားစ်ရောဂါကူးစက်ဖြစ်ပွားမှုသည် ကမ္ဘာ့နိုင်ငံပေါင်း ၂၀ ကျော်ကို ကူးစက်လျက်ရှိနေကြောင်းနှင့် ၎င်းတို့အထဲတွင် အာရှတိုက်ရှိ တောင်ကိုရီးယားနိုင်ငံတွင် ဇွန် ၃ ရက်မှ စတင်ကာ အဆိုပါ ရောဂါလက္ခဏာ ခံစားရသည့်အသက် (၆၈) နှစ်အရွယ် အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း၊ ယနေ့အထိ ထိုနိုင်ငံတွင် ယင်းရောဂါဖြင့် သေဆုံးသူ ၂၄ ဦးအထိ ရှိပြီဖြစ်ကြောင်း ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ ပါမောက္ခ ဒေါက်တာဇော်လင်းအောင်က အဆိုပါ ဟောပြောပွဲတွင် ပြောကြားသည်။

အဆိုပါ မားစ်ရောဂါသည် ဆားစ်ရောဂါလောက်ပျံ့နှံ့မှု မမြန်ဆန်သော်လည်း ရောဂါပြင်းထန်မှုမှာ မြင့်မားကြောင်း သိရသည်။

**(မြတ်စန္ဒီသင်းဇော်)**

# စတုတ္ထအကြိမ် အခြေခံမဲဆန္ဒရှင်စာရင်း ဇူလိုင် ၅ ရက်အထိ ကြေညာသွားမည်

**ရန်ကုန်  ဇွန်  ၂၂**

အခြေခံမဲဆန္ဒရှင်စာရင်းများကို ဇွန် ၂၂ ရက်မှ ဇူလိုင် ၅ ရက် အထိ ပြည်နယ်နှင့် တိုင်းဒေသကြီးအချို့တွင် စတုတ္ထအကြိမ်မြောက် ကြေညာသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ သိရသည်။

မတ်လ နောက်ဆုံးပတ်မှ ဧပြီ ဒုတိယပတ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၁၀ မြို့နယ်၏ အခြေခံမဲဆန္ဒရှင်စာရင်းများကို ပထမအကြိမ် စတင်ကြေညာခဲ့ကာ ဒုတိယအကြိမ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ၁၄ မြို့နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေမှ ရှစ်မြို့နယ်တို့တွင်ရှိသော အခြေခံမဲဆန္ဒရှင်စာရင်းများကို ကြေညာခဲ့သည်။ တတိယအကြိမ်အဖြစ် ဇွန် ၈ ရက်မှ ၂၁ ရက်အထိ ၁၄ ရက်တာကာလအတွင်း ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်များအားလုံးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ခရိုင် ငါးခု၊ တနင်္သာရီတိုင်းဒေသကြီးမှ ခရိုင် နှစ်ခု၊ ပဲခူးတိုင်းဒေသကြီးမှ ခရိုင် တစ်ခု၊ မန္တလေးတိုင်းဒေသကြီးမှ ခရိုင် လေးခု၊ ရှမ်းပြည်နယ်အတွင်းမှ ခရိုင် သုံးခုနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် အခြေခံမဲဆန္ဒရှင်စာရင်းများကို ကြေညာခဲ့ကြောင်း သိရသည်။

ဇွန် ၂၂ ရက်မှ ဇူလိုင် ၅ ရက်အထိ ၁၄ ရက်တိုင် ကြေညာသွားမည့် စတုတ္ထအကြိမ် အခြေခံမဲဆန္ဒရှင်စာရင်းတွင် ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ ခရိုင်အားလုံးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်သုံးခု၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် သုံးခု၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ငါးခု၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခရိုင် တစ်ခု၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ မြို့နယ် ၂၁ မြို့နယ်တို့တွင် ကြေညာမည်ဖြစ်ကြောင်း သိရသည်။

**(၆၈၀)**

# တိုးမြစ်ရေတိုက်စားခံစေတီတော်ကြီး၏ မြစ်ကမ်းထိန်းရေးလုပ်ငန်းအတွက် လှူဒါန်းပွဲကျင်းပ

**နေပြည်တော်  ဇွန်  ၂၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ မြို့ဦးပေါ်တော်မူရွှေစေတီတော်မြတ်ကြီးအား တိုးမြစ်ရေ တိုက်စားလျက်ရှိသဖြင့် မြစ်ကမ်းထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်လှူဒါန်းခြင်း ရေစက်ချအလှူမင်္ဂလာ အခမ်းအနားကို ဇွန် ၂၀ ရက် နံနက်ပိုင်းက အဆိုပါ မြို့ဦးပေါ်တော်မူ ရွှေစေတီတော်မြတ်ကြီး ရင်ပြင်တော်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မအူပင်မြို့ မြို့ဦးပေါ်တော်မူစေတီတော်မြတ်ကြီးသည် ၁၇၅၀ ခုနှစ်က တည်ထားကိုးကွယ်ခဲ့သော စေတီကြီးတစ်ဆူဖြစ်ပြီး မြစ်ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့ရာမှ ၁၈၉၁ ခုနှစ်တွင် ဉာဏ်တော်အမြင့် ၅၄ ပေရှိ စေတီကို ပြန်လည်တည်ထားခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် မြစ်ရေတစ်ဖန် ပြန်လည်တိုက်စားမှုကြောင့် ၂၀၀၂ ခုနှစ်တွင် စေတီတော်ကြီး ထပ်မံရေခပျက်စီးခဲ့သည်။ ယခု စေတီတော်ကြီးအား ၂၀၀၃ ခုနှစ်တွင် အများပြည်သူစုပေါင်း၍ စေတီတော်တစ်ဖန်ပြန်လည်တည်ထားခဲ့ရာ ၂၀၀၅ ခုနှစ်မေလတွင် ထီးတော်အသစ် တင်လှူပူဇော်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် စေတီတော်ကြီး ပရိဝုဏ်အား မြစ်ရေတိုက်စားမှုများ ပြန်လည်ဖြစ်ပေါ်ခဲ့ရာ စေတီတော်ကြီး ထပ်မံရေတိုက်စားခံရမှု မဖြစ်စေရေးအတွက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် ဦးဆောင်ပြီး ဒေသနေပြည်သူများနှင့် ပူးပေါင်းကာ ကွန်ကရစ်ဘိုးပိုင်စနစ်ဖြင့် မြို့ဦးပေါ်တော်မူစေတီတော် ကျောက်စီမြစ်ကမ်းထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းအား ဆောင်ရွက်ခဲ့ရာ မေ ၂၇ ရက်တွင် ဆောင်ရွက်ပြီးစီးခဲ့သည်။

ထို့နောက် မြို့ဦးပေါ်တော်မူစေတီတော် ကျောက်စီမြစ်ကမ်းထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း ရေစက်ချအခမ်းအနားတွင် မအူပင်မြို့ မြို့ဦးပေါ်တော်မူ ရွှေစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြရှိန်က မြစ်ကမ်းထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်ပေးခဲ့သည့် ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ဂုဏ်ပြုမှတ်တမ်းလွှာအား ပေးအပ်ရာ တိုင်းဒေသကြီးဦးစီးမှူး ဦးစောအောင်လွင်က လက်ခံခဲ့ကြောင်း သိရသည်။**(ဇော်မင်းအောင်)**

# မြန်မာနိုင်ငံအမျိုးသမီးများနေ့အထိမ်းအမှတ် မြေစိုက်ပို့စတာစိုက်ထူ

**ဗဟန်း  ဇွန်  ၂၂**

၂၀၁၅ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံအမျိုးသမီးများနေ့ အထိမ်းအမှတ်မြေစိုက်ပို့စတာ စိုက်ထူပွဲအခမ်းအနားကို ဇွန် ၂၀ ရက် နံနက် ၆ နာရီခွဲတွင် ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနှင့် ဦးထောင်ဗိုလမ်းထောင့်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးနှင့် နာယကများ၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာ ကော်မတီဥက္ကဋ္ဌ ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၏ ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် အမျိုးသမီး ရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ စုစုပေါင်းအင်အား ၃၅၀ ခန့် တက်ရောက်ခဲ့သည်။




တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယကများ ဖြစ်ကြသော ဒေါ်သင်းသင်းမြနှင့် ဒေါ်ခင်အေးနွယ်တို့က မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပို့စတာဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး တိုင်း ဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



# ယာဉ်လိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်များ နယ်လှည့်ကွင်းဆင်းဆောင်ရွက်

**နေပြည်တော်  ဇွန်  ၂၂**

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (နေပြည်တော်)မှ နေပြည်တော်ရုံးဦးစီးမှူး ဒေါ်တင်တင်ဌေးနှင့် ဝန်ထမ်းများသည် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်သို့ သွားရောက်၍ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်လိုင်စင်များ၊ ယာဉ်မောင်းလိုင်စင်များကိုနေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် လယ်ဝေးမြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီနှင့် ပူးပေါင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောမှုများကို ပြုလုပ်ပေးခဲ့သည်။

နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနမှ နယ်လှည့်ကွင်းဆင်း၍ လိုင်စင်များ၊ ယာဉ်မောင်းလိုင်စင်များ သက်တမ်းတိုးပေးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးမှုများ ပြုလုပ်ပေးခြင်းတို့ကြောင့် ဒေသခံပြည်သူများအနေဖြင့် အချိန်ကုန်ငွေကုန်သက်သာသဖြင့် စိတ်ကျေနပ်မှု အပြည့်အဝရရှိကြောင်း ဒေသခံပြည်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**(၁၀၇)**

# ကိုပါအမေရိကဖလား ကွာတားဖိုင်နယ် ဘရာဇီးနှင့်ပါရာဂွေးတွေ့မည်



ကိုပါအမေရိကဖလားပြိုင်ပွဲ၏ အုပ်စုအဆင့်နောက်ဆုံးပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ပြီးနောက် ဘရာဇီးအသင်း၏ အုပ်စုအဆင့်နောက်ဆုံးပွဲစဉ်ဖြစ်သည့် ဗင်နီဇွဲလားအသင်းနှင့် ပွဲစဉ်တွင် ဘရာဇီးအသင်းက ဗင်နီဇွဲလားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် ဘရာဇီးအသင်းသည် ပွဲကစားချိန် ကိုးမိနစ်တွင် သွင်းယူခဲ့သည့် သီယာဂိုဆေးလ်ဗား၏ သွင်းဂိုး၊ ပွဲကစားချိန် ၅၁ မိနစ်တွင် သွင်းယူခဲ့သည့် ဖိုလီဗီရာ၏ သွင်းဂိုးတို့ဖြင့် ဗင်နီဇွဲလားအသင်းကို အနိုင်ရရှိကာ ကိုပါအမေရိကဖလားပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းခဲ့ခြင်းဖြစ်သည်။

ဘရာဇီးအသင်းသည် ဗင်နီဇွဲလားအသင်းအား အနိုင်ရရှိခဲ့ပြီးနောက် ကိုပါအမေရိကဖလားပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းလာခဲ့ရာတွင် ကွာတားဖိုင်နယ်အဆင့်၌ ပါရာဂွေးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အဆိုပါကွာတားဖိုင်နယ်ပွဲစဉ်ကို ဇွန် ၂၇ ရက်တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

ဘရာဇီးအသင်းနှင့်အတူ တစ်အုပ်စုတည်းကျရောက်ခဲ့သည့် ပီရူးအသင်းနှင့် ကိုလံဘီယာအသင်းတို့သည်လည်း ကိုပါအမေရိကဖလားပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းလာနိုင်ခဲ့သည်။ ကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ချီလီအသင်းသည် ဥရုဂွေးအသင်းနှင့်လည်းကောင်း၊ ဘိုလီဗီးယားအသင်းသည် ပီရူးအသင်းနှင့်လည်းကောင်း၊ အာဂျင်တီးနားအသင်းသည် ကိုလံဘီယာအသင်းနှင့်လည်းကောင်း၊ ဘရာဇီးအသင်းသည် ပါရာဂွေးအသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ကွာတားဖိုင်နယ်ပွဲစဉ်များကို ဇွန် ၂၅၊ ၂၆ နှင့် ၂၇ ရက်တို့တွင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

[ငွေကြယ်]

## ဖက်ဒဲရာ ဟေးလီဖလားကို ရှစ်ကြိမ်မြောက် ဆွတ်ခူး

ကမ္ဘာ့အဆင့်(၂)တင်းနစ်ကစားသမား ဖက်ဒဲရာသည် အီတလီကစားသမား အန်းဒရီးယက်စ် ဆက်ပီအား ၇-၆ (၇-၁)၊ ၆-၄ဖြင့်အနိုင်ယူကာ ဟေးလီဖလားအား ရှစ်ကြိမ်မြောက်ဆွတ်ခူးနိုင်ခဲ့သည်။ယခုဆွတ်ခူးရရှိခဲ့သော ဟေးလီဖလားမှာ ၂၀၁၅အတွင်း ဖက်ဒဲရာ ဆွတ်ခူးခဲ့သော လေးခုမြောက်ဖလားဖြစ်လာကာ အစ္စတန်ဘူလ်ဖလား၊ ဒူဘိုင်းဖလားနှင့် ဘရစ္စဘိန်းဖလားတို့ကို ဆွတ်ခူးထားပြီးဖြစ်သည်။

ဖက်ဒဲရာက" ဒီဟေးလီဖလားမှာ ရှစ်ကြိမ်အထိ ဗိုလ်စွဲနိုင်ခဲ့တာက ကျွန်တော့်အတွက် မမေ့နိုင်စရာ အခိုက်အတန့်ကာလ ဖြစ်လာခဲ့ပါတယ်။၂၀၁၃ဟာ ကျွန်တော့်အတွက် တကယ့်ကို ခက်ခဲတဲ့နှစ်ပေါ့။၂၀၁၄မှာတော့ ပိုပြီးကောင်းလာအောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။၂၀၁၅ မှာတော့ အကောင်းဆုံးအခြေအနေတွေကို ပိုင်ဆိုင်နိုင်ဖို့ ကျွန်တော်ကြိုးပမ်းသွားမှာပါ။ ဒါက ဝင်ဘယ်လ်ဒန်ဖလားအတွက် ကောင်းမွန်တဲ့အစဖြစ်လာမယ်လို့ မျှော်လင့်ထားပါတယ်" ဟု ပြောကြားခဲ့သည်။

ဖက်ဒဲရာသည် ၂၀၁၂ခုနှစ်နောက်ပိုင်း ဖလားပြိုင်ပွဲများ၌ ချန်ပီယံဆုများဆွတ်ခူးနိုင်ခဲ့သော်လည်း အဓိကဂရင်းစလင်းပြိုင်ပွဲကြီးများတွင် ချန်ပီယံဆုနှင့် ဝေးကွာနေခဲ့ရာ လာမည့် ဇွန် ၂၉ရက်တွင် စတင်ယှဉ်ပြိုင်မည့် ဝင်ဘယ်လ်ဒန်ဖလားပြိုင်ပွဲတွင် အောင်မြင်မှုများ ပြန်လည်ရယူကာ ဂရင်းစလင်း ချန်ပီယံဆုနှင့် ဝေးကွာနေမှုအား အဆုံးသတ်ရန်ကြိုးပမ်းသွားမည်ဖြစ်သည်။ **[မေလွဲ့သင်း]**





## ရီးယဲလ်အား ဘင်နီတက်ဇ်

### အကောင်းဆုံးလမ်းညွှန်မှုပေးနိုင်မည်ဟု မာတာယုံကြည်

မန်ယူကွင်းလယ်ကစားသမား ဂျူအန်မာတာက နည်းပြ ဘင်နီတက်ဇ်အနေဖြင့် ရီးယဲလ်ကို တစ်ကျော့ပြန်အောင်မြင်မှုရရှိအောင် စွမ်းဆောင်နိုင်လိမ့်မည်ဟု သံသယမရှိယုံကြည်ကြောင်း ပြောကြားခဲ့သည်။ မာတာသည် ၂၀၁၂-၂၀၁၃ခုနှစ်က ဘင်နီတက်ဇ်လက်အောက်တွင် ချယ်လ်ဆီးအသင်းသားဘဝ၌ ယူရိုပါလိဂ်ဖလားရရှိခဲ့သူဖြစ်သည်။

ဘင်နီတက်ဇ်သည် ပြီးခဲ့သည့်မေလက ရီးယဲလ်နည်းပြအဖြစ် အန်စလော့တီနေရာကို အစားထိုးဝင်ရောက်တာဝန်ယူခဲ့ရသူဖြစ်သည်။ မာတာသည် ရီးယဲလ်၏ပြီးခဲ့သည့်နှစ်က ဖလားလက်မဲ့ရာသီကို ပြန်လည်နိုးထလာစေရန် ဘင်နီတက်ဇ်၏ အတွေ့အကြုံများက အကောင်းဆုံး လမ်းညွှန်မှုပေးနိုင်လိမ့်မည်ဟု ယုံကြည်နေသည်။

မာတာက" ကျွန်တော်တို့ ဘင်နီတက်ဇ်နဲ့ တွဲအလုပ်လုပ်တဲ့ကာလတုန်းက ယူရိုပါလိဂ်ဖလားရရှိခဲ့ပါတယ်။ သူက ဘယ်ကစားသမားတွေဆီက ဘယ်လောက်အထိ လုပ်အားနှုန်းရမယ်ဆိုတာ ကောင်းကောင်းသိသူပါ။ သူက အသင်းတစ်သင်းကို ဘယ်လိုကိုင်တွယ်ရမလဲဆိုတာလည်း ဂဃနဏသိထားသူပါ။ ကျွန်တော့်ကို လူတွေက ဒီဂီယာရဲ့ အပြောင်းအရွှေ့နဲ့ ပတ်သက်ပြီး လာလာမေးနေတယ်။ ကျွန်တော်ကတော့ သူပျော်ရွှင်ဖို့ပဲ အရေးကြီးတယ်လို့ ထင်ပါတယ်" ဟုဆိုသည်။ **[မေလွဲ့သင်း]**

## ရာမို့စ်အား စာချုပ်ခေါ်ယူရန် မန်ယူနီးစပ်နေ

မန်ယူအသင်းသည် လက်ရှိဂိုးသမား ဒီဂီယာမှာ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားရန် ရှိနေစဉ်တွင် ရီးယဲလ်မက်ဒရစ်နောက်တန်းကစားသမား ရာမို့စ်အား ပြန်လည်အစားထိုးခေါ်ယူရန် နီးစပ်မှုရှိနေပြီဖြစ်ကြောင်း သိရသည်။

နောက်တန်းကစားသမား ဆာဂျီယိုရာမို့စ်သည် လက်ရှိကလပ် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ စာချုပ်သက်တမ်းသည် နှစ်နှစ်ကျန်ရှိနေသေးသော်လည်း ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေကြောင်း သိရသည်။

ရာမို့စ်သည် ၂၀၀၅ ခုနှစ်အတွင်းက စပိန်လာလီဂါကလပ် ဆီဗီလာအသင်းမှ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး လက်ရှိတွင် ကလပ်အသင်းအတွက်ရော နိုင်ငံအသင်းအတွက်ပါ အကောင်းဆုံး ခြေစွမ်းပြကစားနိုင်ခဲ့ခြင်းကြောင့် ရာမို့စ်၏ အပြောင်းအရွှေ့ကိစ္စနှင့် ပတ်သက်၍ ပြောင်းရွှေ့ကြေး ယူရို ၆၅ သန်းအထိ ရီးယဲလ်မက်ဒရစ်အသင်းက တောင်းဆိုထားကြောင်း သိရသည်။

အသက်(၂၉)နှစ်အရွယ်ရှိ နောက်တန်းကစားသမား ရာမို့စ်သည် နည်းပြအန်ဆယ်လော့တီအား ထုတ်ပယ်ခဲ့ပြီးသည့်အချိန်မှစ၍ လက်ရှိကစားနေသည့် ရီးယဲလ်မက်ဒရစ်အသင်းတွင် ဆက်ကစားရန် ဆန္ဒမရှိခဲ့သူဖြစ်သည်။ လက်ရှိ ၎င်း၏ရီးယဲလ်မက်ဒရစ်အသင်းနှင့် စာချုပ်သက်တမ်းသည်လည်း ၂၀၁၇ ခုနှစ်အထိ ကျန်ရှိနေသေးသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ဂိုးသမားဒီဂီယာအား စာချုပ်ချုပ်ဆို ခေါ်ယူရန် ဆန္ဒရှိနေခြင်းကြောင့် ယခုနှစ်နွေရာသီအပြောင်းအရွှေ့အတွက် ရီးယဲလ်နောက်တန်းကစားသမား ရာမို့စ်အား မန်ယူအသင်းအနေဖြင့် ပစ်မှတ်ထားလာခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် ဂါရတ်ဘေးလ်နှင့် စီရိုနယ်လ်ဒိုတို့ကို စိတ်ဝင်စားနေသော်လည်း ဗန်ဟားလ်အနေဖြင့် နောက်တန်းကစားသမား ရာမို့စ် မန်ယူသို့ ရောက်ရှိလာခြင်းကိုသာ ကြိုဆိုကြောင်း ပြောကြားထားသည်။ **[ငွေကြယ်]**

## အားကစား လောက သတင်းတိုများ

* ချယ်လ်ဆီးဂိုးသမားပီတာချက်သည် အာဆင်နယ်သို့ ပြောင်းရွှေ့ရန် အပြီးသတ်သဘောတူညီမှု ရရှိခဲ့ပြီဖြစ်သည်။
* **မန်ယူအသင်းက ရီးယဲလ်အနေဖြင့် မန်ယူဂိုးသမားဒီဂီယာအား အလိုရှိလျှင် ၎င်းတို့၏ ခံစစ်ကစားသမား ရာမို့စ်အား အလဲအထပ်ပြုကာ ရောင်းချရမည်ဟု တုံ့ပြန်ပြောကြားခဲ့သည်။**
* စတာလင်အား မန်စီးတီးကခေါ်ယူချင်လျှင် အနည်းဆုံး ယူရိုသန်း၇၀ ပေးချေရမည်ဟု လီဗာပူးအသင်းတာဝန်ရှိသူများက ပြောကြားခဲ့သည်။
* **အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြင်သစ်အသင်းက တောင်ကိုရီးယားအသင်းအား သုံးဂိုး-ဂိုးမရှိဖြင့်အနိုင်ယူကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်သွားပြီဖြစ်သည်။**
* ယခင်ရီးယဲလ်တိုက်စစ်မှူး ဟီဂူအင်၏ဖခင်က ရီးယဲလ်အကြီးအကဲပီရက်ဇ်မှာ တောင်အမေရိကကစားသမားများကို နှစ်သက်ခြင်းမရှိသူဟု စွပ်စွဲပြောကြားခဲ့သည်။
* **နေမာမရှိလည်း ဘရာဇီးအနေဖြင့် ရလဒ်များကောင်းအောင်စွမ်းဆောင်နိုင်သည်ဟု ဘရာဇီးနည်းပြ ဒွန်ဂါကဆိုခဲ့သည်။**
* ဂျူဗင်တပ်အနေဖြင့် တိုက်စစ်မှူးတီဗက်ဇ်နေရာတွင် အစားထိုးနိုင်မည့် ကစားသမား ရှာတွေ့နိုင်မည်မဟုတ်ဟု ဂျူဗင်တပ်နည်းပြ အယ်လီဂရီက ဆိုခဲ့သည်။

# ဇွန် ၂၂ ရက် (တနင်္လာနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်းကျဉ်းပျမ်းမျှ အနိမ့်ဆုံးမှအမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ပုသိမ်၊ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၀၀၀ မှ ၄၅၀၀၀ |
| ၂ | ဧယာ/ ညှော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၁၅၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၃၀၀ မှ ၁၈၅၀၀ |
| ၄ | မြီးဒုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၅၀၀ မှ ၂၈၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၂၀၀၀ မှ ၂၂၅၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ(FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၂၃၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၁၅၀၀၀ မှ ၁၃၅၀၀၀ |
| ၉ | ဆွန်တာ (ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၉၀၀၀ မှ ၅၁၀၀၀ |
| ၁၀ | ထောပတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၅၀၀၀ မှ ၅၅၀၀၀ |
| ၁၁ | ပဲကြီး(ပဲ) | ကုန်း၊ ရွှေကျွန်း | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၀၀၀၀ မှ ၈၂၀၀၀ |
| ၁၂ | ပြောင်းဆန် | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၈၀၀၀ |
| ၁၃ | ပဲလွမ်းဖြူ (ပဲ) | ပဲခူး၊ မင်းလှ၊ မြစ်ဝကျွန်းပေါ် | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၇၂၀၀၀ မှ ၈၂၀၀၀ |
| ၁၄ | ဗိုလ်ကိတ်(ပဲ) | | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၉၀၀၀ မှ ၅၂၀၀၀ |
| ၁၅ | နှမ်းနက် စမုံ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၈၀၀၀၀ မှ ၁၉၀၀၀၀ |
| ၁၆ | နှမ်းညို (နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၈၅၀၀၀ |
| ၁၇ | ပန်းနှမ်း(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၀၀၀၀၀ မှ ၁၀၂၀၀၀ |
| ၁၈ | နှမ်းဖြူ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၉၉၀၀၀ မှ ၁၀၂၀၀၀ |
| ၁၉ | ကြက်သွန်နီ | ဆိပ်ဖြူ မုံရွာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၅၀ မှ ၆၀၀ |
| ၂၀ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၁၀၀ မှ ၂၀၅၀ |
| ၂၁ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀၀ မှ ၂၅၅၀ |
| ၂၂ | ပဲပုပ်(ရှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၄၂၀၀၀ မှ ၅၀၀၀၀ |
| ၂၃ | ပဲပုပ်(ဗမာ) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၄၈၅၀၀ |
| ၂၄ | အာလူး | ဟဲဟိုး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၉၀ မှ ၈၂၀ |

# ဆယ်ဘီးယာဉ် လမ်းဘေးထိုးကျ ၁၁ ဦးဒဏ်ရာရ

**နေပြည်တော် ဇွန် ၂၂**

စစ်ကိုင်းတိုင်း ဒေသကြီး ယင်းမာပင်မြို့နယ် လည်ငေါက်-ချင်ပြစ်ကားလမ်းမပေါ် ဆည်မြောင်းလက်တံ(၅) အနီး၌ ဇွန် ၂၀ ရက် ညနေပိုင်းက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါလမ်းအတိုင်း မုံရွာဘက်မှ ပုလဲမြို့သို့ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်နေ စန်းကျော်(ခ) ဆန်းကျော်(၃၅)နှစ် မောင်းနှင်လာသော 8I/×××× PICKUP(42) R TRUCK ယာဉ်မှာ ဝဲဘက်နောက်ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ဝဲဘက်သို့ ထိုးကျတိမ်းမှောက်ခဲ့ခြင်းကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသူများအနက် ယာဉ်မောင်း စန်းကျော်(ခ) ဆန်းကျော်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ညောင်ပင်ကြီးရွာနေ အောင်ဝင်းစိုး(၂၀) နှစ်ပါ ၁၁ ဦးတို့တွင် ဒဏ်ရာများ ရရှိခဲ့သဖြင့် စန်းကျော် (ခ) ဆန်းကျော်အား ယင်းမာပင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# အောင်လံမြို့နယ် ပန်းမတကျေးရွာအနီး ယာဉ်တိမ်းမှောက်၊ တစ်ဦးသေဆုံး

**အောင်လံ ဇွန် ၂၂**

အောင်လံမြို့တောင်ဘက် သုံးမိုင်ခန့်အကွာ ပန်းမတကျေးရွာအနီးတွင် ဇွန် ၁၉ ရက် နံနက် ၃ နာရီ ၄၅ မိနစ်ခန့်က ၂၂ ဘီးတွဲယာဉ် တိမ်းမှောက်၍ ယာဉ်မောင်း သေဆုံးခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ အောင်လံဘက်မှ ပြည်ဘက်သို့ အောင်မိုး(၃၅) နှစ် ပြည်မြို့နေသူမောင်းနှင်လာသော CHENG LONG ၂၂ ဘီးယာဉ်သည် ပန်းမတကျေးရွာ မိုင်တိုင်အမှတ် (၂၁၉/၀)အနီးအရောက်တွင် မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသော ယာဉ်တစ်စီးအား တိမ်းရှောင်စဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ခြမ်းရှိ ကုက္ကိုပင်အား တိုက်မိကာ တိမ်းမှောက်ခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း အောင်မိုးမှာ ဒဏ်ရာများဖြင့် အောင်လံမြို့နယ်ဆေးရုံတွင် သေဆုံးခဲ့ပြီး ယာဉ်နောက်လိုက်အောင်သူရ ပြည်မြို့နေသူမှာ ဒဏ်ရာများရရှိခဲ့သဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းအောင်မိုးအား အောင်လံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သိန်းလွင် (ပြန်/ဆက်)**

# စက်ဘီးစီးနင်းလာသူအား ဘိလပ်မြေသယ်ကုန်တင်ယာဉ် ဝင်တိုက်

**ပန်းတောင်း ဇွန် ၂၂**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ လမ်းမတော်လမ်း (ပြည်-တောင်ကုတ်လမ်း) တွင် ဇွန် ၁၈ ရက်က ဘိလပ်မြေသယ်ကုန်တင်ယာဉ်တစ်စီးက ကျောင်းသားတစ်ဦးအား တိုက်မိမှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၈ ရက် ည ၇ နာရီ ၄၅ မိနစ်က ဥသျှစ်ပင်မြို့ရတနာပုံရပ်ကွက် လမ်းမတော်လမ်း (ပြည်-တောင်ကုတ်ကားလမ်း) မိုင်တိုင်အမှတ် (၃၀/၃)နှင့် (၂၀/၄) တို့အကြားတွင် ဘိလပ်မြေ အိတ် ၆၀၀ တင်ဆောင်ပြီး တောင်ကုတ်ဘက်မှပြည်မြို့ဘက်သို့ စိုးမြင့်အောင် (၄၂)နှစ် စမ်းချောင်းရပ်ကွက် အောင်လံမြို့နေသူ မောင်းနှင်လာသည့် နီဆန်း 18-B နက်/ပြာရောင်ယာဉ်သည် မျက်နှာချင်းဆိုင်ဘက်မှ သံလယ်ကြီးရွာ မောင်ဇော်ပိုင် (၁၄)နှစ် စီးနင်းလာသည့် စက်ဘီးအား တိုက်မိရာ မောင်ဇော်ပိုင်တွင် ဝဲဘက်ပေါင် စုတ်ပြဲဒဏ်ရာ၊ ဝဲဘက်ခြေခုံတွင် ပေါက်ပြဲဒဏ်ရာ (စိုးရိမ်ရ) ဒဏ်ရာများရရှိပြီး စက်ဘီးရှေ့ဘီးပျက်စီးသွားသဖြင့် မောင်ဇော်ပိုင်အား ဥသျှစ်ပင်ပြည်သူ့ဆေးရုံမှတစ်ဆင့် ပြည်မြို့ ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းပေးပို့ခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုနှင့်ပတ်သက်၍ ကုန်တင်ယာဉ်မောင်း စိုးမြင့်အောင်အား ဥသျှစ်ပင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အောင်မြင့်)**

# နေအိမ်အတွင်းမှ ရွှေထည်ပစ္စည်းများနှင့် လက်ကိုင်ဖုန်းများ ခိုးယူသူအား ဖော်ထုတ်ဖမ်းဆီး

**ရန်ကုန် ဇွန် ၂၂**

အင်းစိန်မြို့နယ်နေ ကိုဗိုလ်လင်းကျော်သည် ဇွန် ၁၈ ရက် နံနက် ၂နာရီခွဲခန့်က အိပ်ရာမှနိုးစဉ် နေအိမ်တံခါးပွင့်နေပြီး အောက်ထပ်ရှိ ဗီရိုအတွင်းမှ ရွှေထည်ပစ္စည်းများနှင့် စားပွဲပေါ်ရှိ အလုပ်သမားများ၏ လက်ကိုင်ဖုန်းကိုးလုံး ပျောက်ဆုံးနေသည်ကိုတွေ့ရှိရသဖြင့် စုံစမ်းအရေးယူပေးရန် တိုင်တန်းချက်အရ အင်းစိန်မြို့မရဲစခန်းက အမှုဖွင့် စုံစမ်းဆောင်ရွက်ခဲ့သည်။

အမှုနှင့်ပတ်သက်၍ အင်းစိန်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွှေပြည်သာမြို့နယ်နေ ဟိန်းထက်(ခ)သော်ဇင်(၁၉) နှစ်မှာ ပြစ်မှုကျူးလွန်ခဲ့ကြောင်း မသင်္ကာဖွယ်တွေ့ရှိရသဖြင့် ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ၎င်းအား ယင်းနေ့ ညနေ ၄ နာရီခန့်က အင်းစိန်မြို့နယ်၊ တညင်းကုန်းလမ်းဆုံ၌ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးရာ အဆိုပါပြစ်မှုကိုကျူးလွန်ကြောင်းပေါ်ပေါက်ခဲ့ပြီး ရွှေထည်ပစ္စည်းများနှင့် လက်ကိုင်ဖုန်းများအား ပြန်လည်သိမ်းဆည်းပြီး ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၀၄၀)**

## မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

## မူးယစ်အန္တရာယ် လူ့ရန်စွယ် ကာကွယ်တိုက်ဖျက် လက်ချင်းဆက်

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို အထူးအလေးထားလျက် မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ ပြည်သူလူထုဗဟိုပြုသော လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**လားရှိုးမြို့နယ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအတွင်း ရွှေလီစစ်ဆင်ရေး (၂)စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၉ ရက်က မူးယစ်တပ်ဖွဲ့စု (၁၀၂) နေပြည်တော်နှင့် မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် ကုန်းညောင်ကျေးရွာအထွက် တံတားအနီးတွင် ပိန်းခမ်ကျေးရွာဘက်မှ ကုန်းညောင်ကျေးရွာဘက်သို့ လှမင်းထွန်း မောင်းနှင်ပြီး မမြင့်မြင့်ဌေး လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ မမြင့်မြင့်ဌေး ဆုပ်ကိုင်ထားသည့် ပလတ်စတစ်အိတ်ငယ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ သိမ်းဆည်းရမိသဖြင့် လှမင်းထွန်း (၂၁)နှစ်နှင့် မမြင့်မြင့်ဌေး (၁၉)နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**တန့်ယန်းမြို့နယ်**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသအတွင်း ရွှေလီစစ်ဆင်ရေး(၂) စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၉ ရက်က မူးယစ်တပ်ဖွဲ့စု(၂၃) တန့်ယန်းမှ တပ်ဖွဲ့ဝင်များသည် တန့်ယန်း-မိုင်းကောင် ကျေးရွာသွားကားလမ်း နမ့်ပိတ်တံတားအနီး လမ်းမပေါ်တွင် မိုင်းကောင်ကျေးရွာမှ တန့်ယန်းဘက်သို့ အိုက်တောင်း မောင်းနှင်လာသည့် ဆိုင်ကယ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိသဖြင့် အိုက်တောင်း (၂၃) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**တာလေမြို့နယ်**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသအတွင်း မဲခေါင်စစ်ဆင်ရေး(၂) စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၈ရက်က နယ်မြေခံတပ်၊ မူးယစ်တပ်ဖွဲ့စု (၁၀၄) နေပြည်တော်၊ မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်နှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာလေမြို့အဝင် တိုးဂိတ်တွင် မိုင်းဖြတ်ဘက်မှ တာလေဘက်သို့ အိုက်ကျန်း မောင်းနှင်ပြီး စိုင်းအာစိန်န လိုက်ပါလာသည့် SHN-7H/----- မစ်ဆူဘီရှီပါဂျဲရိုး (အိုင်အို) မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀ သိမ်းဆည်းရမိသဖြင့် အိုက်ကျန်း (၂၈) နှစ်နှင့် စိုင်းအာစိန်န (၂၇) နှစ်တို့ နှစ်ဦးအား **(အပေါ်ပုံ)**မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။




**(ကြေးမုံ)**

# ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

## (ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်)

ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း
(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )
၁၃၇၇ ခုနှစ်၊ လ ရက်
( ၂၀၁၅ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ရာဇဝတ်ကျင့်ထုံးဥပဒေ **(The Code of Criminal Procedure)** ပုဒ်မ ၄ တွင်-

(က) ပုဒ်မခွဲ(၁) ပုဒ်မခွဲငယ် (ဗ) ပါ "transportation" ဆိုသည့်စကားရပ်ကို "imprisonment for life " ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) အောက်ပါအဓိပ္ပာယ်ဖွင့်ဆိုချက်ကိုပုဒ်မခွဲ(၁)ပုဒ်မခွဲငယ် (ဘ)အဖြစ် ဖြည့်စွက်ရမည်-

**4.(1)(x)** " district" means the local limit of the jurisdiction of the District Court here in after called " District Court" and includes the Court of the Self-Administered Division or the Court of the Self-Administered Zone.

(ဂ) အောက်ပါအဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပုဒ်မခွဲ (၁)ပုဒ်မခွဲငယ် (မ)အဖြစ် ဖြည့်စွက်ရမည်-

**4.(1)(y)** "Session Court or Court of Session" in this Code means " **a** Court of the Self-Administered Division or **a** Court of the Self-Administered Zone or **a** District Court".

(ဃ) အောက်ပါအဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပုဒ်မခွဲ (၁) ပုဒ်မခွဲ (ယ) အဖြစ် ဖြည့်စွက်ရမည်-

**4.(1)(z)** " Magistrate " means and includes any judge who is empowered by the Code of Criminal Procedure, to take evidence and pronounce in any criminal proceeding, a definitive judgement.

၃။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၆ ကို အောက်ပါစာပိုဒ်ဖြင့် အစားထိုးရမည်-

**6**. Besides the Supreme Court of the Union and Courts constituted under any law other than this Code for the time being in force there shall be three classes of criminal Courts in the Republic of the Union of Myanmar, namely-

I. High Court**s** of the Region or High Court**s** of the State;

II. Court**s** of the Self-Administered Division or Court**s** of the Self-Administered Zone, or District Court**s**;

III. Township Court**s**.

၄။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၈ တွင်-

(က) ပုဒ်မခွဲ (က)ပါ "the High Court" ဆိုသည့်စကားရပ်ကို " the Supreme Court of the Union" ဆိုသည့်စကားရပ်ဖြင့်အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ခ) တွင်ပါရှိသော " the Court of Session" ဆိုသည့်စကားရပ်ကို "a High Court of the Region or a High Court of the State" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (ဂ) အဖြစ် အောက်ပါစကားရပ်ကို ဖြည့်စွက်ရမည်-

**28.(c)** by the Court of the Self-Administered Division or the Court of the Self-Administered Zone or the District Court, or

(ဃ) ပုဒ်မခွဲ(ဂ)အား ပုဒ်မခွဲ(ဃ) အဖြစ်ပြောင်းလဲပြင်ဆင်ရမည်။

၅။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၉ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၉၉ ခ၊ ပုဒ်မ ၉၉ ဂ၊ ပုဒ်မ ၁၀၆ ပုဒ်မခွဲ (၁)၊ပုဒ်မ ၁၀၆ ပုဒ်မခွဲ (၃)၊ ပုဒ်မ ၁၈၅ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၁၈၆ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၂၂၇ ပုဒ်မခွဲ (၁) ၊ ပုဒ်မ ၃၃၉ ပုဒ်မခွဲ (၃)၊ ပုဒ်မ ၃၃၉ က ပုဒ်မခွဲ (၁) ပုဒ်မခွဲငယ်(က)၊ ပုဒ်မ ၃၄၁၊ ပုဒ်မ ၃၄၂ ပုဒ်မခွဲ (၁) ပုဒ်မခွဲငယ်(င)၊ ပုဒ်မ ၃၄၄ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၃၄၇ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၃၄၈ ၊ ပုဒ်မ ၃၆၄ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၄၁၀၊ပုဒ်မ ၄၁၇၊ ပုဒ်မ ၄၆၅ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၄၆၉၊ ပုဒ်မ ၄၇၆ ပုဒ်မခွဲ (၁) ခြွင်းချက်၊ ပုဒ်မ ၄၇၈ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၄၇၉၊ ပုဒ်မ ၄၈၅၊ ပုဒ်မ ၄၈၇၊ ပုဒ်မ ၄၉၁ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၅၂၇ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၅၃၂ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၅၃၉ က ပုဒ်မခွဲ (၁)၊ ပုဒ်မ ၅၄၆က ပုဒ်မခွဲ (၂)၊ ပုဒ်မ ၅၆၅ ပုဒ်မခွဲ(၁)နှင့် ပုဒ်မ ၅၆၅ ပုဒ်မခွဲ (၄) တို့တွင်ပါရှိသော " the High Court " ဆိုသည့်စကားရပ်ကို " a High Court of the Region or a High Court of the State " ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ပုဒ်မ ၄၂၇၊ ပုဒ်မ ၄၂၈ ပုဒ်မခွဲ(၁)၊ ပုဒ်မ ၄၃၄ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၄၃၄ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၅၀၂ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၅၁၆ ၊ ပုဒ်မ ၅၁၇ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၅၂၆ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၅၂၆ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၅၂၆ ပုဒ်မခွဲ (၃)၊ ပုဒ်မ ၅၂၆ ပုဒ်မခွဲ (၆ က)၊ ပုဒ်မ ၅၆၁-က တို့တွင် ပါရှိသော "the High Court" ဆိုသည့်စကားရပ်ကို "the Supreme Court of the Union or a High Court of the Region or a High Court of the State" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၅၀၃ ပုဒ်မခွဲ (၁) တွင်ပါရှိသော "the High Court" ဆိုသည့်စကားရပ်ကို "a High Court of the Region or a High Court of the State or the Supreme Court of the Union" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၆။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၁ တွင်-

(က) ပုဒ်မခွဲ (၁) ကို အောက်ပါစာပိုဒ်ဖြင့် အစားထိုးရမည်-

**31.(1)** The Supreme Court of the Union, may pass any sentence authorized by law.

(ခ) ပုဒ်မခွဲ(၂) ပါ "A Sessions Judge or Additional Sessions Judge " ဆိုသည့် စကားရပ်ကို "a High Court of the Region or a High Court of the State or a District Court " ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "such Judge" ဆိုသည့်စကားရပ်ကို "such Court " ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "the High Court" ဆိုသည့် စကားရပ်ကို "the Supreme Court of the Union" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်းအစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (၃)ကို ပယ်ဖျက်ရမည်။

၇။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၂ တွင် ပါရှိသော "Courts of Magistrates" ဆိုသည့် စကားရပ်ကို "Courts of Judges"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(က) ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ်(က)တွင်ပါရှိသော "two years" ဆိုသည့်စကားရပ်ကို "three years" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "one thousand kyats" ဆိုသည့် စကားရပ်ကို "one hundred thousand kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ်(ခ)တွင်ပါရှိသော "six months" ဆိုသည့်စကားရပ်ကို "one year"ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "two hundred kyats" ဆိုသည့် စကားရပ်ကို " fifty thousand kyats" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ(၁)၊ပုဒ်မခွဲငယ်(ဂ)တွင်ပါရှိသော "one month" ဆိုသည့်စကားရပ်ကို "three months" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "fifty kyats" ဆိုသည့် စကားရပ်ကို "thirty thousand kyats "ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၈။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၄ တွင် " transportation for a term exceeding seven years of imprisonment" ဆိုသည့်စကားရပ်ကို "imprisonment for life " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၅ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၁၉၆ က ပုဒ်မခွဲ (၂)၊ ပုဒ်မ ၂၆၁ ပုဒ်မခွဲ(က)၊ ပုဒ်မ ၃၈၁၊ ပုဒ်မ၃၉၃ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၃၉၆၊ ပုဒ်မ ၃၉၇၊ ပုဒ်မ ၃၉၈ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၄၀၂ ပုဒ်မခွဲ (၁) ၊ ပုဒ်မ ၅၁၂ ပုဒ်မခွဲ(၂) နှင့် ပုဒ်မ ၅၆၅ ပုဒ်မခွဲ (၁)ပါ "transportation " ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ ပုဒ်မ ၄၆ ပုဒ်မခွဲ (၃) နှင့် ပုဒ်မ ၃၈၂ တို့ ပါ"transportation for life" ဆိုသည့် စကားရပ်ကိုလည်းကောင်း "imprisonment for life " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၆၈ ပုဒ်မခွဲ (၁)၊ ပုဒ်မ ၉၉ စ၊ ပုဒ်မ ၂၃၂ ပုဒ်မခွဲ (၁) ပုဒ်မ ၃၇၄၊ ပုဒ်မ ၃၇၅ ပုဒ်မခွဲ (၁) ၊ ပုဒ်မ ၃၇၅ ပုဒ်မခွဲ(၂)၊ ပုဒ်မ ၃၇၅ ပုဒ်မခွဲ(၃)၊ ပုဒ်မ ၃၇၆၊ ပုဒ်မ ၃၇၇၊ ပုဒ်မ ၃၇၉၊ ပုဒ်မ ၃၈၁၊ ပုဒ်မ ၃၈၂၊ ပုဒ်မ ၄၂၄၊ ပုဒ်မ ၄၉၁ ပုဒ်မခွဲ (၂)၊ နှင့် ပုဒ်မ ၅၅၈ တို့တွင်ပါရှိသော "the High Court" ဆိုသည့် စကားရပ်ကို "the Supreme Court of the Union " ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၂၃ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၁၂၃ ပုဒ်မခွဲ (၃) ပုဒ်မခွဲငယ် (၃ က)၊ ပုဒ်မ ၁၂၃ ပုဒ်မခွဲ (၃) ပုဒ်မခွဲငယ် (၃ ခ)၊ ပုဒ်မ ၃၅၉ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၃၆၀ ပုဒ်မခွဲ (၂)၊ ပုဒ်မ ၃၆၃၊ ပုဒ်မ ၃၇၁ ပုဒ်မခွဲ (၃)၊ ပုဒ်မ ၄၁၀၊ ပုဒ်မ ၅၅၉ ပုဒ်မခွဲ (၃)တို့ပါ "Sessions Judge " ဆိုသည့် စကားရပ်ကို " District Judge " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၂၃ ပုဒ်မခွဲ (၃) ပုဒ်မခွဲငယ်(၃ ခ) ပါ "Additional Sessions Judge" ဆိုသည့်စကားရပ်ကို " Additional District Judge" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "Assistant Sessions Judge"ဆိုသည့်စကားရပ်ကို "Deputy District Judge" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၁၀ ပါ "Additional Sessions Judge" ဆိုသည့်စကားရပ်ကို "Additional District Judge or Deputy District Judge" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၅၅၉ ပုဒ်မခွဲ (၃)ပါ "Additional or Assistant Sessions Judge " ဆိုသည့်စကားရပ်ကို "Additional District Judge or Deputy District Judge " ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၁၂။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၇၈ တွင်ပါရှိသော "Sessions division "ဆိုသည့်စကားရပ်ကို "other local area" ဆိုသည့်စကားရပ် ဖြင့်လည်းကောင်း၊ "High Court" ဆိုသည့်စကားရပ်ကို "High Court of the Region or the High Court of the State" ဆိုသည့် စကားရပ် ဖြင့်လည်းကောင်း အစားထိုးရမည်။

၁၆။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၉၃ ပုဒ်မခွဲ(၂)ပါ "Additional Sessions Judges" ဆိုသည့်စကားရပ်ကို "Additional District Judges" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "Assistant Sessions Judges" ဆိုသည့်စကားရပ်ကို "Deputy District Judges" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "Sessions Judge" ဆိုသည့်စကားရပ်ကို " District Judge" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "division" ဆိုသည့် စကားရပ်ကို "district" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၁၃။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၅၀ ပုဒ်မခွဲ (၂) တွင်ပါရှိသော "one hundred kyats" ကို " fifty thousand kyats " ဟုလည်းကောင်း၊ " fifty kyats " ကို "thirty thousand kyats "ဟုလည်းကောင်း၊ ပုဒ်မ ၂၆၁ ပုဒ်မခွဲ(ဂ)၊ ပုဒ်မ ၂၆၁ ပုဒ်မခွဲ(ဃ)၊ ပုဒ်မ ၂၆၁ ပုဒ်မခွဲ(င) တို့တွင် ပါရှိသော "fifty kyats" ကို "thirty thousand kyats" ဟု လည်းကောင်း၊ ပုဒ်မ ၃၉၅ ပုဒ်မခွဲ (၁) တွင်ပါရှိသော " five hundred kyats " ဆိုသည့် စကားရပ်ကို "fifty thousand kyats " ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၁၄ တွင်ပါရှိသော " two hundred kyats " ဆိုသည့်စကားရပ်ကို " twenty thousand kyats " ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၈၀ ပုဒ်မခွဲ(၁)နှင့် ၄၈၂ ပုဒ်မခွဲ(၁) တို့တွင် ပါရှိသော "two hundred kyats"ဆိုသည့်စကားရပ်ကို " twenty thousand kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၈၈ ပုဒ်မခွဲ (၁) နှင့် ၄၈၉ ပုဒ်မခွဲ (၁) တို့တွင်ပါရှိသော "one hundred kyats" ဆိုသည့်စကားရပ်ကို "fifty thousand kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၅၂၅ တွင်ပါရှိသော " ten kyats" ဆိုသည့် စကားရပ်ကို " one thousand kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၅၂၆ (၆က) တွင် ပါရှိသော " two hundred and fifty kyats" ဆိုသည့် စကားရပ်ကို "twenty-five thousand kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၁၄။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၂၆၀ တွင်-

(က) ပုဒ်မခွဲ (၁) ဒုတိယစာပိုဒ် ပုဒ်မခွဲငယ် (က) ပါ "transportation" ဆိုသည့် စကားရပ်ကို "imprisonment for life" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (၁) ဒုတိယစာပိုဒ် ပုဒ်မခွဲငယ် (ခ) (ဂ) (ဃ)တွင် ပါရှိသော "one hundred kyats"ဆိုသည့်စကားရပ်ကို "fifty thousand kyats" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (၁) ပုဒ်မခွဲငယ် (ည)ပါ " offences under section 20 of the Cattle Trespass Act" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၁၅။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၄၅ ပုဒ်မခွဲ (၅ က)တွင် အောက်ပါ စာပိုဒ်ဖြင့် အစားထိုးရမည်-

345.(5A) The Supreme Court of the Union or a High Court of the Region or a High Court of the State or a District Court acting in the exercise of its powers of revision under section 439 may allow any person to compound any offence which he is competent to compound under this section.

၁၆။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၆၀ ပုဒ်မခွဲ(၁)ကို အောက်ပါ စာပိုဒ်ဖြင့် အစားထိုးရမည်-

360.(1) As the evidence of each witness taken under section 356 is completed, it shall be read over to him in the presence of the accused, if in attendance, or of his pleader, if he appears by pleader, and shall, if necessary, be corrected and such evidence taken down shall be signed by the witness on every page.

၁၇။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၆၅ တွင်-

(က) "The High Court" ဆိုသည့်စကားရပ်ကို "The Supreme Court of the Union" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) "the Court" ဆိုသည့်စကားရပ်ကို "a High Court of the Region or a High Court of the State" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၈။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၆ တွင်-

(က) ပထမခြွင်းချက်ကိုပယ်ဖျက်ရမည်။

(ခ) ဒုတိယခြွင်းချက်ပါ "further," ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

(ဂ) ဒုတိယခြွင်းချက်ပါ "Session Judge"ဆိုသည့်စကားရပ်ကို

စာမျက်နှာ ၁၆ သို့ ◆

## ဥပဒေကြစ်း

◆ စာမျက်နှာ ၁၅ မှ

"District Judge" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၉။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၈ ကို အောက်ပါစာပိုဒ်ဖြင့် အစားထိုးရမည်-

408. Any Person convicted on a trial held by a Township Judge or an Additional Township Judge or a Deputy Township Judge may appeal to the District Court.

၂၀။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၉ ကို အောက်ပါစာပိုဒ်ဖြင့် အစားထိုးရမည်-

409. An appeal to the District Court shall be heard by the District Judge or by a Additional District Judge or Deputy District Judge as the District Judge may make over to him.

၂၁။ ရာဇဝတ်ကျင့်ထုံးဥပဒေတွင် ပယ်ဖျက်ထားသော ပုဒ်မ ၄၁၁ ကို အောက်ပါစာပိုဒ်ဖြင့် အစားထိုးရမည်-

411. Any person convicted on a trial held by a High Court of the Region or a High Court of the State, may appeal to the Supreme Court of the Union.

၂၂။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၁၃ တွင် ပါရှိသော "two hundred Kyats" ဆိုသည့်စကားရပ်ကို "twenty thousand Kyats" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "one hundred Kyats" ဆိုသည့် စကားရပ်ကို "ten thousand Kyats" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အစားထိုးရမည်။

၂၃။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၂၅ တွင် -
(က) ပုဒ်မခွဲ (၁)ပါ "the High Court" ဆိုသည့်စကားရပ်ကို "the Supreme Court of the Union or a High Court of the Region or a High Court of the State"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။
(ခ) ပုဒ်မခွဲ (၂) ပါ "the High Court" ဆိုသည့် စကားရပ်များကို " the Supreme Court of the Union or a High Court of the Region or a High Court of the State" ဆိုသည့် စကားရပ်များဖြင့် အစားထိုးရမည်။

၂၄။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၂၆ တွင် -
(က) ပုဒ်မခွဲ (၂) ပါ "the High Court" ဆိုသည့်စကားရပ်ကို " the Supreme Court of the Union or a High Court of the Region or a High Court of the State" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။
(ခ) ပုဒ်မခွဲ (၃) ပါ "transportation" ဆိုသည့်စကားရပ်ကို "imprisonment for life" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၅။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၅ တွင်-
(က) ပုဒ်မခွဲ (၁)တွင် ပါရှိသော "The High Court" ဆိုသည့် စကားရပ်ကို "The Supreme Court of the Union or a High Court of the Region or a High Court of the State" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။
(ခ) ပုဒ်မခွဲ (၁) ပါ "Sessions Judge or District Magistrate"ဆိုသည့်စကားရပ်ကို "District Court" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။
(ဂ) ပုဒ်မခွဲ (၁) ပါ "or any Sub-divisional Magistrate empowered by the President of the Union in this behalf" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။
(ဃ) ရှင်းလင်းချက်ကို ပယ်ဖျက်ရမည်။

၂၆။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ တွင်ပါရှိသော "the High Court" ဆိုသည့် စကားရပ်ကို "the Supreme Court of the Union or a High Court of the Region or a High Court of the State" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ " Sessions Judge " ဆိုသည့်စကားရပ်ကို "District Judge" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "District Magistrate" ဆိုသည့် စကားရပ်ကို "District Court" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၂၇။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၇ တွင်ပါရှိသော "the Sessions Judge or District Magistrate" ဆိုသည့်စကားရပ်ကို "the District Judge" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ "the Court of Session" ဆိုသည့်စကားရပ်ကို "the District Court" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၂၈။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ ပုဒ်မခွဲ(၁) ပုဒ်မခွဲ(၄) နှင့် ပုဒ်မ ၄၄၂ တို့တွင် ပါရှိသော "the High Court" ဆိုသည့်စကားရပ်ကို "the Supreme Court of the Union or a High Court of the Region or a High Court of the State," ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ " the State or Divisional Court " ဆိုသည့် စကားရပ်ကို "the District Court " ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၂၉။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၇ တွင်-
(က) ပုဒ်မခွဲ (၁) တွင်ပါရှိသော " with death " ဆိုသည့်စကားရပ်နောက်တွင် " or with imprisonment for life or with unlimited period of imprisonment " ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။
(ခ) ပုဒ်မခွဲ (၁) ပါ " or with transportation for life " ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။
(ဂ) ပုဒ်မခွဲ (၅) ပါ "The High Court " ဆိုသည့်စကားရပ်ကို " The Supreme Court of the Union or a High Court of the Region or a High Court of the State" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃၀။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၈ တွင်-
(က) ပုဒ်မခွဲ (၁)ပါ "The High Court" ဆိုသည့်စကားရပ်ကို "The Supreme Court of the Union or a High Court of the Region or a High Court of the State" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။
(ခ) ပုဒ်မခွဲ (၂) ခြွင်းချက်တွင်ပါရှိသောစကားရပ်ကို " Provided that no person shall be admitted to bail under this section, unless the Attorney General of the Union or Advocate-General of the Region or the Advocate-General of the State or Public Prosecutor, as the case may be, has had an opportunity of being heard." ဆိုသည့်စကားရပ်ဖြင့်အစားထိုးရမည်။

၃၁။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၉ ပုဒ်မခွဲ (၂) တွင်ပါရှိသော "High Court" ဆိုသည့်စကားရပ်ကို "Supreme Court of the Union or a High Court of the Region or a High Court of the State" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃၂။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၃၁ တွင်ပါရှိသော " Sessions division " နှင့် "sub-division" ဆိုသည့်စကားရပ်တို့ကိုပယ်ဖျက်ရမည်။

၃၃။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၃၉ တွင် -
(က) " the High Court " ဆိုသည့် စကားရပ်ကို " a High Court of the Region or a High Court of the State " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။
(ခ) " or any Commissioner to administer oaths in England or Ireland, or any Magistrate authorized to take affidavits or affirmations in Scotland" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၃၄။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၅၄ ပုဒ်မခွဲ(၁) ကို အောက်ပါအတိုင်း အစားထိုးရမည်-

554(1). The Supreme Court of the Union may make rules for the inspection of subordinate Courts.

၃၅။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၂ တွင် -
(က) ပုဒ်မခွဲ(၁) ပါ "transportation for life" ဆိုသည့် စကားရပ်ကို "imprisonment for life" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။
(ခ) ပုဒ်မခွဲ (၂) နှင့် (၃) ပါ " The High Court" ဆိုသည့် စကားရပ်ကို "a High Court of the Region or a High Court of the State" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၆။ ရာဇဝတ်ကျင့်ထုံးဥပဒေဇယား ၂၊ စာတိုင် ၂၊ ပုဒ်မ ၁၁၅ (ပထမပိုင်း)၊ ပုဒ်မ ၁၁၈(ပထမပိုင်း)၊ ပုဒ်မ၁၁၉(ဒုတိယပိုင်း)၊ ပုဒ်မ ၁၉၅၊ ပုဒ်မ ၂၀၁ (ဒုတိယပိုင်း)၊ ပုဒ်မ ၂၁၁ (တတိယပိုင်း)၊ ပုဒ်မ ၂၁၂ (ဒုတိယပိုင်း)၊ ပုဒ်မ ၂၁၃ (ဒုတိယပိုင်း)၊ ပုဒ်မ ၂၁၄ (ဒုတိယပိုင်း)၊ ပုဒ်မ ၂၁၆ (ဒုတိယပိုင်း)၊ ပုဒ်မ ၂၂၁ (ဒုတိယပိုင်း)၊ ပုဒ်မ ၃၀၂ (ပထမပိုင်း)၊ ပုဒ်မ ၃၀၇ (ဒုတိယပိုင်း)၊ ပုဒ်မ ၃၈၈ (ပထမပိုင်း)၊ ပုဒ်မ ၃၈၉ (ပထမပိုင်း)နှင့် ပုဒ်မ ၄၅၀ ပါ "transportation for life" ဆိုသည့်စကားရပ်ကို "imprisonment for life" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၇။ ရာဇဝတ်ကျင့်ထုံးဥပဒေဇယား၂၊ စာတိုင် ၂ ပါ ပုဒ်မ ၁၂၀ ခ၊ စာတိုင်၂ နှင့် စာတိုင် ၇ ပါပုဒ်မ ၅၁၁ နှင့် အခြားဥပဒေကို ကျူးလွန်သူများ ခေါင်းစဉ်အောက်ရှိ စာတိုင် ၂ တို့တွင်ပါရှိသည့် "transportation" ဆိုသည့် စကားရပ်ကို "imprisonment for life" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃၈။ ရာဇဝတ်ကျင့်ထုံးဥပဒေ ဇယား ၂၊ စာတိုင် ၇၊ ပုဒ်မ ၁၂၃၊ ပုဒ်မ ၁၂၅ပုဒ်မ ၁၂၈၊ ပုဒ်မ ၁၃၀၊ ပုဒ်မ ၁၃၁ပုဒ်မ ၁၃၂၊ ပုဒ်မ ၁၉၄၊ ပုဒ်မ ၁၉၅၊ ပုဒ်မ ၂၃၂၊ ပုဒ်မ ၂၃၈၊ ပုဒ်မ ၂၅၅၊ ပုဒ်မ ၃၀၂ (ဒုတိယပိုင်း)၊ ပုဒ်မ ၃၀၄၊ ပုဒ်မ ၃၀၅၊ ပုဒ်မ ၃၀၇ (ဒုတိယပိုင်း)၊ ပုဒ်မ ၃၁၁၊ ပုဒ်မ ၃၁၃၊ ပုဒ်မ ၃၁၄ (ဒုတိယပိုင်း)၊ ပုဒ်မ ၃၂၆၊ ပုဒ်မ ၃၂၉၊ ပုဒ်မ ၃၆၄၊ ပုဒ်မ ၃၇၁၊ ပုဒ်မ ၃၇၆ (ဒုတိယပိုင်း)၊ ပုဒ်မ ၃၇၆ (တတိယပိုင်း)၊ ပုဒ်မ ၃၇၇၊ ပုဒ်မ ၃၈၈ (ဒုတိယပိုင်း)၊ ပုဒ်မ ၃၈၉ (ဒုတိယပိုင်း)၊ ပုဒ်မ ၃၉၄၊ ပုဒ်မ ၃၉၅၊ ပုဒ်မ ၃၉၆၊ ပုဒ်မ ၄၀၀၊ ပုဒ်မ ၄၀၉၊ ပုဒ်မ ၄၁၂၊ ပုဒ်မ ၄၁၃၊ ပုဒ်မ ၄၃၆၊ ပုဒ်မ ၄၃၈၊ ပုဒ်မ ၄၄၉၊ ပုဒ်မ ၄၅၉၊ ပုဒ်မ ၄၆၀၊ ပုဒ်မ ၄၆၇၊ ပုဒ်မ ၄၇၂၊ ပုဒ်မ ၄၇၄ (ဒုတိယပိုင်း)၊ ပုဒ်မ ၄၇၅ပုဒ်မ ၄၇၇၊ ပုဒ်မ ၄၈၉ က၊ ပုဒ်မ ၄၈၉ ခ နှင့် ပုဒ်မ ၄၈၉ ဃ ပါ"transportation for life" ဆိုသည့်စကားရပ်ကို " imprisonment for life " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၉။ ရာဇဝတ်ကျင့်ထုံးဥပဒေဇယား ၂၊ စာတိုင် ၇ ပါ ပုဒ်မ ၁၂၄-က တွင် ပါရှိသည့် "transportation for life or for any term and fine, or imprisonment of either description for three years and fine"ဆိုသည့် စကားရပ်ကို "imprisonment for life and fine, or imprisonment of either description for seven years and fine," ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄၀။ ရာဇဝတ်ကျင့်ထုံးဥပဒေဇယား ၂၊ စာတိုင် ၇ ပါ ပုဒ်မ ၁၃၇၊ ပုဒ်မ ၁၄၀၊ ပုဒ်မ ၁၇၁-ဇ၊ ပုဒ်မ ၁၇၁-ဈ၊ ပုဒ်မ ၁၇၂ (ပထမပိုင်း)၊ ပုဒ်မ ၁၇၃ (ပထမပိုင်း)၊ ပုဒ်မ ၁၇၄ (ပထမပိုင်း)၊ ပုဒ်မ ၁၇၅ (ပထမပိုင်း)၊ ပုဒ်မ ၁၇၆ (ပထမပိုင်း)၊ ပုဒ်မ ၁၈၀၊ ပုဒ်မ ၁၈၄၊ ပုဒ်မ ၁၈၆၊ ပုဒ်မ ၁၈၇(ဒုတိယပိုင်း)၊ ပုဒ်မ ၂၇၇၊ ပုဒ်မ ၂၇၈၊ ပုဒ်မ ၂၇၉-က၊ ပုဒ်မ ၃၃၄၊ ပုဒ်မ ၃၃၆၊ ပုဒ်မ ၃၄၁၊ ပုဒ်မ ၃၅၂ နှင့် ပုဒ်မ ၄၄၇ တို့တွင်ပါရှိသော " 500 kyats " ဆိုသည့်စကားရပ်ကို " 50,000 kyats " ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄၁။ ရာဇဝတ်ကျင့်ထုံးဥပဒေဇယား ၂၊ စာတိုင် ၇ ပါ ပုဒ်မ ၁၅၄၊ ပုဒ်မ ၁၇၂ (ဒုတိယပိုင်း)၊ ပုဒ်မ ၁၇၃ (ဒုတိယပိုင်း)၊ ပုဒ်မ ၁၇၄ (ဒုတိယပိုင်း)၊ ပုဒ်မ ၁၇၅ (ဒုတိယပိုင်း)၊ ပုဒ်မ ၁၇၆ (ဒုတိယပိုင်း)၊ ပုဒ်မ ၁၇၇ (ပထမပိုင်း)၊ ပုဒ်မ ၁၇၈၊ ပုဒ်မ ၁၇၉၊ ပုဒ်မ ၁၈၂၊ ပုဒ်မ ၁၈၃၊ ပုဒ်မ ၁၈၈(ဒုတိယပိုင်း)၊ ပုဒ်မ ၂၂၈၊ ပုဒ်မ ၂၇၂၊ ပုဒ်မ ၂၇၃၊ ပုဒ်မ ၂၇၄၊ ပုဒ်မ ၂၇၅၊ ပုဒ်မ ၂၇၆၊ ပုဒ်မ ၂၇၉၊ ပုဒ်မ ၂၈၀၊ ပုဒ်မ ၂၈၂၊ ပုဒ်မ ၂၈၄၊ ပုဒ်မ ၂၈၇၊ ပုဒ်မ ၂၈၈၊ ပုဒ်မ ၂၈၉၊ ပုဒ်မ ၂၉၄-က(ဒုတိယပိုင်း၊ တတိယပိုင်း)၊ ပုဒ်မ၃၂၃၊ ပုဒ်မ ၃၃၇၊ ပုဒ်မ ၃၄၂၊ ပုဒ်မ ၃၅၇ နှင့် ပုဒ်မ ၄၄၈ တို့တွင်ပါရှိသော"1,000 kyats" ဆိုသည့်စကားရပ်ကို "100,000 kyats"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄၂။ ရာဇဝတ်ကျင့်ထုံးဥပဒေဇယား ၂၊ စာတိုင် ၇ ပါ ပုဒ်မ ၁၆၀ တွင် ပါရှိသော "100 kyats " ဆိုသည့်စကားရပ်ကို " 10,000 kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄၃။ ရာဇဝတ်ကျင့်ထုံးဥပဒေဇယား ၂၊ စာတိုင် ၇ ပါ ပုဒ်မ ၁၇၁၊ ပုဒ်မ ၁၈၅၊ ပုဒ်မ ၁၈၇ (ပထမပိုင်း)၊ ပုဒ်မ ၁၈၈ (ပထမပိုင်း)၊ ပုဒ်မ ၂၆၃-က(၁)(ဂဂ)၊ ပုဒ်မ ၂၈၃၊ ပုဒ်မ ၂၉၀၊ ပုဒ်မ ၃၅၈ နှင့် ပုဒ်မ ၄၉၁ တို့တွင်ပါရှိသော " 200 kyats "ဆိုသည့်စကားရပ်ကို " 20,000 kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄၄။ ရာဇဝတ်ကျင့်ထုံးဥပဒေဇယား၂၊ စာတိုင်၂ ပါ ပုဒ်မ ၂၂၂ (ဒုတိယပိုင်း) တွင်ပါရှိသည့် " transportation for life, or transportation" ဆိုသည့်စကားရပ်နှင့် စာတိုင် ၇ ပါ ပုဒ်မ ၂၂၂(ပထမပိုင်း) တွင်ပါရှိသော " transportation for life" ဆိုသည့်စကားရပ်များကို "imprisonment for life" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄၅။ (က) ရာဇဝတ်ကျင့်ထုံးဥပဒေဇယား၂၊ စာတိုင်၂၊ ပုဒ်မ၂၂၅ (ဒုတိယပိုင်းနှင့်စတုတ္ထပိုင်း)တွင်ပါရှိသည့် "transportation for life" ဆိုသည့် စကားရပ်ကို "imprisonment for life " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။
(ခ) ရာဇဝတ်ကျင့်ထုံးဥပဒေဇယား၂၊ စာတိုင်၂၊ ပုဒ်မ၂၂၅ (စတုတ္ထပိုင်း)တွင်ပါရှိသည့် " to transportation or " ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။
(ဂ) ရာဇဝတ်ကျင့်ထုံးဥပဒေဇယား၂၊ စာတိုင်၇၊ ပုဒ်မ၂၂၅ (ပဥ္စမပိုင်း)တွင်ပါရှိသည့် "transportation for life" ဆိုသည့်စကားရပ်ကို "imprisonment for life " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄၆။ ရာဇဝတ်ကျင့်ထုံးဥပဒေဇယား ၂ ပါ ပုဒ်မ ၂၂၆ ကို ပယ်ဖျက်ရမည်။

၄၇။ ရာဇဝတ်ကျင့်ထုံးဥပဒေဇယား ၂၊ စာတိုင် ၇ ပါ ပုဒ်မ ၃၃၅ တွင် ပါရှိသော " 2,000 kyats" ဆိုသည့် စကားရပ်ကို "200,000 kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄၈။ ရာဇဝတ်ကျင့်ထုံးဥပဒေဇယား ၂၊ စာတိုင် ၅ ပါ ပုဒ်မ ၄၀၆ တွင်ပါရှိသော "Not bailable" ဆိုသည့်စကားရပ်ကို " Bailable " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄၉။ ရာဇဝတ်ကျင့်ထုံးဥပဒေဇယား၂၊ စာတိုင် ၇ ပါပုဒ်မ ၄၁၇ တွင် ပါရှိသော ထောင်ဒဏ် "1 year" ဆိုသည့်စကားရပ်ကို " 3 years " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅၀။ ရာဇဝတ်ကျင့်ထုံးဥပဒေဇယား၂၊ စာတိုင် ၂ ပါ ပုဒ်မ ၄၂၇ တွင် ပါရှိသည့် "50 kyats" ဆိုသည့် စကားရပ်ကို " 5,000 kyats " ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၂၈ တွင်ပါရှိသည့် "10 kyats " ဆိုသည့် စကားရပ်ကို " 1,000 kyats " ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၄၂၉ တွင်ပါရှိသည့် " 50 kyats "ဆိုသည့်စကားရပ်ကို " 5,000 kyats" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၃၅ တွင်ပါရှိသည့် "100 kyats" ဆိုသည့် စကားရပ်ကို " 10,000 kyats " ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ " 10 kyats " ဆိုသည့် စကားရပ်ကို "1,000 kyats " ဆိုသည့်စကားရပ် ဖြင့်လည်းကောင်း အစားထိုးရမည်။

၅၁။ ရာဇဝတ်ကျင့်ထုံးဥပဒေဇယား ၂၊ စာတိုင် ၇ ပါ ပုဒ်မ ၅၁၀ တွင် ပါရှိသော "10 kyats" ဆိုသည့် စကားရပ်ကို "1,000 kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အထိမ်းအမှတ်ဟောပြော

ဒိုက်ဦး ဇွန် ၂၂

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူးကျင်းပသော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် ဓာတ်ပုံပြပွဲကို ဇွန် ၁၈ ရက် မွန်းလွဲပိုင်းက ကတုတ်ဘုရားကြီးကျေးရွာ အထက်တန်းကျောင်း ခိုင်စုံပါယ်ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဌေးစုလှိုင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခိုင်၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအဖွဲ့(ခွဲ)ဥက္ကဋ္ဌ ဦးခွန်ဘသောင်း၊ မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်းတို့က မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် သိကောင်းစရာများကို ဟောပြောကြသည်။

ထို့နောက် တက်ရောက်လာသော ဧည့်သည်တော်များနှင့်ကျောင်းသားကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်များအား စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်းသိရသည်။

(မြို့နယ်ပြန်/ဆက်)




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**




## ကင်ဆာရောဂါမျိုးစုံအတွက် ပဲပိစပ်အစွမ်းအံ့မခန်း

ဟိန်း(ဘူမိ)ရေးသားပြုစုသော ကင်ဆာရောဂါမျိုးစုံအတွက် ပဲပိစပ်အစွမ်းအံ့မခန်းစာအုပ်ထွက်ရှိလာသည်။

ဆယ့်နှစ်ရာသီပတ်လုံးရနိုင်သော နေ့စဉ်စားဖွယ်စာရင်း၌ ပါဝင်နေသည့် ပဲပိစပ်သည် ကင်ဆာရောဂါများကို ထိရောက်စွာတိုက်ဖျက်ပေးနိုင်ကြောင်း လေ့လာခွင့်ရခဲ့သည်များကို စာပေပရိသတ်များအား ပြန်လည်လက်ဆင့်ကမ်းမျှဝေပေးထားခြင်းဖြစ်သည်။ လက်တွေ့၊ ကိုယ်တွေ့ သိပ္ပံနည်းကျ စမ်းသပ်ချက်များလည်းပါဝင်၍ လူတိုင်းအတွက် အသုံးဝင်နိုင်သည်။ ကိုယ်တွင်းခုခံအား တက်စေ၍ ခုခံအားကျရောဂါ၊ နှလုံးရောဂါ၊ ရိုးဆစ်ရောင်ရမ်းနာစသည်တို့အပါအဝင် ရောဂါများအတွက် ဆေးကုသမှုခံယူရာ၌ အထောက်အကူဖြစ်စေသည်။ အမေရိကန်နိုင်ငံမှ အာဟာရ ဗေဒပညာရှင်ကိုယ်တိုင် သုတေသနပြုရေးသားထားသော စာအုပ်ကို ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။

စာအုပ်ကို မဖ္ဖိုမစာပေအမှတ်(၂၃၇) ပထမထပ်(ဝဲ) ၃၉ လမ်း(အထက်) ကျောက်တံတားမြို့နယ် ဖုန်း-၀၁-၃၉၂၈၃၅ မှ တန်ဖိုးငွေကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိထားသည်။




## ကျန်းမာရေးသုတေသန အတွေးအမြင်စာစုများ

ဆေးသုတေသနဦးစီးဌာနမှ ဒေါက်တာ ကျော်ဇင်သန့်နှင့် ရောင်းရင်းများ ရေးသားထားသည့် သုတေသနအခြေပြု ကျန်းမာရေးသုတေသန အတွေးအမြင်စာစုများစာအုပ်ထွက်ရှိလာသည်။

ယင်းစာအုပ်တွင် ကျန်းမာရေးဆိုင်ရာ ဆောင်းပါး ၁၇ ပုဒ်ကို စုစည်းဖော်ပြထားသည်။ သုတေသနဆိုင်ရာ ဆောင်ရွက်ချက်များ၊ ရောဂါများအကြောင်း သိကောင်းစရာများကို လေ့လာဖတ်ရှုရမည်ဖြစ်သည်။

ထိုစာအုပ်တွင် လူတိုင်းသိသင့်သည့် ဝက်သက်၊ ဂျိုက်သိုး၊ ဘီပိုး၊ စီပိုး၊ ကြွက်နို့ပိုး၊ ရိုတာဗိုင်းရပ်စ်ပိုးအထိ ဆေးမရှိ သေးသော ရောဂါပိုးများကို ကာကွယ်နိုင်သည့်နည်းများအား သုတေသနပြုဖော်ထုတ်ထားသည့် ရလဒ်များပါဝင်သည်။

မျက်မှောက်ကာလတွင် ကျောက်ရောဂါပိုး သာမက ဒေါင့်သန်းရောဂါပိုး၊ ကာလဝမ်းရောဂါပိုး၊ ပလိပ်ရောဂါပိုး၊ အစာ အဆိပ်သင့်ရောဂါပိုးစသည့် ဘက်တီးရီးယားရောဂါပိုးများကို တလွဲအသုံးချမည့် အန္တရာယ်ကိုလည်း သတိပြုနိုင်ရန် ဖော်ပြထားသည်။ ထို့အပြင် သုတေသနစီမံခန့်ခွဲမှု ဆောင်ရွက်ချက်နှင့် လုပ်ငန်းများကိုလည်း ဗဟုသုတအလို့ငှာ ဖော်ပြထားသည်။

စာအုပ်ကို ဒေါက်တာဇော်မြင့် ဆေးသုတေသနဦးစီးဌာန အမှတ်(၅)ဇီဝကလမ်း ဒဂုံမြို့နယ်က ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိထားသည်။




## ဖုန်းရွှေ အိမ် ခြံ မြေ ရွေးနည်းပညာ

ဆရာဟိန်းလတ်ရေးသားပြုစုသော ဖုန်းရွှေ အိမ်၊ ခြံ၊ မြေ ရွေးနည်းပညာစာအုပ်ထွက်ရှိလာသည်။

လူသားတိုင်းအောင်မြင်ချမ်းသာခြင်းရယူနိုင်ရန် လျှို့ဝှက်ချက်ဖြစ်သော ဖုန်းရွှေ နည်းပညာစာအုပ်ဖြစ်သည်။ ဤစာအုပ်သည် ကမ္ဘာသုံးအိမ်၊ ခြံ၊ မြေ ရွေးနည်းပညာစာအုပ်ကောင်းတစ်အုပ်၊ လက်စွဲကိုင်သင့်သည့် စာအုပ်ဖြစ်သည်။ အိမ်၊ ခြံ၊ မြေနှင့် ပတ်သက်သော သရုပ်ပြပုံပေါင်းများစွာဖြင့် ရှင်းလင်းထားသည်။ ဖုန်းရွှေနည်းပညာစာအုပ်ကို အသုံးပြုပြီး အိမ်ခြံမြေရွေးချယ်နည်း၊ အိမ်ဆောက်နည်း၊ အခန်းဖွဲ့ခြင်း၊ ပြုသင့်ပြုထိုက်သော အရပ်နေရာများကို ရွေးချယ်ခြင်းဖြင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြီးပြည့်စုံပြီး ကောင်းကျိုးလိုရာဆန္ဒများ ပြည့်စုံအောင် အားဖြည့်ပေးမည်ဖြစ်သည်။

စာအုပ်ကို မဖ္ဖိုမစာပေအမှတ်(၂၃၇) ပထမထပ်(ဝဲ) ၃၉-လမ်း(အထက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃ မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိထားသည်။




## အမျိုးသမီးရောဂါကုထုံးပဒေသာနှင့်အထွေထွေရောဂါသိကောင်းစရာများ

ဒေါ်အေးမူရေးသားပြုစုသည့် အမျိုးသမီးရောဂါကုထုံးပဒေသာနှင့် အထွေထွေရောဂါသိကောင်းစရာများ စာအုပ်ထွက်ရှိလာသည်။

သမားကောင်းတစ်ဦးအိမ်ဦးမှာ ရှိနေသကဲ့သို့ အားကိုးအားထားပြုရမည့် စာအုပ်ဖြစ်သည်။ ဤစာအုပ်ပါကုထုံးများသည် ကျမ်းပေါင်းများစွာမှ ကုထုံးနည်းပညာများကို သုတေသနပြုကုသခြင်းကြောင့် သက်သာပျောက်ကင်းမှုများကို ပြန်လည်ရေးသားတင်ပြထားခြင်းဖြစ်သည်။

တိုင်းရင်းဆေး(၅၇)မျိုးမှ သင့်တော်သလို ရောဂါအလိုက်ဆေးတိုက်ကျွေးသော ဆေးဖုံများအပြင် ဘိုးဘွားမိဘဆရာစဉ်ဆက် နောင်လာနောက်သားများ၊ မျိုးဆက်သစ်တိုင်းရင်းဆေးဆရာ၊ ဆရာမများ၊ ရောဂါဝေဒနာရှင်များ၊ရောဂါမဖြစ်သေးသော ပြည်သူများအတွက် အကျိုးပြုတိုင်းရင်းဆေးပညာပေးစာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

စာအုပ်ကို ရန်ကုန်မြို့နှင့် အနယ်နယ်အရပ်ရပ်ရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူနိုင်သည်။

# တာချီလိတ်မြို့တွင် ခရိုင်အဆင့် မိုးစပါးအထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ချပွဲတော်ကျင်းပ



**တာချီလိတ် ဇွန် ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်အဆင့် ၂၀၁၅-၂၀၁၆ ခုနှစ် မိုးစပါးအထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ချပွဲတော်ကို ဇွန် ၂၀ ရက် နံနက် ၈ နာရီက ဝမ်လုံးကျေးရွာအုပ်စု ကွင်းအမှတ် (၂၁)၊ ဦးပိုင်အမှတ် (၂၆) ရှိတောင်သူ ဦးတင်ဝင်းအောင်၏လယ်မြေတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက မြန်မာနိုင်ငံ၏လူဦးရေ ၇၀ ရာနှုန်းခန့်သည် ကျေးလက်နေပြည်သူများဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၌ ကြီးမားသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိကြောင်း၊ လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ပြီး ၎င်းတိုးတက်မှုနှင့်အတူ လယ်ယာကဏ္ဍအပေါ် အခြေပြုအသက်မွေးဝမ်းကျောင်းပြုလျက်ရှိသည့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ တိုးတက်လာစေရန် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှသာလျှင် ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်မည့်ဖြစ်သည့်အတွက် နိုင်ငံတော်သမ္မတက ချမှတ်ပေးထားသည့် လယ်ယာကဏ္ဍပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်ငါးရပ်အား တောင်သူများက လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ ရှမ်းပြည်နယ်(ကျိုင်းတုံဒေသ) စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်နယ်ဒုတိယဦးစီးမှူး ဦးဇော်မြင့်က အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးအား သိပ္ပံနည်းကျ ပေါင်းပျိုးနည်းစနစ် (GAP) ဖြင့် ပျိုးထောင်ရခြင်းနှင့် စပ်လျဉ်းပြီး ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်မေထွန်း၊ စစ်ဗျူဟာအဖွဲ့ (အခြေချ)တာချီလိတ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ဇော်မင်းထွန်း၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ခရိုင်နှင့်မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများက ပေါင်စနစ်ဖြင့် မျိုးစေ့ချပျိုးထောင်ခြင်းအား ကြည့်ရှုလေ့လာခဲ့သည်။

၂၀၁၅-၂၀၁၆ ခုနှစ် တာချီလိတ်ခရိုင်အတွင်း တာချီလိတ်မြို့နယ်တွင် ၁၂၁ ဧက၊ တာလေမြို့တွင် ၄၃ ဧက၊ ကျိုင်းလပ်မြို့တွင် ၂၉ ဧက၊ မိုင်းဖြတ်မြို့နယ်တွင် ၁၅၀ ဧက၊ မိုင်းယောင်းမြို့နယ်တွင် ၁၈၆ ဧကနှင့် မိုင်းယုမြို့တွင် ၄၄ ဧကအပါအဝင် စုစုပေါင်း ၅၇၃ ဧကအား မိုးစပါးအထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# မန္တလေးမြို့၌ အဆို၊ အက သင်တန်းဖွင့်

**မန္တလေး ဇွန် ၂၂**

မန္တလေးတိုင်းဒေသကြီး သဘင်အစည်းအရုံးနှင့် Arts Mandalay Foundationတို့ပူးပေါင်း၍ မြန်မာ့ရိုးရာ အဆို၊ အက သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၉ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၈၃ လမ်းနှင့် ၈၄ လမ်းကြား ၄၁ လမ်းရှိ လောကနတ်ခန်းမတွင် ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး သဘင်အစည်းအရုံးဥက္ကဋ္ဌ ပန်းတျာ ဦးစိန်မောင်းနှင့် သင်တန်းမှူး မန္တလေးပန်းတျာကျောင်း အကနည်းပြ (ငြိမ်း) ဦးသန်းအောင်တို့က ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး သဘင်ပညာရှင်များအစည်းအရုံး ရွေးချယ်တင်မြှောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးနေဝင်းက မြန်မာတိုင်းရင်းသားတို့၏ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် မျိုးဆက်သစ်အနုပညာရှင်များက တိုင်းဒေသကြီးဂုဏ်ဆောင် ပြိုင်ပွဲဝင်ခဲ့မှုနှင့် လူငယ်အနုပညာရှင်များပေါ် ပေါက်ရေး လေ့ကျင့်သင်ကြားပေးမှုအစီအစဉ်များအား ကြိုဆိုကြောင်းပြောကြားခဲ့သည်။ ယင်းနောက်Arts Mandalay Foundationr Mr.Dan က ယဉ်ကျေးမှုအနုပညာများ ထိန်းသိမ်းရေးအတွက် ပံ့ပိုးကူညီပေးမည့် အစီအစဉ်များအား ရှင်းလင်းပြောကြားခဲ့သည်။ **မောင်ပြည်သူ(မန္တလေး)**

# မူးယစ်ဆေးဝါးအန္တရာယ်ပညာပေးဟောပြော

**ဟသ်ာတ ဇွန် ၂၂**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲကို ဇွန် ၁၆ ရက်က ဟသ်ာတ တက္ကသိုလ်ရှိ ပင်မလေးထပ်ဆောင်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ဟသ်ာတတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ စီမံအရာရှိများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဟသ်ာတမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးတိုးဝင်း၊ ဟသ်ာတမြို့နယ် မြို့နယ်တရားသူကြီး ဦးမောင်မောင်အေးတို့က မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုနှင့် ပြစ်မှုပြစ်ဒဏ်များ၊ တရားဥပဒေကိစ္စရပ်များကိုလည်းကောင်း၊ ဟသ်ာတပြည်သူ့ဆေးရုံကြီးမှ စိတ်ရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာအေးမြင့်ရီက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးနှင့်အန္တရာယ်များအကြောင်း မူးယစ်ဆေးစွဲစိတ်ရောဂါဝေဒနာများအကြောင်းများကို ဟောပြောခဲ့ကြသည်။ **(ကြေးမုံ)**

အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ (စာတည်း)*

**ယမန့်နေ့မှအဆက်**

ဤသည်ကို ပမာမပြုဘဲ ကျွန်တော်သည် သဲချောင်းစပ်၌ လဲနေသော သဏ္ဌာန်ကို ဝင်ပွေ့သည်။

"ခိုင် . . . ခိုင် . . . အို ခိုင်ရယ် . . ."

ခိုင်၌ သတိမရှိပြီ။ မိုးရေတို့ဖြင့် ရွှဲရွှဲစိုနေပြီဖြစ်သော ခိုင့်ကိုယ်လေးမှာ မလှုပ်။

"ခိုင် . . . ခိုင် . . . မောင် ခေါ်နေတယ် ခိုင် "

ခိုင်က မထူး။ မထူးသူကို ကျွန်တော်က တကြော်ကြော် ခေါ်နေမိသည်။

အိမ်ဘက်ဆီမှ ဆူဆူညံညံအသံများကို ကြားရ၏။ မကြာမီပင် လက်နှိပ်ဓာတ်မီးရောင် တဝင်းဝင်းဖြင့် ဖေဖေ ခေါင်းဆောင်လျက် ကြိုင်အပါအဝင် အိမ်သားများ ရောက်လာကြသည်။

ကျွန်တော်သည် ခိုင့်ကိုယ်လေးကို ပွေ့ယူလျက် ရပ်ရင်း ဖေဖေ့ကို ကြည့်သည်။ မေမေ့ကိုလည်း ကြည့်သည်။ ကြိုင့်ကိုလည်း ကြည့်သည်။ သူတို့၏ မျက်လုံးသုံးစုံကလည်း ကျွန်တော့်ကို တစ်ညီ တစ်ညွှတ်တည်း စိုက်ကြည့်နေကြ၏။

ရေတို့ဖြင့် ရွှဲရွှဲစိုနေသော်လည်း ပူနွေးလျက်ရှိသော ခိုင့်ကိုယ်လေးကို ရင်ခွင်တွင်အပ်ကာပွေ့လျက် ကျွန်တော်သည် ရှေ့ဆုံးမှ ထွက်လာခဲ့မိပါလေသတည်း။

**(၁၀) တစ်ပြည်စံဘ၀**

ဤသို့လျှင် စိတ်အချမ်းသာဆုံး ဖြစ်ရမည့်အချိန်၌ စိုးရိမ်ဝမ်းနည်းစိတ်နှင့် ကျွန်တော်သည် မြန်မာပြည်မှ ထွက်ခွာသွားခဲ့ရသည်။

မင်္ဂလာဒုံလေဆိပ်သို့ လိုက်ပို့ကြသူများအနက် ကျွန်တော်အချစ်ဆုံးလူသုံးဦး မပါပါ။ ဖေဖေ၊ ခိုင်နှင့် ငြိမ်းမောင်တို့ ဖြစ်ကြပါ၏။ အအေးမိ၍ အပြင်းဖျားနေသော ခိုင့်ကို ဖေဖေ့လက်တွင်း ကျွန်တော် အပ်ခဲ့သည်။

ငြိမ်းမောင်ခမျာလည်း ခိုင့်အပါးမှ မခွာနိုင်ရှာ။ ဓမ္မတာသဘောဖြစ်သောကြောင့် ငြိမ်းမောင်ကို ကျွန်တော် အပြစ်မတင်နိုင်ပါ။

မိုးတို့ သည်းသည်းမည်းမည်း ရွာနေဆဲ ဘီအိုအေစီလေယာဉ်ကြီးသည် ကျွန်တော်နှင့် ခရီးသည်တို့အား တင်ဆောင်၍ မင်္ဂလာဒုံလေယာဉ်ကွင်းမှ ထွက်ခွာလာခဲ့သည်။

ဤအလွမ်းဇာတ်ကို ဤမျှ စိတ်ရှည်စွာဖြင့် ဖတ်လာခဲ့ကြသော စာရှုသူအပေါင်းတို့အား ဆောင်းနွေ မကွဲ၊ မိုးဖွဲ နှင်းမြူဆိုင်း၍ ထာဝစဉ်လို အုံ့မှိုင်းလေတတ်သော တိုင်းကြီးအင်္ဂလန်ကျွန်းစုထဲဝယ် ကြုံလေပြန်ရသော ကျွန်တော့်ဘဝအထွေထွေကို စာတစ်ခွေ၊ ပေတစ်ဖွဲ့အဖြစ် ပုံကြီးချဲ့လျက် အထူးဆက်လက် မဖော်ပြလိုပါ။

ကျွန်တော် ရောက်စတွင် ဖေဖေ့ထံမှလည်းကောင်း၊ ငြိမ်းမောင်ထံမှလည်းကောင်း၊ ခိုင့်ထံမှ လည်းကောင်း စာများရသဖြင့် ခိုင် ကျန်းမာလာခဲ့ကြောင်း သိရပါသည်။ ခိုင်သည် မန္တလေးသို့ ပြန်၍ အမှုထမ်းနေပြီ ဆိုသည်။

ဤသည်ပင် ကောင်းပါ၏။ ဝသန်တိုင်လျှင် . . . မိုးကထန် လေကပြင်း၍ လျှပ်နွယ်တို့ ဝင်းလက် တတ်သည့် သန်လျင်အပါအဝင် မုတ်သုံနယ်တွင်းနှင့် ခိုင်သည် ကံချင်းစပ်ဟပ်တည့်ဟန်မတူ။

မိုးလည်းမကြမ်း၊ ဆောင်းလည်းဆန်း၍၊ နွေလွမ်းရာသီ၊ တိုင်ခဲ့ပြီက . . . သိင်္ဂီရော်ရွက်၊ မြေမှာ သက်သည့်၊ ကျေးငှက်ဥဩ၊ တွန်သံစောရာ၊ မြကြာရစ်ဆင့်၊ မန်းမြေမြင့်နှင့် ခိုင်သည် သင့်တင့်လေဟန် ပေတကား . . . ။

လူမည်သည် အခက်လေသား။ နှလုံးသားက တစ်ခါတစ်ရံ ဖောက်ပြန်လွှမ်းမိုး ကြီးစိုးလေသည် မှန်သော်လည်း ရုန်းကန်နေရသော ဘဝရက်များအတွင်းမှ ဦးနှောက်အားနှင့်သာ ရှင်သန်နေရလေသည်။

ဤသဘောနိယံ၊ လောကဓမ္မ၊ သဘာဝကို ကျွန်တော်ကလည်း မလွန်ဆန်သာ။ အစားမှာ ဆင်းရဲသည်။ အနေမှာ မွဲသည်။ ရာသီကလည်း ထာဝစဉ် ကျိန်ဆဲလေသည်လော မပြောတတ်။ ဤသဘောသာ ရှိအပ်သော ဘိလပ်ခေါ် အင်္ဂလန်ကျွန်း၌ နေခဲ့ရသော နှစ်များသည် ကျွန်တော့်အတွက် ပင်ပန်းပါ၏။

တော်ဝင်နန်းသုံး ခွဲစိတ်ကုသရေးဆရာဝန်ဂိုဏ်းဝင် ပညာရှင်ဖြစ်ဖို့ကလည်း မလွယ်။ စာတွေ့က ခက်သည်။ လက်တွေ့၌ . . . အနားမနေရ။ အမှားတစ်ချက် အသက်ပင်မည်သော ပညာမျိုးမို့ . . . ကြိုးကုတ်၍သာ သင်ယူရပါသည်။

ပညာအနေနှင့် ခွဲစိတ်ကုသခြင်းဟု ယေဘုယျ ခြုံခေါ်သော်လည်း အပိုင်းပိုင်း အဆင့်ဆင့်ရှိသည်။ ခေါင်းပိုင်း၊ ရင်ပိုင်း၊ ဝမ်းဗိုက်ပိုင်းစသည်ဖြင့် အပိုင်းကြီးများရှိသည်။ ဤအပိုင်းကြီးများကို ထပ်ဆင့် အနုစိတ်လျှင် ဦးနှောက်၊ မျက်လုံး၊ နှာခေါင်း၊ လည်ချောင်း၊ နှလုံး၊ အဆုတ်၊ အသည်း၊ အစာအိမ်၊ ကျောက်ကပ်၊ ဂိုနဒ်(စ်)ခေါ် လိင်အင်္ဂါအကျိတ် . . . စသည်ဖြင့် စိတ်ဖြာ၍ မဆုံးနိုင်အောင်ရှိသည်။

ဇီဝက,ကဲ့သို့ အစစ,ကုနိုင်၍ အဘက်ဘက်ပိုင်သော သမားဟူသည်မှာ စာ၌သာ တွေ့နိုင်ပါသည်။ သိပ္ပံဆိုင်ရာ ဆေးပညာနယ်ပယ်၌မူ စပယ်ရှယ်လစ်(စ်)(ထ်)ခေါ် ထူးချွန်တတ်ကျွမ်းသူတစ်ဦး ဖြစ်လာရေးအတွက် ခန္ဓာစု၏ အဓိကအင်္ဂါတစ်ခုခုကို အနုစိတ် ပိုင်နိုင်ရန် အခက်အခဲ ပေါင်းများစွာကို ရင်ဆိုင်ကြိုးစားရသည်။

ကျွန်တော်က ရင်ပိုင်းကို ရွေးသည်။ အသေးစိတ်အနေနှင့် အဆုတ်ကို ပိုင်နိုင်ရန် ကျင့်သည်။ ဆက်စပ်နေသဖြင့် နှလုံးပိုင်းဆိုင်ရာကိုလည်း လေ့လာရပါသေး၏။

တိုင်းပြည်ရေး၊ ဝမ်းရေးတို့နှင့် ဆက်စပ်နေသော လူမှုရေး ပညာကြောင့် လွမ်းရေးသည် ကျွန်တော့်အပေါ် အနိုင်မယူသောကြောင်း အစီရင်ခံလျှင် ပိုရန်ကောဟု အပြစ်တင် မစောစေလိုပါ။

ဖေဖေ၊ မေမေနှင့် ကိုကိုတို့ထံမှ စာမှန်မှန် ရပါသည်။ ကြိုင်၊ မြိုင်၊ လှိုင်နှင့် ခိုင်တို့ထံမှလည်း စာမှန်မှန် ရပါသည်။ ငြိမ်းမောင်ထံမှလည်း မှန်မှန်ပင် စာရသည်။ ဝမ်းနည်းဖွယ်ရာ သတင်းတစ်ရပ်ကား ခိုင်တို့ဖခင် ဦးမြဘူးဆုံးသွားသည် ဆိုခြင်းပင် ဖြစ်၏။

ကိုကိုက တနင်္သာရီတိုင်းသို့ ပြောင်းခဲ့ရသည်။ လှိုင်သည် မန္တလေးဆေးသိပ္ပံမှ ဒုတိယနှစ်ကို အောင်ပြီးနောက် ရန်ကုန်ဆေးသိပ္ပံ၌ ဆက်တက်နေသည်။ ခိုင်က မန္တလေးတက္ကသိုလ်မှ ထွက်၍ ရန်ကုန် ပြန်ကာ ဘီအယ်(လ်) တက်နေသည်ဆို၏။ ဘီအယ်(လ်)တက်ရင်း စာပေအနုပညာနယ်သို့ ခြေစုံပစ်ဝင်ခဲ့ပြီဟုလည်း သိရသည်။

ငြိမ်းမောင်ထံမှ ပထမရသောစာများသည် ထုံးစံအတိုင်း ရွှန်းရွှန်းဝေ၍ ပျော်ရွှင်သံ ပြည့်နေသည်။

သို့ရာတွင် တစ်နှစ်ခန့်အကြာ၌မူ တစ်စတစ်စ လေသံပြောင်းလာသည်။

"ခိုင်ဟာ ဘာမှမပြောင်းလဲသေးဘူး မောင် . . . ။ မပြောင်းလဲသေးဘူး ဆိုသမှ အစစ ဘာမှ မပြောင်းလဲဘူး။ မပြောင်းလဲတာကို ငါရယ်ရမလား . . . ငိုရမလား မသိဘူး . . ."

ဤစာနှင့် စသည် . . . ။ ထို့နောက် . . . ။

"ခိုင့်ကို ငါ နားမလည်ဘူး။ အေးလေ . . . အစကတည်းက ခိုင့်ကို ငါ နားမလည်ခဲ့ပါဘူး။ ဘယ်မိန်းမကိုမှလည်း . . . ငါ နားမလည်ခဲ့ပါဘူး။ မင်းကော နားလည်သလား။ ငါတော့ တစ်ခါတစ်ခါ ရူးချင်တယ်ကွာ . . ."

ကျွန်တော်က ခိုင့်ဆီကို စာလှမ်းရေးသည်။ တတ်နိုင်သမျှလည်း ဖျောင်းဖျ ပြောဆိုရေးသည်။

ခိုင်ချစ်သည်ဆိုသော မေပယ်(လ်)ရွက်ဝါများကိုလည်း ထည့်ပေးလိုက်သည်။ ခိုင့်ဆီမှ စာနှင့်အတူ စွယ်တော်ရွက်ကလေးများ ပြန်ရသည်။ ထုံးစံအတိုင်း တောတောင်ရေမြေတို့ကိုဖွဲ့၍ရေးသည်။ ကျွန်တော် သွယ်ဝိုက်ဖျောင်းဖျ၍ဆုံးမစကား ရေးမိသည့်အတွက်မူ နာလိုခံခက်သောအဖြေကို ပေးသည်။

"မောင့်စာတွေကို လောကသာရပျို့နဲ့အတူ သိမ်းထားပါတယ် " ဟူသတည်း။ ငြိမ်းမောင်၏ စာတစ်စောင်တွင်မူ ကျွန်တော်သိပြီးသော အကြောင်းများ ပါလာသည်။

" တစ်ခါက ငါရူးချင်တယ်လို့ ညည်းဖူးတယ်။ အခုမှ ငါ အရူးဖြစ်နေခဲ့မှန်းသိရတယ်။ **ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**

# လူထုဦးဆောင်သော အလုံးစုံပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းစီမံချက် ဆန်းစစ်ဆွေးနွေး

**ချောင်းဦး ဇွန် ၂၂**

မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းနှင့် (Unicef ) အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် လူထုဦးဆောင်သော အလုံးစုံပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းစီမံချက်၊ လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲနှင့် ဂုဏ်ပြုလွှာပေးအပ်ပွဲအခမ်းအနားကို ချောင်းဦးမြို့ အနော်ရထားခန်းမ၌ ဇွန် ၂၀ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ချောင်းဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်း၊ မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာတင့်ဆွေတို့က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကျန်းမာရေးမှူး အသင်းဗဟိုအလုပ်မှုဆောင်ကော်မတီဘဏ္ဍာရေးမှူး ဦးသန်းမြင့်မှ စီမံချက်အပေါ် သုံးသပ်တင်ပြခြင်းနှင့် ပိုမိုကောင်းမွန်သော နည်းဗျူဟာများရရှိလာစေရန် အကြံပြုဆွေးနွေးခဲ့သည်။ ယင်းနောက် အဖွဲ့ခေါင်းဆောင် ဒေါ်ခင်မိုလ်းဝေက စီမံချက်ကာလကိုးလအတွင်း အသင်း၏လုပ်ဆောင်ခဲ့ပုံများအား အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး ချောင်းဦးမြို့နယ် အမြင့်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဇော်ဝိတ်၊ ဆူးလေကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမျိုးနိုင်၊ ရွှေဒါးကျေးရွာအုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းတို့က မိမိတို့ကျေးရွာ၏ အောင်မြင်မှုရရှိခဲ့ပုံများအား ရှင်းလင်းပြောပြကြပြီး စီမံချက်ကာလ သက်တမ်းတိုးသုံးလအတွင်း အောင်မြင်ခဲ့သော ကျေးရွာ ၂၅ ရွာမှ အုပ်ချုပ်ရေးမှူးများအား ချောင်းဦးမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်း၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း ဗဟိုအလုပ်မှုဆောင်ကော်မတီ ဘဏ္ဍာရေးမှူး ဦးသန်းမြင့်တို့က ဂုဏ်ပြုလွှာများ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဒုတိယကာလတိုစီမံကိန်းရေးဆွဲမှုဆိုင်ရာ ကိစ္စရပ်များရှင်းလင်းဆွေးနွေး

**ပခုက္ကူ ဇွန် ၂၂**

မကွေးတိုင်းဒေသကြီး စီမံကိန်းဦးစီးဌာနက ၂၀၁၆-၂၀၁၇ မှ ၂၀၂၀-၂၀၂၁ ထိ ဒုတိယကာလတိုငါးနှစ်စီမံကိန်းရေးဆွဲနိုင်ရေးအတွက် စီမံကိန်းရေးဆွဲရေးဆိုင်ရာကိစ္စရပ်များအား ပြည်သူများသို့ ချပြရှင်းလင်းဆွေးနွေးခြင်းကို ဇွန် ၁၉ ရက် နံနက် ၉ နာရီက ပခုက္ကူမြို့နယ် ကမ္မမြို့တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါရှင်းလင်းဆွေးနွေးပွဲတွင် တိုင်းဒေသကြီးစီမံကိန်းရေးဆွဲဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစန်းလွင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်တင့်တို့က နိုင်ငံတော်မှ ခေတ်အဆက်ဆက်ရေးဆွဲခဲ့သော စီမံကိန်းများအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး နိုင်ငံတော်သမ္မတ၏ ဦးစားပေးလုပ်ငန်းစဉ် ၇ ရပ်အား အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့သည်။

တဆက်တည်း၌ ကျေးလက်နေပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပေးရန် ဒေသခံပြည်သူတို့မှ တင်ပြသောလိုအပ်ချက်များကို ကာလတိုငါးနှစ်စီမံကိန်းရေးဆွဲရာတွင် ထည့်သွင်းရေးဆွဲခြင်းအား ရှင်းလင်းပြောကြားခဲ့ပြီး ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ ပီပီပြင်ပြင်ရေးဆွဲဆောင်ရွက်မည့်အစီအစဉ်များကို ချပြရှင်းလင်းခဲ့သည်။ ၎င်းနောက် တက်ရောက်လာသည့် ဒေသခံပြည်သူများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် မွန်းလွဲ ၁ နာရီတွင် တိုင်းဒေသကြီး ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် မြစ်ခြေကျေးရွာအုပ်စုနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

❒❒❒

# မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုကြိုဆို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**မကွေး ဇွန် ၂၂**

မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှဦးစီး၍ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားအား မကွေးမြို့ ပြည်တော်သာလမ်းပေါ်ရှိ အမှတ်(၁၀)အခြေခံပညာ တွဲဖက်အလယ်တန်းကျောင်းဝင်း (အရှေ့ခြမ်း) သစ်ပင်စိုက်ကွင်းတွင် ဇွန် ၂၁ ရက် နံနက် ၇ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယကကြီးက ခရေပင်များအား အမျိုးသမီးရေးရာအဖွဲ့ဝင်တစ်ဦးထံ ပေးအပ်ခဲ့ပြီး ယင်းမာပင်များအား မိခင်နှင့်ကလေးအသင်းဝင်တစ်ဦးအား ပေးအပ်ခဲ့သည်။ ငုရွှေဝါပင်များအား မြို့နယ်ပညာရေးမှူးထံပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌမှ မယ်ဇယ်ပင်အား ကြက်ခြေနီတပ်ဖွဲ့ဝင်တစ်ဦးထံပေးအပ်ခဲ့သည်။ မယ်ဇလီပင်အား စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တစ်ဦးထံပေးအပ်ခဲ့ပြီး ငုရွှေဝါပင်အား သူနာပြုတစ်ဦးထံပေးအပ်ခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲတော်နှင့်စပ်လျဉ်း၍ "ဒီအပင်လေးတွေကြီးလာရင် နွေရာသီလိုကာလမျိုးမှာ အရိပ်အာဝါသကောင်းကောင်းအောက်မှာ ကလေးတွေ အေးအေးချမ်းချမ်း စာသင်လို့ရမယ်။ မျက်စိပသာဒလည်းဖြစ်၊ လေကောင်းလေသန့်လည်းရပြီး လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင်နဲ့ ဆော့ကစားလို့ရမယ်။ ကလေးတွေကိုယ်တိုင်ကလည်း အားတက်သရောနဲ့ သစ်ပင်စိုက်ပွဲမှာ ပါဝင်ကြလို့ ဒီနေ့ပွဲဟာ ကျွန်မတို့ကျောင်းအတွက် အမှတ်တရမှတ်တမ်းတစ်ခု ဖြစ်နေမှာပါ" ဟု အမှတ် (၁၀) တွဲဖက်အလယ်တန်းကျောင်း ဆရာမတစ်ဦးက ပြောသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာသူများသည် သဘာဝမြေဩဇာများထည့်ခြင်း၊ သစ်ပင်ရေလောင်းခြင်းများကိုပါ တစ်ပါတည်းဆောင်ရွက်ခဲ့ကြပြီး ခရေပင် ၂၀၊ ငုရွှေဝါပင် ၁၀၀၊ ယင်းမာပင် ၁၀၀၊ မယ်ဇလီပင် ၂၀၀၊ မယ်ဇယ်ပင် ၈၀ စုစုပေါင်းအရိပ်ရပင် ၅၀၀ အား စိုက်ပျိုးခဲ့ကြကာ အမှတ်(၁၀) တွဲဖက်အလယ်တန်းကျောင်းဝင်းအနီးနေ ကျောင်းသားမိဘများက ယင်းတို့၏ရင်သွေးငယ်များ သစ်ပင်စိုက်ပျိုးမှုအား လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**ဇေယျာတု(မကွေး)**

# စည်းကမ်းမဲ့ကြော်ငြာများ ဖြုတ်သိမ်းသော်လည်း ထပ်မံချိတ်ဆွဲနေ

**ရန်ကုန် ဇွန် ၂၂**

ဈေးကွက်စီးပွားရေးစနစ် ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် စီးပွားရေးလုပ်ငန်းရှင်များက ဈေးကွက်တွင်ရပ်တည်နိုင်ရေးအတွက် မိမိတို့၏ ထုတ်ကုန်ပစ္စည်းများအား လူအများသိရှိစိတ်ဝင်စားစေရန် နည်းမျိုးစုံဖြင့် ကြော်ငြာလျက်ရှိရာ လမ်းဘေးဓာတ်တိုင် သစ်ပင်များတွင်လည်း စည်းကမ်းမဲ့ချိတ်ဆွဲကြော်ငြာနေကြသဖြင့် ယင်းစည်းကမ်းမဲ့ကြော်ငြာများကို လိုက်လံဖြုတ်သိမ်းဖယ်ရှားခြင်းကို ဇွန် ၂၀ရက်က လှိုင်မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်း၏ ကြီးကြပ်မှုဖြင့် စည်းမဲ့ကြော်ငြာများကို လိုက်လံဖြုတ်သိမ်းဆောင်ရွက်နေသည့် လုပ်ငန်းခွင်မှ လက်ထောက်အုပ်ချုပ်ရေးမှူး ဦးဇေယျာလင်းက ပြောသည်။



"ကြော်ငြာချင်တယ်ဆိုရင် သက်ဆိုင်ရာဌာနက ခွင့်ပြုချက်ရယူပြီး သတ်မှတ်စည်းကမ်းနဲ့အညီ ဆောင်ရွက်ရမှာပါ။ အခုလို မြို့နယ်ရဲ့ သာယာလှပမှုကို အရုပ်ဆိုးစေမယ့် စည်းကမ်းမဲ့ကြော်ငြာတာကို ဖြုတ်သိမ်းဖယ်ရှားမှာပါ" ဟု ယင်းက ထပ်မံရှင်းပြသည်။

မြို့တော်ရန်ကုန်နယ်နိမိတ်တွင် ဓာတ်တိုင်များ၊ သစ်ပင်များ၌ စည်းကမ်းမဲ့ကြော်ငြာအများအပြားကို မြင်တွေ့နေရပြီး သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးများမှ လိုက်လံဖြုတ်သိမ်းဖယ်ရှားနေသော်လည်း ဖြုတ်သိမ်းဖယ်ရှားပြီးနောက် မကြာမီရက်ပိုင်းအတွင်း စည်းကမ်းမဲ့ကြော်ငြာများထပ်မံရောက်ရှိလာသည်ကို မြင်တွေ့ရကြောင်းဒေသခံတစ်ဦးက ပြောသည်။ **မောင်သုည**

# အရာတော်မြို့နယ်တွင် မိုးသီးနှံချေးငွေများ စတင်ထုတ်ချေးပေးသဖြင့် တောင်သူများအဆင်ပြေ

**မုံရွာ ဇွန် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးတောင်သူများ မိုးရာသီစိုက်ပျိုးချိန်တွင် အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးချေးငွေ သိန်း ၁၉၄၂၀ ထုတ်ချေးပေးနိုင်ရေး လျာထားကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှသိရပြီး အရာတော်မြို့နယ်တွင် စပါးတစ်ဧကကို ငွေကျပ်တစ်သိန်းနှုန်းဖြင့် ၂၅၄၂၁ ဧက၊ ပဲစဉ်းငုံတစ်ဧကကို ငွေကျပ်နှစ်သောင်းနှုန်းဖြင့် ၂၂၈၀၀ ဧက၊ နှမ်းတစ်ဧကငွေကျပ် နှစ်သောင်းနှုန်းဖြင့် ၂၇၃၇၅ ဧက ဝါတစ်ဧက ငွေကျပ်နှစ်သောင်းနှုန်းဖြင့် ၄၅၀၀ ဧက၊ မြေပဲတစ်ဧကငွေကျပ်နှစ်သောင်းနှုန်းဖြင့် ၁၀၀၇၅ ဧက၊ ပဲတီစိမ်း တစ်ဧကလျှင် ငွေကျပ်နှစ်သောင်းနှုန်းဖြင့် ၅၂၄၅ ဧကတို့ကို ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးရေးချေးငွေထုတ်ပေးရေးနှင့်ပတ်သက်ပြီး "စိုက်ပျိုးရေးချေးငွေတွေကို ယခင်က ငါးဦးတစ်ဖွဲ့ဖွဲ့ပြီး ထုတ်ချေးပေးပါတယ်။ ယခုနှစ်မိုးရာသီမှစတင်ပြီး သုံးဦးတစ်ဖွဲ့ဖွဲ့ပြီး ထုတ်ချေးပေးသွားမှာပါ။ အဲဒီသုံးယောက်အဖွဲ့ထဲမှာ ပြီးခဲ့တဲ့ဆောင်းသီးနှံထုတ်ချေးချိန်က ချေးငွေအကျေပေးဆပ်နိုင်ခြင်းမရှိတဲ့သူပါရင်တော့ ထပ်မံထုတ်ချေးခြင်းမလုပ်ပါဘူး။

'မိုးရာသီ စိုက်ပျိုးစရိတ်ထုတ်ချေးခြင်းကို ဇွန် ၁၂ ရက်မှာ တုံးတင်ကန်ကျေးရွာမှ တောင်သူများသို့ စတင်ထုတ်ချေးပေးနေပါတယ်။ နောက်ကျေးရွာတွေကိုလည်းဆက်လက် ထုတ်ချေးပေးသွားမှာပါ" ဟု မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**မိုးချမ်း(မုံရွာ)**

# တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရန်တွေ့ဆုံဆွေးနွေး

**ဘုတ်ပြင်း ဇွန် ၂၂**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးအောင်ကျော်ကျော်ဦးသည် ဇွန် ၁၈ ရက် နံနက်ပိုင်းက ဘုတ်ပြင်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ကြီးကြပ်မှုကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ မြို့နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်မည့် အစီအစဉ်များအား ဆွေးနွေးခဲ့ကြကြောင်းသတင်းရရှိသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အထောက်အကူပြုကော်မတီများ၊ ဌာနဆိုင်ရာများမှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်အစီအမံများအား သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြရာ ဝန်ကြီးမှ လိုအပ်သည်များကို ပြန်လည်ဖြည့်စွက် ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**ဘုတ်ပြင်း(ပြန်/ဆက်)**

# ခရီးသည်တင် ကားကြီးများ ယာဉ်ကြံ့ခိုင်ရေးစစ်ဆေး

**လားရှိုးမြို့ ဇွန် ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ဇွန် ၁၉ ရက် ညနေတွင် လားရှိုးမြို့ ခရီးသည်တင်အဝေးပြေး ယာဉ်ရပ်နားစခန်း (နားမခေါ်)တွင် အများပြည်သူခရီးသွားလာရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေး အတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့မှ ဒေသအသီးသီးသို့ ထွက်ခွာသွားလာသော ခရီးသည်တင် ဘတ်(စ်)ကားကြီးများအား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရန် သက်ဆိုင်ရာ ဌာနများထံမှ သတ်မှတ်ထားသော စည်းကမ်းချက်များ၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်များ၊ ပြည့်စုံမှုရှိ၊ မရှိ၊ ခရီးသည် များသက်သောင့်သက်သာရှိ၊ မရှိ၊ မော်တော်ယာဉ်ကြံ့ခိုင်မှုရှိ၊ မရှိတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဒေသအသီးသီးသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့မှ ဒေသအသီးသီးသို့ ထွက်ခွာသွားလာသော ခရီးသည်တင် ဘတ်(စ်)ကားကြီးများသည် စည်းကမ်းချက်နှင့်အညီ ခရီးသွားပြည်သူများအန္တရာယ် ကင်းရှင်း၍ မိမိတို့သွားလိုသည့် ခရီးချောမောစွာရောက်ရှိရန်အတွက် ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များ၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားရေးမှူးဦးစီးဌာန၊ ယာဉ်လိုင်းကြီးကြပ်ရေးနှင့် လုပ်ငန်းလိုင်စင်ကော်မတီ အဖွဲ့များက အပတ်စဉ် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(၀၈၄)**

# ဖွံ့ဖြိုးရေးလုပ်ငန်းများ ချိတ်ဆက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ပုလဲ ဇွန် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ ဗုဒ္ဓဝိဟာရဓမ္မာရုံ၌ ဇွန် ၁၈ ရက် နံနက် ၉ နာရီက ရှေ့သို့စီမံကိန်း (Cesvi) မှ ကြီးမှူးပြုလုပ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများချိတ်ဆက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ( Net Working Workshop ) ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် ပုလဲမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုက အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ဦးငွေးနိုင် (စီမံကိန်းမန်နေဂျာ-Cesvi ) က အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ဦးဟိန်းဇော်ထွေး ( မြို့နယ်ညှိနှိုင်းရေးမှူး-Cesvi) က မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

**မင်းခန့်စိုး(ဧယျာမြေ)**

# ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်

**ကော့သောင်း ဇွန် ၂၂**

ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်အား မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီနှင့် World Vision Myanmar (ကော့သောင်း) တို့ ပူးပေါင်း၍ ဇွန် ၁၉ ရက် မွန်းလွဲပိုင်းက ကော့သောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဟံသာဝတီခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ကော့သောင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇာနည်လွင်က အဖွင့်အမှာစကားပြောကြားပြီး တနင်္သာရီတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်ခင်စန်းရီက ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီ၏ တာဝန်နှင့်ဝတ္တရားများကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ကော့သောင်းမြို့နယ် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပါစည်က မြို့နယ်အဆင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၏ လုပ်ဆောင်ချက်များအား ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ မြို့ပေါ်ရပ်ကွက်များမှ ကလေးငယ်များက ကလေးသူငယ်များ၏ အခွင့်အရေးများကို Role Play ဖြင့် သရုပ်ဖော်တင်ဆက်ပြသပြီး World Vision Myanmar (ကော့သောင်း) ဇုန် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကျွမ်းကျင်သူ ဦးမောင်မောင်သိုက်က ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ပြဿနာရပ်များအား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် World Vision Myanmar (ကော့သောင်း) မှ တာဝန်ရှိသူများ တက်ရောက်လာသည့် ရပ်ကွက်များမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ကလေးငယ်များ၊ အသင်းအဖွဲ့များမှ အစုအဖွဲ့အလိုက် ကလေးသူငယ်ကာကွယ်ရေးဆိုင်ရာပြဿနာများအား ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြသည်။

အဆိုပါ ကလေးသူငယ်အခွင့်အရေးဆိုင်ရာပြဿနာများအား ခရိုင်နှင့်မြို့နယ် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီနှင့် World Vision Myanmar (ကော့သောင်း) တို့မှပူးပေါင်းကာ ကော့သောင်းမြို့နယ်အတွင်း ရပ်ကွက် ၁၀ ရပ်ကွက်၊ ကျေးရွာ ၃၆ ရွာ၊ လူဦးရေ ၈၈၈၄၀ အပေါ် ကလေးသူငယ်ဖွံ့ဖြိုးရေးစီမံချက်၊ မိခင်နှင့်ကလေး ကျန်းမာရေးစီမံချက်၊ ပညာရေးစီမံချက်၊ တီဘီရောဂါတိုက်ဖျက်ရေးစီမံချက်၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်နှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးစီမံချက်များ ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း-ပြန်/ဆက်)**

# မဲဆန္ဒရှင်များအား ဗီနိုင်းပိုစတာ လက်ကမ်းစာစောင်များဖြင့် ပညာပေးလှုံ့ဆော်ဆောင်ရွက်



**တွံတေး ဇွန် ၂၂**

တွံတေးမြို့နယ်အတွင်း မဲဆန္ဒရှင်များကို အများပြည်သူသိရှိစေရန်အတွက် ဇွန် ၂၂ ရက်မှ ဇူလိုင် ၅ ရက်အထိ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကြေညာထားမည်ဖြစ်ကြောင်း သိရသည်။

မဲဆန္ဒရှင်များအား ပညာပေးလှုံ့ဆော်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၁၉ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တော်ဝင်စန္ဒကူးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အစည်းဝေးတွင် မဲဆန္ဒရှင်များကို အများပြည်သူ လွယ်ကူမြင်သာစွာ ကြည့်ရှုနိုင်မည့်နေရာ၌ ကပ်ထားရေး၊ သက်ဆိုင်အဖွဲ့ခွဲရုံးတွင် ပုံစံ ၃၊ ၄ နှင့် ၄ (ဂ)ပုံစံများ ပြည့်စုံလုံလောက်စွာထားရှိရေး၊ လာရောက်ကြည့်ရှုသူ မဲဆန္ဒရှင်များအား အကူအညီပေးနိုင်ရေး၊ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ တာဝန်ချထားရေးနှင့် မြို့နယ်အတွင်း ပညာပေးလှုံ့ဆော်ရေး ဗီနိုင်းပိုစတာ၊ လက်ကမ်းစာစောင်များကို ဇွန် ၂၀ ရက် နံနက် ၉ နာရီမှစတင်၍ ပြည်သူလူထုသိအောင် လူစည်ကားရာနေရာများ၌ ပိုစတာကပ်ခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ပြီး တွံတေးမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၃ အုပ်စုရှိပြီး အခြေခံမဲဆန္ဒရှင်ဦးရေမှာ ၁၄၆၀၀၀ ကျော်ရှိကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

-ကျန်းမာရေးဆောင်းပါး-

# သိမှတ်စရာ မားစ်ရောဂါ

**ခ ပေါက်ပေါက်**

၂၀၁၂ ခုနှစ်အတွင်းက ဆော်ဒီအာရေးဗီးယား၌ စတင်တွေ့ရှိခဲ့သော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (MERS) မားစ်ရောဂါဟာ ၂၀၁၅ ခုနှစ် ဇွန်လအထိ ၎င်းနိုင်ငံအပါအဝင် ဂျော်ဒန်၊ ကာတာ၊ အီဂျစ်၊ ယူအေအီး၊ ကူဝိတ်၊ တူရကီ၊ အိုမန်၊ အယ်လ်ဂျီးရီးယား၊ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှား၊ ဩစတြီးယား၊ ဗြိတိန်၊ တောင်ကိုရီးယား၊ အမေရိကန်၊ တရုတ်ပြည်မကြီးနှင့် ထိုင်းနိုင်ငံတို့အပါအဝင် နိုင်ငံပေါင်း ၂၅ နိုင်ငံအထိ ပျံ့နှံ့ရောက်ရှိလာပြီဖြစ်ပါတယ်။

ယခုလတ်တလောတွင် မားစ်ရောဂါခြိမ်းခြောက်မှုကို အကြီးအကျယ်ကြုံတွေ့နေရသောနိုင်ငံမှာ တောင်ကိုရီးယားဖြစ်ပြီး ဆော်ဒီအာရေးဗီးယားမှ ပြန်လာသူတစ်ဦးကို အခြေပြု၍ တောင်ကိုရီးယားမှာ မားစ်ရောဂါကူးစက်ပြန့်ပွားမှုဖြစ်လာခဲ့ရာ ၂၀၁၅ ဇွန် ၁၉ ရက်အထိ ရောဂါကူးစက်ခံရသောလူနာ ၁၆၆ ဦး ရှိခဲ့ကာ တစ်လမပြည့်မီအချိန်အတွင်းမှာပင် လူ ၂၄ ဦး သေဆုံးခဲ့သည်။ ယခုအခါ လူပေါင်း ၂၃၀၀ ကို ရောဂါခြေချုပ်ဖြင့် စောင့်ကြည့်နေရပါတယ်။

ဒါ့ပြင် ဇွန် ၁၈ ရက်က ထိုင်းနိုင်ငံရှိ တိုင်းပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက အသက် ၇၅ နှစ်အရွယ် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဟာ နှလုံးပြဿနာကြောင့် ဘန်ကောက်ဆေးရုံတွင် ကုသမှုခံယူခဲ့ရာ မားစ်ရောဂါရှိနေကြောင်း အာဏာပိုင်များက အတည်ပြုထားပြီး ၎င်းဝေဒနာသည်အပါအဝင် မိသားစုသုံးဦးကို သီးခြားခွဲထားပြီးနောက် ၎င်းနှင့်ထိတွေ့ခဲ့သူ လေယာဉ်စီးခရီးသည် ၅၉ ဦးကိုလည်း နိုးနိုးကြားကြားစောင့်ကြည့်နေကြောင်း သိရပါတယ်။

ထိုင်းနိုင်ငံတွင် ပထမဆုံးအကြိမ် မားစ်ရောဂါပိုးကူးစက်မှု တွေ့ရှိပြီးနောက်မှာတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) က နိုင်ငံအားလုံး မားစ်ရောဂါပိုးကူးစက်မှုကြုံလာချိန်မှာ ထိရောက်စွာတုန့်ပြန်နိုင်ရန် ပြင်ဆင်ထားသင့်ကြောင်း၊ ယခုလို အရှေ့အာရှ နောက်ထပ်တစ်နိုင်ငံမှာ ရောဂါပျံ့နှံ့လာတာကြောင့် နိုင်ငံအားလုံး မားစ်ရောဂါကို တုန့်ပြန်ရန်အတွက် နိုးကြားနေသင့်ကြောင်း တိုက်တွန်းဆော်ဩထားပါတယ်။

ယင်းမတိုင်မီတစ်ရက်က WHO ၏ နိုင်ငံတကာ ကျန်းမာရေးညီလာခံတွင် WHO တာဝန်ရှိသူများက တောင်ကိုရီးယားအာဏာပိုင်များဟာ မားစ်ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရာတွင် နှောင့်နှေးမှုရှိတယ်လို့ ဝေဖန်ခဲ့ပါတယ်။

**မြန်မာနိုင်ငံနှင့် မားစ်ရောဂါအခြေအနေ**

မားစ်ရောဂါကူးစက်မှုအန္တရာယ်ကို တစ်ကမ္ဘာလုံးက စိုးရိမ်မှုဖြင့် အာရုံစိုက်နေချိန်မှာ မြန်မာနိုင်ငံ၏ အိမ်နီးချင်း ထိုင်းနိုင်ငံမှာ မားစ်ရောဂါသည်တစ်ဦး တွေ့ရှိရတာကြောင့် မြန်မာနိုင်ငံအနေဖြင့် ပြင်ဆင်မှုများစွာကို ပြုလုပ်လျက်ရှိပါတယ်။

ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ တစ်ရက်လျှင် လူဦးရေသုံးထောင်ခန့် လေဆိပ်အတွင်း နေ့စဉ်ဝင်ထွက်သွားလာနေပြီး ထက်ဝက်ခန့်မှာ အိမ်နီးချင်းထိုင်းနိုင်ငံသို့ အဝင်အထွက်ပြုနေသော လေယာဉ်များဖြစ်ကြပါတယ်။

ဒါကြောင့် ရန်ကုန်လေဆိပ်မှ ဝင်ရောက်လာသူတိုင်းကို အပူချိန်တိုင်းတာသည့် စက်ကိရိယာနှစ်လုံးဖြင့် ၂၀၁၅ ဇွန်လအတွင်းမှစ၍ ၂၄ နာရီ အချိန်ပြည့်စစ်ဆေးပေးနေပြီး အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်အထက်ရှိသူများကို ကျန်းမာရေးစစ်ဆေးပေးလျက်ရှိသည်။

## တစ်ကမ္ဘာလုံးက စိုးရိမ်မှုဖြင့်စောင့်ကြည့်နေချိန်မှာ မြန်မာနိုင်ငံ၏ အိမ်နီးချင်းထိုင်းနိုင်ငံမှာ မားစ်ရောဂါသည်. . .

၎င်းရောဂါ ကာကွယ်တားဆီးရေးအတွက်လေဆိပ်တွင်သာမက ရေကြောင်းဆိပ်ကမ်း၊နယ်စပ်ဝင်ထွက်ဂိတ်များမှာလည်း ကျန်းမာရေးဌာနက အရှိန်အဟုန်မြှင့်လုပ်ဆောင်နေကြောင်း၊ အရေးပေါ်ကူးစက်ရောဂါများနှင့် ကူးစက်လူနာများအတွက် ရန်ကုန်မြို့ဝေဘာဂီဆေးရုံ၊ မန္တလေးတွင် ကူးစက်ဆေးရုံ၊ နေပြည်တော်တွင် ခုတင် (၁၀၀၀)ဆေးရုံများရှိပြီး နယ်စပ်ဒေသများရှိ ဆေးရုံများကိုလည်း မားစ်ရောဂါလက္ခဏာလူနာရှင်ကို တွေ့ပါက ချက်ချင်းအကြောင်းကြားရန် ညွှန်ကြားထားကြောင်း စသည်ဖြင့် ကျန်းမာရေးဝန်ကြီးဌာန ဗဟိုရောဂါ တိုက်ဖျက်ရေးဌာနမှ တာဝန်ရှိသူများ၏ ပြောချက်အရ သိရသည်။

**မားစ်ရောဂါ လက္ခဏာများ**

(၁) WHO ၏အဆိုအရ ရောဂါကူးစက်ခံရသူဟာ ရက်ရှည်ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ ချွဲသလိပ်ထခြင်းများ၊ အသက်ရှူကြပ်ခြင်းများ ဖြစ်လာတတ်ကြောင်း သိရပါတယ်။

(၂)ရောဂါလက္ခဏာများအနက် ကိုယ်အပူချိန်မြင့်တက်ခြင်းဟာ အထင်ရှားဆုံးဖြစ်ပြီး မားစ်ရောဂါပိုးရှိသူ ၉၈ ရာခိုင်နှုန်းတွင် တူညီစွာတွေ့ရှိရသော အချက်လည်းဖြစ်ပါတယ်။ ထို့ပြင် ချောင်းဆိုးသူ ၈၃ ရာ ခိုင်နှုန်း၊ အသက်ရှူရန်ခက်ခဲသူ ၇၂ ရာခိုင်နှုန်းထိ ရှိကြပါတယ်။

(၃) အခြားသော ရောဂါလက္ခဏာများမှာ ဝမ်းလျှောခြင်း၊ ပျို့အန်ခြင်း၊ ဝမ်းဗိုက်နာခြင်းများဖြစ်ပေါ်လေ့ရှိပါတယ်။ မားစ်ရောဂါခံစားရသူအများစုဟာ အသက်ရှူရန် စက်ပိုင်းဆိုင်ရာအထောက်အပံ့ လိုအပ်သည်အထိ ကြုံရတတ်ပါတယ်။

(၄) မားစ်ရောဂါကူးစက်ခံရသူ ၁၀ ဦးလျှင် သုံးလေးဦးမှာ အသက်ဆုံးရှုံးရတတ်ပါတယ်။ ၎င်းရောဂါ စတင်ကူးစက်ခံရချိန်နဲ့ ရောဂါလက္ခဏာများ စတင်ပြသချိန်မှာ အများအားဖြင့် ငါးရက် (သို့) ခြောက်ရက်ကြာမြင့်သော်လည်း ကိုယ်ခံစွမ်းအားပေါ်မူတည်၍ နှစ်ရက်မှ ၁၄ ရက် (ရက်သတ္တနှစ်ပတ်) အတွင်း ရောဂါလက္ခဏာများ ပြသနိုင်ပါတယ်။

(၅) အခြေအနေဆိုးရွားချိန်မှာ နမိုးနီးယား၊ ကျောက်ကပ်ပျက်စီးခြင်း၊ သွေးကြောများအတွင်း သွေးခဲပိတ်ဆို့ခြင်းနဲ့ နှလုံးထိခိုက်ခြင်းတို့ဖြစ်ပေါ်ကာ အသက်အန္တရာယ်ကိုပင် ထိခိုက်စေနိုင်ပါတယ်။

**မားစ်ရောဂါ ကူးစက်ပျံ့နှံ့ခြင်း**

မားစ်ရောဂါသည်ကို အနီးကပ်ထိတွေ့မိခြင်းမှ အခြားသူများထံ ကူးစက်ပျံ့နှံ့လေ့ရှိပြီး ရောဂါသည်နှင့်အတူတကွနေထိုင်ခြင်း (သို့) ပြုစုပေးခြင်းတို့မှ ပျံ့နှံ့နိုင်ပါတယ်။ ဒါ့ပြင် ရောဂါသည်များ တက်ရောက်ကုသမှုခံယူနေသော ဆေးရုံများကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုဌာနများမှ အခြားလူများထံ ပျံ့နှံ့ကူးစက်နိုင်ပါတယ်။

**မားစ်ရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်နည်းလမ်းများ**

အမေရိကန် ရောဂါကာကွယ်ရေးနှင့် ကုသရေးဌာနက မားစ်ရောဂါကူးစက်ခြင်းမခံရအောင် ကြိုတင်ကာကွယ်သည့်အနေဖြင့် လုပ်ဆောင်ရမည့်နည်းလမ်းများကို အောက်ပါအတိုင်း အကြံပြုထားပါတယ်။

(၁) ယခုလက်ရှိမှာတော့ မားစ်ရောဂါအတွက် ကာကွယ်ဆေးမရှိသေးပါဘူး။ သို့သော် တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုစိုက်ပြီး လက်ကိုဆပ်ပြာဖြင့် စက္ကန့် ၂၀ မျှကြာအောင် မကြာခဏဆေးကြောပါ။ အကယ်၍ ဆပ်ပြာနဲ့ရေတို့ကို ရရှိရန် မလွယ်ကူပါက အရက်ပျံ (သို့) အရက်ကို အခြေခံသော လက်ဆေးရည်များဖြင့် နေ့စဉ်မှန်မှန် ဆေးကြောပါ။

(၂) ချောင်းဆိုးနှာချေစဉ် နှာခေါင်းနှင့်ပါးစပ်တို့ကို တစ်ရှူးဖြင့် အုပ်ထားပါ။ ထို့နောက် ၎င်းတစ်ရှူးကို အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ပါ။

(၃) နာတာရှည်ရောဂါတစ်ခုခု ခံစားနေရသူများ (ဥပမာ ဆီးချိုရောဂါ၊ ကျောက်ကပ်ရောဂါ၊ အဆုပ်ရောဂါပိုးဝင်ခြင်း) မှာ (MERS-CoV) ပိုးဝင်ရောက်ရန် အန္တရာယ်ပိုမိုကြီးမားတာကြောင့် ရောဂါဖြစ်ပွားနေသောဒေသသို့ ခရီးမထွက်ခွာမီ သက်ဆိုင်ရာဆရာဝန်နှင့် စနစ်တကျ ကုသမှုခံယူပါ။

(၄) လူထူထပ်သောနေရာများသို့ သွားလာခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။

(၅) သေသေချာချာ ချက်ပြုတ်ထားသော အစားအစာများကိုသာ စားသုံးပါ။

(၆) အသက်ရှူလမ်းကြောင်းမှ ကူးစက်သည့်ရောဂါဖြစ်နိုင်တာကြောင့် ဆေးဘက်ဆိုင်ရာသုံးမျက်နှာဖုံးများ တပ်ဆင်ထားသင့်ပါတယ်။

(၇) လူနာကို ပြုစုစောင့်ရှောက်သည့် ကျန်းမာရေးဝန်ထမ်းများသို့ ရောဂါကူးစက်နိုင်ခြေ ပိုမိုများပြားနိုင်၍ မျက်လုံးအကာများ၊ နှာခေါင်းအစည်းများကို လုံခြုံစွာတပ်ဆင်ထားဖို့လိုပါတယ်။ လူနာကို ကိုင်တွယ်ရာတွင်လည်း သန့်ရှင်းသောလက်အိတ်များကို အသုံးပြုရမှာပါ။

(၈) ရောဂါပိုး ပျံ့နှံ့ကူးစက်နေသော နိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများက မိမိ၏ကျန်းမာရေးအခြေအနေကို နှစ်ပတ်မျှအချိန်ယူစောင့်ကြည့်သင့်သလို၊ ကျန်းမာရေးဝန်ထမ်းများကလည်း ၎င်းသူများကို စောင့်ကြည့်သင့်ပါတယ်။

(၉) တစ်ပတ်ထက်ပိုကြာသော ဖျားနာမှုရှိပါက ကျန်းမာရေးစစ်ဆေးမှုခံယူရန် လိုအပ်ပါတယ်။

(၁၀) ကိုယ်ခံအားနည်းပါးနေချိန်မှာ ရောဂါကူးစက်မှုဖြစ်နိုင်ခြေပိုများတာကြောင့် ကျန်းမာရေးအတွက် အထောက်အကူပြုစေမည့် အစာအာဟာရများကို သင့်တင့်မျှတစွာ စားသုံးသင့်ပါတယ်။

(၁၁) ကိုယ်ခံအားနည်းပါးသော ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများမှာ ရောဂါကူးစက်နိုင်ခြေ ပိုများတာကြောင့် သတိပြုသင့်ပါတယ်။

(၁၂) အထူးအရေးအကြီးဆုံးအချက်မှာ ရောဂါဖြစ်ပွားနေသောနိုင်ငံတွင် နေထိုင်ခဲ့စဉ် သို့မဟုတ် ရောဂါဖြစ်ပွားနေသောနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်ရောက်ပြီး ၁၄ ရက်အတွင်း ဖျား၍ချောင်းဆိုးခြင်း၊ နှာရည်ယိုခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူရခက်ခြင်း၊ ဝမ်းလျှောခြင်း၊ အန်ခြင်းစတဲ့ သံသယလက္ခဏာများ ဖြစ်ပေါ်လာပါက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနများသို့သွား၍ ချက်ချင်း ဆေးကုသမှုခံယူပါ။

(၁၃) တခြားနိုင်ငံများမှာတော့ မားစ်ရောဂါပိုး မကူးစက်စေဖို့အတွက် ကုလားအုတ်နှင့် တောရိုင်းတိရစ္ဆာန်များကို မလိုအပ်ဘဲ ထိတွေ့ခြင်းမှ ရှောင်ကြဉ်ကြဖို့ နှိုးဆော်ထားပါတယ်။

(၁၄) ဆေးကြောထားခြင်းမရှိသည့်လက်ဖြင့် မိမိ၏ မျက်လုံး၊ နှာခေါင်းနဲ့ ပါးစပ်တို့ကို မထိတွေ့ပါနှင့်။

(၁၅) ဖျားနာနေသူများနှင့် ခန္ဓာကိုယ်ချင်းထိတွေ့ခြင်း၊ နမ်းခြင်း၊ ခွက်တစ်ခုတည်း (သို့) ပန်းကန်တစ်ချပ်တည်း စားသောက်ခြင်းကို ဆင်ခြင်ပါ။

(၁၆) သစ်သီး၊ ဟင်းသီးဟင်းရွက်များကို အစိမ်းစားမည်ဆိုပါက သေချာစွာဆေးကြောပြီးမှ စားပါ။

# မိုင်းဆတ်ခရိုင် မိုင်းတုံမြို့နယ်တရားရုံးအဆောက်အအုံသစ် ဖွင့်လှစ်



**မိုင်းတုံ ဇွန် ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းတုံမြို့နယ်တရားရုံးအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၀ ရက် နံနက် ၉ နာရီက အဆိုပါရုံးအဆောက်အအုံသစ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစောမူးလာ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေနှင့် ခရိုင်တရားသူကြီးတို့က အဆောက်အအုံသစ်ကို ဖွင့်လှစ်ခဲ့သည်။

ယင်းနောက် မြို့နယ်တရားသူကြီး ဦးကျော်သန်းစိန်က တရားရုံးအဆောက်အအုံသစ်သည် အလျား ၅၅ ပေ၊ အနံ ၃၅ ပေ၊ အမြင့် ၂၃ ပေရှိ အုတ်ညှပ်နှစ်ထပ်သွပ်မိုးနှင့် အလျားပေ ၃၀၊ အနံပေ ၂၀၊ အမြင့် ၉ ပေရှိ အုတ်ညှပ်တစ်ထပ်သွပ်မိုး ယာယီ အချုပ်ခန်းတစ်ခန်းတို့ပါဝင်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် နိုင်ငံတော်ခွဲဝေပြုငွေကျပ် ၈၁၇ သိန်းဖြင့် အိမ်မက်ရွာဆောက်လုပ်ရေးကုမ္ပဏီက တင်ဒါအောင်မြင်ပြီး မြို့နယ်အရည်အသွေးစစ်ဆေးရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြပြီး ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးနေမျိုးဦးက အဆောက်အအုံနှင့်ပတ်သက်သော စာရွက်စာတမ်းများနှင့် အထိမ်းအမှတ်အလံတို့ကို မြို့နယ်တရားသူကြီးထံပေးအပ်ခဲ့သည်။

ခရိုင်(ပြန်/ဆက်)

# တာချီလိတ်မြို့နယ် ဝမ်ပုံကျေးရွာတွင် အလယ်တန်းကျောင်းအဆင့်တိုးမြှင့်

**တာချီလိတ် ဇွန် ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)ကျေးရွာအုပ်စု ဝမ်ပုံကျေးရွာ အခြေခံပညာတွဲဖက်အလယ်တန်းကျောင်းအား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနားကို ဇွန် ၁၉ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းဆိုင်းဘုတ်ရှေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ်ပညာရေးမှူး ဦးစိန်ထွန်းလှ၊ မိုင်းဖုန်း(က)ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုင်းဆွမ်လစ်နှင့် ကျောင်းသား ကျောင်းသူများက ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ခန်းမဆောင်အတွင်း၌ ဖွင့်ပွဲအခမ်းအနားအားကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးက ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းနှင့်အတူ ပညာရည်မြင့်မားတိုးတက်ပြီး နိုင်ငံတော်အတွက် အားထားရသည့်ကျောင်းသား၊ ကျောင်းသူများ ပေါ်ထွန်းလာရေးနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးက ကျောင်းအဆင့်တိုးမြှင့်ပေးခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ဖွင့်ပွဲအထိမ်းအမှတ်အလံငယ်အား တာဝန်ရှိသူများထံသို့ပေးအပ်ခဲ့သည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာကျောင်းသား ကျောင်းသူများအား ကျောင်းသုံးစာရေးကိရိယာများ အခမဲ့ထောက်ပံ့ပေးခြင်း၊ ကျောင်းဝတ်စုံများထောက်ပံ့ခြင်းအပြင် ကျောင်းသားနှင့် ဆရာအချိုးကိုက်ညီရေး၊ ကျောင်းထောက်ပံ့ကြေးများထောက်ပံ့ပေးခြင်းနှင့် ကျောင်းအဆင့်တိုးမြှင့်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးက ပြောသည်။

ဝေယံလင်း(ပြန်/ဆက်)

# သက်တမ်းလွန်ဆေးဝါး၊ စားသောက်ကုန် လူသုံးကုန်ပစ္စည်းများ မီးရှို့ဖျက်ဆီး

**မန္တလေး ဇွန် ၂၂**

မန္တလေးခရိုင်အတွင်းရှိ ကုမ္ပဏီများ၊ ဆေးအရောင်းဆိုင်များ၊ ဈေးများမှ လာရောက်အပ်နှံပစ္စည်းများနှင့် သိမ်းဆည်းရရှိသည့် ၂၀၁၅ခုနှစ် သက်တမ်းလွန်ဆေးဝါး၊စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများမီးရှို့ဖျက်ဆီးခြင်းအခမ်းအနားကို ဇွန် ၁၉ ရက် နံနက် ၉ နာရီကမန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် အေးရိပ်ငြိမ်သုသာန်အတွင်းရှိ ဆေးဝါးမီးရှို့ဖျက်ဆီးသည့်နေရာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီး ဦးအောင်မောင်းနှင့် ကော်မတီဝင်များ၊ မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူး ဒေါက်တာဝင်းနိုင်၊ အစားအသောက်နှင့် ဆေးဝါးကွတ်ကဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာကျော်ကျော်၊ ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာကျော်စိုးနှင့် မြို့တော်စည်ပင်သန့်ရှင်းရေးဌာနဝန်ထမ်းများ တက်ရောက်ကြသည်။

ယင်းနေ့က မြို့တော်ဝန်နှင့်တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသည့် ၂၀၁၅ ခုနှစ် သက်တမ်းလွန်ဆေးဝါးများ၊ စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများအား ကြည့်ရှုစစ်ဆေးပြီးနောက် တက်ရောက်လာသူများက မီးရှို့ဖျက်ဆီးမည့်တွင်းအတွင်းသို့ စွန့်ပစ်ကာ မီးရှို့ဖျက်ဆီးခဲ့ကြသည်။



မီးရှို့ဖျက်ဆီးသည့် ၂၀၁၅ ခုနှစ် သက်တမ်းလွန်ဆေးဝါး၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ၏ စုစုပေါင်း တန်ဖိုးမှာကျပ် ၁၉၉၁၀၆၇၈၀ ဖိုးဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## ဒဂုံမြို့သစ်တောင်ပိုင်းတွင် ကွန်ကရစ်လမ်းဖွင့်ပွဲ ပြုလုပ်

**ရန်ကုန် ဇွန် ၂၂**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် အမှတ်(၂၆)ရပ်ကွက် ရွာမကျောင်းလမ်းအား ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် လမ်းသူလမ်းသားများ စုပေါင်းထည့်ဝင်ငွေဖြင့် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဇွန် ၂၀ ရက် နံနက် ၇ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ရွာမကျောင်းလမ်း၏ အကျယ်အဝန်းမှာ အလျား ၁၂၈၂ ပေနှင့် အနံ ၁၄ ပေအရှည်ရှိကာ ခြောက်လက်မဒု ကွန်ကရစ်အမျိုးအစားဖြစ်ပြီး နိုင်ငံတော်ပံ့ပိုးငွေကျပ် ၄၈ သိန်းတစ်သောင်းနှစ်ထောင့်ငါးရာကျပ်နှင့် ရပ်ကွက်ပြည်သူထည့်ဝင်ငွေကျပ် ၁၄၉ သိန်းနှစ်သောင်းငါးထောင့်ခြောက်ရာကျပ်တို့ဖြင့် စုစုပေါင်းတန်ဖိုးကုန်ကျငွေမှာ ငွေကျပ် ၁၉၇ သိန်းသုံးသောင်းရှစ်ထောင့်တစ်ရာကျပ်အကုန်ကျခံ၍လမ်းခင်းခဲ့သည်။

**စိုးဝင်း (MLA)**

## ဖလမ်း၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုး

**ဖလမ်း ဇွန် ၂၂**

သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် ရည်ရွယ်လျက် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၀ ရက်က ဖလမ်းမြို့ ရိခေါဒါရ်လမ်းခွဲ ဖလမ်း-ဟားခါးကားလမ်း မိုင်တိုင်အမှတ် (၈၄)/(၀)မှ(၈၄/၁) အနီးတစ်ဝိုက်၌ကျင်းပရာ ဖလမ်းခရိုင်အုပ်ချုပ်ရေးမှူး ဦးထင်ကျော်အေး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများက ထင်းရှူးပင် ၅၀၊ ချယ်ရီပင် ၁၅၀၊ တောင်ဇလပ်ပင် ၂၀၊ ယူကလစ်ပင် ၂၀၀၊ ရေသင်းဝင်ပင် ၈၀ နှင့် သရက်ခွံပင်၅၀ စုစုပေါင်း အပင် ၅၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## မိုင်းယောင်းမြို့၌ ဘိန်းအစားထိုးသီးနှံမျိုးစေ့နှင့် နှစ်ချင်း နှစ်ရှည်ပျိုးပင်များ ပေးအပ်

**မိုင်းယောင်း ဇွန် ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့တွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်း (ယင်းမာ) အထူးစီမံချက်အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်ချက်တစ်ခုအဖြစ် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကျေးရွာအုပ်စုများရှိ တောင်သူများထံ ဘိန်းအစားထိုး သီးနှံမျိုးစေ့များ၊ နှစ်ချင်း၊ နှစ်ရှည်ပျိုးပင်များနှင့် ဓာတ်မြေဩဇာများ အခမဲ့ပေးအပ်ပွဲကို ဇွန် ၁၈ ရက်ကမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဗလမင်းထင်ခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး သိန်းလွင်က မူးယစ်ဆေးဝါးအန္တရာယ်ဆိုးကျိုးများအကြောင်းကို ရှင်းလင်းဟောပြောခဲ့သည်။

ယင်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်မိုးက ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးအတွက် မျိုးစေ့နှင့် ပျိုးပင်များပေးအပ်ရခြင်းနှင့် စိုက်ပျိုးနည်းစနစ်များအား ရှင်းလင်းပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်လက်ထောက်(၃)ဒေါ်နန်းပန်က စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများကို ဟောပြောကာ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဝမ်ဘိုးကျေးရွာအုပ်စု၊ မုန်းလိုက်ကျေးရွာအုပ်စု၊ ဟောင်ကြန့်ကျေးရွာအုပ်စုနှင့် ဝမ်မန်းကျေးရွာအုပ်စုတို့ရှိ တောင်သူကိုယ်စားလှယ်များထံ ပုလဲသွယ်စပ်မျိုးစပါးဧက ၁၀၀ အတွက် အစားထိုးသီးနှံမျိုးစေ့များ၊ ဓာတ်မြေဩဇာအိတ် ၅၀ နှင့် လက်ဖက်စိုက်ခင်းတစ်ဧက အတွက် ပျိုးပင် ၅၄၄၅ ပင်ခန့်အား ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

## မြန်မာအမျိုးသမီးများနေ့ အကြိုပြိုင်ပွဲ မောက်မယ် အ.ထ.က၌ ကျင်းပ

**မောက်မယ် ဇွန် ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ဦးစီးကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အကြို အလယ်တန်းဆင့်၊ အထက်တန်းဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကို ဇွန် ၁၉ ရက်ကပြုလုပ်ခဲ့သည်။

ယင်းစာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင်အထက်တန်းဆင့်မှ မြန်မာအမျိုးသမီးများနေ့အကြောင်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့်မှနုပျိုလှပ မြန်မာအမျိုးသမီးဘဝ ခေါင်းစဉ်ဖြင့်လည်းကောင်း ကျောင်းသူများက အသီးသီးယှဉ်ပြိုင်ခဲ့ကြသည်။ **စိုင်းမျိုးသန့်(ပြန်/ဆက်)**


### ဂုဏ်ယူဝမ်းမြောက်ကြောင်း

စိမ်းလန်းကမ္ဘာကုမ္ပဏီမှ နာယကကြီးဖြစ်သူ ဒေါက်တာချစ်သည် ပခုက္ကူဦးအုန်းဖေ တစ်သက်တာစာပေဆုရရှိသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ရပါကြောင်း။

ဝန်ထမ်းများ

စိမ်းလန်းကမ္ဘာကုမ္ပဏီနှင့်စိမ်းလန်းစိုပြည်ဂါးဒင်း

### ကန့်ကွက်နိုင်ပါသည်

အိမ်အမှတ်(၂၃၄၀)၊ ဦးအောင်မြတ်လမ်း၊ ကျန်စစ်သားရပ်ကွက်၊ ဒလမြို့၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော မြေကွက်အမှတ်(၄/၂၃၄၀)၊ ဧရိယာခန့်မှန်းခြေ (အလျားပေ၂၅×အနံပေ၅၀) ကျယ်ဝန်းသော ပါမစ်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အိမ်ကို အပြီးအပိုင်ဝယ်ယူရန် အိမ်မြေပိုင်ရှင် ဦးသန်းလှိုင်[၁၂/ဒလန(နိုင်)၀၀၅၂၈၃]သို့ ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အိမ်မြေအရောင်းအဝယ်ဆက်လက်ပြုလုပ် စာချုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးသိန်းညွန့် **,R.L,DBL,DML,DIL**
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁)
ဖုန်း-၀၉-၅၀၀၁၈၃၇၊ ၀၉-၅၀၅၃၁၀၇

ဒေါ်ချောချောအေး **LL.B**(စဉ်-၂၇၄၆၇) **B.A,HGP**
ဒေါ်ဝါဝါစံ **LL.B**(စဉ်-၂၇၈၆၀)
အထက်တန်းရှေ့နေများ
ဖုန်း-၀၉-၇၃၀၈၅၀၉၀၊ ၀၉-၄၂၀၀၅၂၅၅

**အမှတ်(၁၂၂)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

### ကိုသန့်ဇင်
**CAR RENTAL**

ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။

**ဖုန်း-၀၉-၄၃၁၁၇၆၈၀၊ ၀၉-၅၀၅၉၈၂၁**

### ရောင်းရန်
Hyundai Porter II
Pickup (4x2) (L)
လုပ်ငန်းလိုင်စင်ရပြီး

**ဖုန်း-၀၉-၄၃၁၇၅၄၅၂ ၀၉-၂၅၄၂၆၃၄၅**

### ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
ရွှေဘိုမြို့၊ ကုန်းဘောင်ရပ်ကွက်
ပေ ၆၀×၄၀ (**L** ကွက်)
ဖုန်း-၀၉-၅၀၁၄၆၆၃

### (၇)ကြိမ်မြောက်အလုပ်အကိုင်အခွင့်အလမ်းများပြပွဲ

Main Sponsor
အခွင့်အလမ်း ဂျာနယ်
The Opportunity Journal

အလုပ်ရှာနေသူများနှင့်ဝန်ထမ်းအလိုရှိသူများတိုက်ရိုက်တွေ့ဆုံပွဲ

ကျင်းပမည့်နေ့ရက် – ၂၀၁၅ ခုနှစ် – ဇူလိုင် (၂၄–၂၅–၂၆)
ကျင်းပမည့်အချိန် – နံနက်(၉:၀၀မှ၅:၀၀)
ကျင်းပမည့်နေရာ – တပ်မတော်ခန်းမ(ဦးဝိစာရလမ်း၊ရန်ကုန်)

CV များများယူလာခဲ့ဖို့မမေ့ပါနဲ့

ပြပွဲသို့လာရောက်ကြသူများအတွက် ထင်ရှားကျော်ကြားသော စီးပွားရေးလုပ်ငန်းရှင်များမှ ၎င်းတို့၏အတွေ့အကြုံများအား ဝေမျှပေးမည့် အစီအစဉ်များ၊ ဖုန်း(ဟန်းဆက်)ကံစမ်းမဲအစီအစဉ်များပါဝင်မည်ဖြစ်သည်။

အသေးစိတ်သိလိုပါက –၀၉–၅၁၄၂၃၃၁၊၀၉–၇၃၁၂၁၇၅၄၊၀၉–၇၃၁၆၁၇၂၁ များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## မွေးနေ့မင်္ဂလာဆုတောင်းလွှာ

၂၃-၆-၂၀၁၅ရက်တွင် ကျရောက်သော **ကိုသော်တာထွန်း(အလုပ်အမှုဆောင်အရာရှိ-မာလာမြိုင် ကုမ္ပဏီလီမိတက်)**၏ မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံကာ လုပ်ငန်းများလည်း ဆတက်တိုး၍ အောင်မြင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဝန်ထမ်းများ

Marlarmyaing Company Limited
Marlarmyaing Manufacturing Company Limited
Maykha Seeds Int'l Company Limited
Crystal Clear Environmental Company Limited

## မွေးနေ့မင်္ဂလာဆုတောင်းလွှာ

၂၃-၆-၂၀၁၅ရက်တွင် ကျရောက်သော **ကိုသော်တာထွန်း(အလုပ်အမှုဆောင်အရာရှိ-မာလာမြိုင်ကုမ္ပဏီလီမိတက်)**၏ မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကာ လုပ်ငန်းများလည်း ဆတက်တိုး၍ အောင်မြင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဦးမြင့်ဝေ-အန်တီသိန်း**
**မာလာမြိုင် စိုက်ပျိုးရေးဆေးဆိုင်**
**ကျိုက်လတ်မြို့**

## မွေးနေ့မင်္ဂလာဆုတောင်းလွှာ

၂၃-၆-၂၀၁၅ရက်တွင် ကျရောက်သော **ကိုသော်တာထွန်း(အလုပ်အမှုဆောင်အရာရှိ-မာလာမြိုင် ကုမ္ပဏီလီမိတက်)**၏ မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကာ လုပ်ငန်းများလည်း ဆတက်တိုး၍ အောင်မြင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**ဦးတင်ဝင်း-အန်တီညွန့်ညွန့်သန်း**
**ချမ်းမြေ့စိုက်ပျိုးရေးဆေးဆိုင်**
**မန္တလေးမြို့**

**Coffee & Bakery**
(ဆိုင်လုပ်ငန်း)
အမြန်ရောင်းမည်
ယခုဖွင့်လှစ်ဆဲ
၇/၈ လမ်းဆုံ၊ မြောက်ဒဂုံ
**ဖုန်း-09-423726948, 09-428048291**

**GOLDEN STAR**
**ကျိုက်ထီးရိုး (နေ့စဉ်)**
**ရွှေငင်းသာ (နေ့စဉ်)**
**ငွေဆောင် (နေ့စဉ်)**
**Ph: 209200, 544383, 430480**

ဦးနိုင်ဝင်း၊ ဦးကိုကိုစိုး
**အားသစ် ဒုရိအုပ်** ဝင်ခွင့် (တွင်း၊ပြင်)
စနေ၊တနင်္ဂနွေတစ်ပတ်နှစ်ရက်တက်တန်းခွဲ
ညနေပိုင်းတစ်ပတ်သုံးရက်တက်တန်းခွဲများဖွင့်ပြီ
နယ်သားများအတွက်နေ့စဉ်တက်(၇) ရက်ပြတ်တန်းခွဲ
ဇူလိုင်[၄] စမည်
Daily 12:300(pm)- 4:00(pm)
၁၄၈(၄လွှာ)ဆိပ်ကမ်းသာလမ်း(အောက်)ပန်းဆိုးတန်းမှတ်တိုင်
**09 500 1599, 09 8632973, 09 73172556**

**Gandamar Office Machines Ltd.** မှ
(နေပြည်တော်ရုံးခွဲ) တွင် တာဝန်ထမ်းဆောင်ရန်အတွက် ဝန်ထမ်းအလိုရှိသည်။

**- Office Staff (မ - ၃) ဦး**

ကွန်ပျူတာကောင်းမွန်စွာအသုံးပြုနိုင်ရမည်။ နေပြည်တော်နှင့် ပျဉ်းမနားမြို့ တွင် နေထိုင်သူများ CV Form နှင့်တကွ ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ

(၁) ရန်ကုန်ရုံးချုပ် - (ဖုန်း 01-249315 , 01-374294)
Email - hq@gandamar-mm.com

(၂) နေပြည်တော်ရုံးခွဲ - အမှတ်(၁၆၆) ၊ သီရိရတနာအဆင့်မြင့်ဈေး ၊ Lion House စားသောက်ဆိုင်ရှေ့၊ AGD ဘဏ်ဘေး၊ နေပြည်တော်၊
(ဖုန်း 067- 421212 , 09-49208240)

**University of Bedfordshire (UK)**
**မှ ချီးမြှင့်သော**

STI MYANMAR UNIVERSITY
www.stiedu.net
www.facebook.com/STIMyanmarUniversity

**School of Business**

BA (Hons) Business Management
BA (Hons) Accounting and Finance

**School of Engineering**

BEng (Hons) Civil & Architectural Engineering
BEng (Hons) Electronic Engineering

• တက္ကသိုလ်ဝင်တန်း နှင့် GCE 'O' Level အောင်မြင်ပြီးသူများ တက်ရောက်နိုင်ပါသည်။



Block-10, MICT Park
လှိုင်တက္ကသိုလ်၊ ရန်ကုန်
Ph: 507151, 507152
377988
Email: enquiry@stiedu.net

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်နှင့် အမည်အမှတ်အသားသည် ကျွန်ုပ်တို့၏အမှုသည်ဖြစ်သူ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၂၀၄)တွင် တည်ထောင်ဖွဲ့စည်းထားသည့် TA GAUNG BWAR CO.,LTD တကောင်ဘွားကုမ္ပဏီလီမိတက် ကုမ္ပဏီလိုင်စင်အမှတ်-(၇၅၃/၁၉၉၇-၁၉၉၈)၏ တစ်ဦးတည်းမူပိုင် ပြုလုပ်သုံးစွဲလျက်ရှိသည့် ကုန်အမှတ်တံဆိပ်နှင့် အမည်အမှတ်အသားများဖြစ်ပါသည်။

**ကုန်အမှတ်တံဆိပ်နှင့် အမည်၊ အမှတ်အသား**

TGB

**မှတ်ပုံတင်စာချုပ်အမှတ်-(၄/၆၂၂၂/၂၀၁၅)၊ နေ့စွဲ ၁၅-၅-၂၀၁၅**

အထက်ဖော်ပြပါ တံဆိပ်အမှတ်အသားဖြင့် TA GAUNG BWAR CO.,LTDမှ Class-(19)(20)(21) (35) (37) (40)တွင် ပြဋ္ဌာန်းထားသည့်အရာများနှင့် အထူးအားဖြင့် Building Developer. Services အနေဖြင့် Building, Factory construction, Infrastructure (Earth work)Bore pile, Hydraulic pressed pile, Precast pile, Ready mixed concrete စသည့်လုပ်ငန်းများကို တိုက်ရိုက်လုပ်ဆောင်ဖြန့်ချိသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါကုန်အမှတ်တံဆိပ်၊ အမည်အမှတ်အသား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကသော်လည်းကောင်း၊ (သို့မဟုတ်) လူအများကသော်လည်းကောင်း(သို့မဟုတ်) ကုမ္ပဏီအဖွဲ့အစည်းတစ်ခုခုကသော်လည်းကောင်း၊ ထပ်တူထပ်မျှဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား၊ သံတူကြောင်းကွဲ၊ ပုံတူပုံမှား တုပပြုလုပ်သုံးစွဲရောင်းချပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူရလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဦးခင်ညွှန့်(၁၇၀၁)၊ ဒေါ်ရီရီတင်(၁၉၉၅)**
**တရားလွှတ်တော်ရှေ့နေများ**
**ရုံးခန်း(၁)အမှတ်-၅၅၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်။**
**ရုံးခန်း(၂)အမှတ်-၉၀၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၃၇၁၇၅၅၊ ၀၉-၅၀၁၁၅၇၁၊ ၇၈၅၀၁၁၅၇၁၊ ၅၀၁၈၃၄၅၊ ၇၈၅၀၁၈၃၄၅၊ ၆၈၀၆၁၂၃၊ ၇၈၆၈၀၆၁၂၃**

## ကြော်ငြာ

**ရွှေပြည်ဟိန်း ကုသိုလ်ဖြစ် ဆေးရုံ ဇူလိုင်လ၊ ၁၈-၁၉၊ (၄၉)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

ဇွန်လ (၂၁)ရက် (၄၈)ကြိမ်အထိ မျက်စိဝေဒနာရှင် ဦးရေ(၆၁၆၀)ပြည့် အလင်းဒါနပြုလုပ်ပြီးဖြစ်ပါသည်။ ဇူလိုင်လ (၁၈၊ ၁၉)ရက်တွင် ၄၉-ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀/-ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - **သီတာရု ရွှေပြည်ဟိန်း ကျေးဇူးရှင်ဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း ပြည့်သာယာ၊ ရန်ကင်း၊** (ILBC ၊ တာမွေလေး၊ သလမ်းအနီး) ဖုန်း- ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉ ရွှေဂုံတိုင်ကမ္ဘောဇဘဏ် အခွင့်စေဘောသီရိဥဒေါ်ခဲ့ (AccountNo.0075010070169 0301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း၊ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

---

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား

<u>အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း</u>

၁။ အောက်ပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်း အမျိုးအမည် |
|---|---|---|
| (က) | ၄၄/မမ/CE | Bridge Hook Bolts (30000)Nos |
| (ခ) | ၄၅/မမ/CE | ၇' x ၁၁ လိုင်း (၃၀ ဂိတ်) သွပ်ပြား (၅၄၀၀၀)ချပ် |
| (ဂ) | ၄၆/မမ/S&T | အချက်ပြစနစ် ပစ္စည်း(၃)မျိုး(Warner Lever,Stake with Pully,Gain Stoke) |

တင်ဒါပိတ်မည့် နေ့/အချိန် - ၆.၇.၂၀၁၅ ( တနင်္လာ နေ့ )(၁၂.၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၂.၆.၂၀၁၅)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။ ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း-294352, 291994

---

**iStock®** ကုန်ပစ္စည်းထိန်းကွန်ပျူတာစနစ်

- ကုန်ရောင်း/ကုန်ဝယ်စာရင်း
- ငွေစာရင်း
- ကုန်လက်ကျန်စာရင်း
- ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
- အကြွေးစာရင်း
- လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း

**Contact Us ...**

YGN 09-252424002, 09-254151516, 09-43029798

MDY 09-43200283, 09-257333214

NPT 09-974432762, 09-974432763

Galaxy Software Co.,Ltd.

www.galaxy.com.mm

---

## SIN YANGON GROUP LIMITED

**တည်ဆောက်ရေး ၁၀၀% နှင့် ၉၀% ပြီးစီးပြီးဖြစ်သော တိုက်ခန်းများကို အခန်းတန်ဖိုး၏ ၆၅% ပေးချေပြီးသည်နှင့်တစ်ပြိုင်နက် နေထိုင်နိုင်မည့်အထူးအခွင့်အရေး**

➤ အင်းစိန်မြို့နယ်၊ လှိုင်မြို့နယ်၊ တာမွေမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ် များတွင် လက်ရှိဆောက်လုပ်လျက်ရှိပြီး မကြာမီအချိန်အတွင်း သာကေတမြို့နယ် တွင်လည်းထပ်မံတိုးချဲ့တည်ဆောက်မည့် တိုက်ခန်းများအား ၁နှစ်၊ ၂ နှစ်၊ ၃နှစ်အထိအရစ်ကျငွေပေးသွင်းနိုင်သော သင့်တင့်သောငွေပေးချေမှုစနစ်ဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိကြောင်း မိတ်ဆောင်းမိတ်သစ်များအားသတင်းကောင်းပါးအပ်ပါသည်။

➤ ကျွန်တော်များ SIN YANGON GROUP LIMITED မှမိမိဝယ်ယူထားသော တိုက်ခန်းပိုင်ဆိုင်မှု အတွက် အာမခံချက်များ ဖြင့် ဝန်ဆောင်မှု ပေးလျက်ရှိသည့် အပြင်တိုက်ခန်း တည်ဆောက်ရာ၌ အဆောက်အအုံကြံ့ခိုင်မှု အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာ၏နည်းဥပဒေများ နှင့်အညီ တည်ဆောက်လျက်ရှိပါသည်။

၂၀၁၄ – ၂၀၁၅ ခုနှစ်အတွင်းဆောက်လုပ်ပြီးစီးသောတိုက်များ



အမှတ်(၃၉)အောင်မင်္ဂလာမြို့ ပတ်လမ်း ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊



အမှတ်(၁၈၀)၊ ခ(၆)လမ်း၊မြို့သစ်(က၁ခ)ရပ်ကွက်၊အင်းစိန်မြို့နယ်၊





အခန်းတွင်းဖွဲ့စည်းပုံနှင့် ဖောင်ဒေးရှင်းတည်ဆောက်ပုံ



အမှတ်(၉၁)၊သီရိ(၅)လမ်း၊ လှိုင်မြို့နယ်၊

အခန်း(၇)ခန်းသာလျှင် ဦးရာလူစနစ်ဖြင့် ရောင်းချပေးမည့် အထူးပရိုမိုးရှင်း

SIN YANGON GROUP LIMITED မှ တိုက်များကို ၃ထပ်မှ ၆ထပ်အထိ အခန်းပေး၊ အခန်းယူစနစ်ဖြင့်လည်းကောင်း PAE စနစ်ဖြင့်လည်းကောင်း အတွေ့အကြုံရင့် အင်ဂျင်နီယာများ၏ ကြီးကြပ်မှုဖြင့်တာဝန်ယူတည်ဆောက်ပေးလျက်ရှိပါသည်။

ရုံးလိပ်စာ- အမှတ်(၁၂၂)၊သရက်တော(၄)လမ်း(အထက်)၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆင်မလိုက်ကားဂိတ်အနီး၊ရန်ကုန်တိုင်းဒေသကြီး။
ဆက်သွယ်ရန်ဖုန်းနံပါတ်- ၀၉-၃၀၀၅၁၀၀၀၊၀၉-၃၂၀၇၇၇၇၅။

---

**ကမ္ဘာ့အိုလံပစ်နေ့ အား ဂုဏ်ပြုကြိုဆိုပါသည်။**

ဇွန်လ(၂၃)ရက်နေ့ ၂၀၁၅ခုနှစ်

**PREMIER®**

Full Cream Milk Powder

ဗီတာမင်တွေ ထပ်ဖြည့်ထားလို့ ပိုကောင်းပါတယ် ပိုကျန်းမာတယ်...




---

PUN HLAING SILOAM HOSPITALS

**အလှအပနှင့်အရေပြားဆိုင်ရာ ခွဲစိတ်ကုသမှုအထူးအစီအစဉ်**

ဇွန်လ ( ၂၇ ) ရက်မှ ( ၂၈ ) ရက်နေ့အထိ

- မျက်နှာပေါ်ရှိ အရေးအကြောင်းများဖျောက်ပေးခြင်း
- ခန္ဓာကိုယ်အချိုးအစားပြေပြစ်လှပအောင် ပုံဖော်ခြင်း
- မျက်နှာအချိုးအစားပြေပြစ်လှပအောင် ခွဲစိတ်ခြင်းအမျိုးမျိုး
- မျက်လုံးတစ်ဝိုက်ပြုပြင်ခြင်းအမျိုးမျိုး
- ရင်သားအလှပြုပြင်ခြင်းအမျိုးမျိုး
- နှာခေါင်းအလှပြုပြင်ခြင်းအမျိုးမျိုး
- နှုတ်ခမ်းအလှပြုပြင်ခြင်းအမျိုးမျိုး
- အဆီစုပ်ထုတ်ခြင်း

ကိုရီးယားမင်းသမီးတွေလို လှပဖို့အတွက် ကိုရီးယားနိုင်ငံသွားစရာ မလိုတော့ပါ.....



LIKE US ON facebook Pun Hlaing Siloam Hospitals

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၂၁၀၄၂၆၇၉ ၊ (၀၉) ၂၅၄၅၅၀၈၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၀ Email : marketing-phih@spa-mm.com

# ဂုဏ်ယူဝမ်းမြောက်ခြင်း

**Business Initiative Directions (BID)** ကချီးမြှင့်သည့်
**" CENTURY INTERNATIONAL GOLD QUALITY ERA AWARD"**
**(GENEVA 2015)** ဆုကို

## မြန်မာအရှေ့တိုင်းဘဏ်လီမိတက် (M.O.B)

မှ

ထိုက်တန်စွာချီးမြှင့်ခံရခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့်
ဘဏ်လုပ်ငန်းများ ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

- River Top Lodge, Ngapali.
- MGM Hotel, Royal White Elephant Hotel.
- Khin Maung Nyunt Trading Co.,Ltd.
- Beauty World Co.,Ltd. (Boss Ballpen)
- Thu Kha Construction Group Co.,Ltd.
- United Diamond Motor Co.Ltd. (Nissan Motor Authorized Dealer)
- Myanmar Classic Group Co.,Ltd. (Chigo Air-Con)
- Three Stars Co.,Ltd.
- Fame Pharmaceuticals Industry Co.,Ltd.
- Hotel Green
- Forever Winner Limited.
- Nippon Auto Services Co.,Ltd.
- Shwe Dawe Trading Co.,Ltd.
- Progress Intertrade Co.,Ltd.
- Progress Biochem Co.,Ltd.
- Thu Htay Thame Co.,Ltd.
- Kyar Kabar Trading Co.,Ltd.
- Htet Myet Htut Trading Co., Ltd.
- Myint Myat Kyaww Trading Co.,Ltd.
- Myint Myat Kyaww Industry Co.,Ltd.
- Metropolitan Trading Co.,Ltd.
- K.H.M Company Limited.
- Myanmar U.R. Chemical Co.,Ltd.
- Standard General Trading Co., Ltd.

ကြော်ငြာ

# WeChatကိုဒေါင်းလုပ် လုပ်ပြီးHuawei P8ကို အခမဲ့ရရှိရန်အခွင့်အလမ်းရှိပါသည်။

WeChat နဲ့ Huawei ပူးတွဲပြီး လက်ဆောင်များပေးနေပါပြီ။ (16.6.2015 မှ 31.7.2015) ထိ တစ်ရက်လျှင် P8 ဖုန်း (၂)လုံး မဲနှိုက်ပေးမှာဖြစ်ပြီး Bluetooth,Headsets,Speaker နှင့် အခြားသော ဆုလက်ဆောင်ပေါင်း ၅၀၀၀၀ ကျော်က သင့်ကိုစောင့်ကြိုနေပါတယ်။




## WeChat ကို ဘာလို့ သုံးရသလဲ

**အမြဲတမ်းအခမဲ့**
နှစ်စဉ်ကြေးပေးစရာမလိုပါ။ တစ်သက်တာအခမဲ့ အသုံးပြုနိုင်သည်။

**Voice call နှင် Video call အခမဲ့ ခေါ် ဆိုနိုင်ခြင်း**
တစ်ကမ္ဘာလုံးရှိ မည်သည့်နေရာကိုမဆို ကြည်လင်ပြတ်သားသောအသံဖြင့် အခမဲ့ ဖုန်းခေါ် ဆိုနိုင်သည်။

**Group Chat**
လူအယောက်တစ်ရာကျော်ဖြင့် Create လုပ်ကာအုပ်စုဖွဲ့၍ စကား ပြောနိုင်သည်။

**Multimedia Messaging**
ဗွီဒီယို၊ဓာတ်ပုံနှင့် အသံ message များကို ပို့နိုင်သည်။

**Sticker Gallery**
သင့်ရဲ့စိတ်ခံစားမှုကို ဖော်ပြနိုင်သည့် ပျော်ရွှင်စရာလှုပ်ရှားနေသော Sticker တစ်ထောင်ကျော်ကို အခမဲ့အသုံးပြုနိုင်သည်။ထို Sticker များတွင် သင်နှစ်သက်သော ရုပ်ရှင် နှင့် ကာတွန်းကားတို့မှ ဇာတ်ကောင်များပါဝင်သည်။

**Moments**
သင်၏ အကောင်းဆုံးအချိန်လေးတွေကို ကိုယ်ပိုင်ဓာတ်ပုံတင်သည့် နေရာတွင် မျှဝေနိုင်သည်။

**သူငယ်ချင်းအသစ်များနှင့် တွေ့ဆုံနိုင်ခြင်း**
"Friend Radar" , "People Nearby" & "Shake" Function တို့ကို အသုံးပြု၍ သူငယ်ချင်းအသစ်များကိုတွေ့ဆုံနိုင်သည်။

**အခြားအချက်များစွာ**
WeChat ကိုကွန်ပျူတာဖြင့် အသုံးပြုနိုင်ခြင်း၊နောက်ခံဓာတ်ပုံများ ပြောင်းလဲနိုင်ခြင်း၊အသိပေးချက်ကို ချိန်ညှိနိုင်ခြင်း၊အဖွဲ့လိုက်အသုံးပြုနိုင်သော "Walkie -talkie" Function ထားရှိခြင်း၊တရားဝင်အကောင့်ရှိခြင်းတို့ဖြစ်သည်။

## WeChat အကောင့်မဖွင့်ရသေးသူများအတွက်

1. WeChat ကို download လုပ်လိုက်ပါ။WeChat ကို download လုပ်လိုလျှင် http://www.wechat.com/mm ထဲမှ apk ဖိုင်လေးကိုရှာလိုက်ပါ။(သို့) Mobogenie,1Mobine,Apple's Store ထဲများတွင် ရှာနိုင်ပါသည်။
2. သင့်၏ ဖုန်းနံပါတ်ကို အသုံးပြုပြီး WeChat အကောင့်ကိုဖွင့်လိုက်ပါ။

## WeChat အကောင့်ဖွင့်ပြီးသူများ

1. WeChat ကို ဖွင့်ပြီး WeChat အသင်း (WeChat ID: WeChat MM)
2. WeChat menu ထဲက "free P8" ကိုနှိပ်ပြီး Lucky Draw စာမျက်နှာထဲသို့ဝင်ပါ။
3. အကယ်၍ ကံစမ်းမဲပေါက်လျှင် မြို့တွင်းရှိ Huawei ဖုန်းဆိုင်များသို့သွားရောက်ပြီး ပန်ထမ်းများ၏ အကူအညီကို တောင်းပြီး ဆုမဲများကို ထုတ်ယူလိုက်ပါ။

* ဆုမဲထုတ်ယူရာတွင် အငြင်းပွားမှု တစ်စုံတစ်ရာပေါ်ပေါက်လာပါက WeChat နှင့် Huawei Company ၏ အဆုံးအဖြတ်သာ အတည်ဖြစ်သည်။



## အက်မက်စ် ထိပ်သီးအစည်းအဝေးဖွင့်ပွဲ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဇွန် ၂၂**

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်၊ ထိုင်းနိုင်ငံတို့ပါဝင်သည့် (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်) ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၃ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ကျင်းပမည်ဖြစ်ရာ အဆိုပါအခမ်းအနားကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြား News Channel နှင့် မြန်မာ့အသံရေဒီယို အစီအစဉ်တို့မှ ဇွန် ၂၃ ရက် နံနက် ၇ နာရီ မိနစ် ၅၀ မှစတင်ပြီး တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ဗြိတိန်တင်းနစ်အကျော်အမော် အန်ဒီမာရေး ကွင်းကလပ်တင်းနစ်ဖလား လေးကြိမ်မြောက်ဆွတ်ခူး



ဗြိတိန်တင်းနစ်ကစားသမား အန်ဒီမာရေးသည် ကွင်းကလပ်တင်းနစ် ဗိုလ်လုပွဲအဖြစ် တောင်အာဖရိက တင်းနစ်ကစားသမား ကီဗင်အန်ဒါဆန်နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ အန်ဒီမာရေးက ကီဗင်အန်ဒါဆန်အား အနိုင်ရရှိခဲ့ပြီးနောက် ကွင်းကလပ်တင်းနစ်ဖလားကို လေးကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။

အန်ဒီမာရေးသည် ၂၀၀၉ ခုနှစ်၊ ၂၀၁၁ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်တို့တွင် မြက်ခင်းပြင်တင်းနစ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် အဆိုပါကွင်းကလပ်ချန်ပီယံဆုဖလားများကို ရယူဆွတ်ခူးနိုင်ခဲ့ဖူးသူဖြစ်သည်။ လက်ရှိတွင် အန်ဒီမာရေးသည် ကွင်းကလပ်တင်းနစ်ဖလားပြိုင်ပွဲ၌ လေးကြိမ်မြောက်ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သူဖြစ်လာခဲ့ပြီး ဂျွန်မက်အန်ရိုး၊ ဘိုးရစ်ဘက်ကာ၊ လေတန်ဟီဝစ်၊ အန်ဒီရော့ဒစ်တို့ပြီးလျှင် အဆိုပါကွင်းကလပ်တင်းနစ်ဖလားအား လေးကြိမ်အထိ ချန်ပီယံဖြစ်ဖူးသည့် ငါးဦးမြောက်တင်းနစ်ကစားသမားလည်း ဖြစ်လာခဲ့သည်။

**စာမျက်နှာ ၉ ကော်လံ ၅ သို့** ❖

## MNL လက်ကျန်ပွဲတွင် ရေဝတီအသင်းက ချင်းအသင်းကို ရှုံးနိမ့်ခဲ့ပြီး လက်ရှိချန်ပီယံ ရတနာပုံနိုင်ပွဲရ

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များထဲမှ လက်ကျန်ပွဲစဉ်နှစ်ပွဲကို ယနေ့ညနေပိုင်းက ပြန်လည်ယှဉ်ပြိုင်ကစားသည်။

(အောင်ဆန်းကွင်း)

ချင်းယူနိုက်တက် - တစ်ဂိုး

ဧရာဝတီယူနိုက်တက် - ဂိုးမရှိ

ထိပ်ဆုံးမှ ရန်ကုန်အသင်းကို အမီလိုက်ရန် ကြိုးပမ်းနေသည့် ဧရာဝတီအသင်းမှာ ချင်းအသင်းကို မထင်မှတ်ဘဲ အရှုံးပေးခဲ့ရပြီး ရန်ကုန်နှင့် ငါးမှတ်အထိ ကွာဟသွားခဲ့ရပြီဖြစ်သည်။ ဧရာဝတီကစားသမားဟောင်းများ အများစုပါဝင်နေပြီး နည်းပြဟောင်း ဦးဆန်းဝင်းကိုင်တွယ်နေသည့် ချင်းအသင်းမှာ ယခုပွဲတွင် ပိုမိုအားထုတ်ကစားခဲ့ပြီး အသင်းဟောင်းကို အနိုင်ယူခဲ့ခြင်းဖြစ်သည်။

ဧရာတီအသင်းတွင် ယူ-၂၃ အသင်းမှ နေလင်းထွန်း၊ ယူ-၂၀ အသင်းမှ ကျော်မင်းဦးနှင့် ထိုက်ထိုက်အောင်တို့ အပါအဝင် နိုင်ငံခြားသားကစားသမားလေးဦးဖြင့် လူစုံပွဲထွက်ခဲ့သော်လည်း ရလဒ်ကောင်းရယူနိုင်ခြင်းမရှိဘဲ ပထမဆုံးရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။ ချင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲကစားချိန် ၃၅ မိနစ်တွင် ဆောင်လမန်က သွင်းယူပေးခဲ့သည်။

**စာမျက်နှာ ၉ ကော်လံ ၅ သို့** ○

ယနေ့

### မာတိကာ

ဘင်္ဂလားဒေ့ရှ် မီဒီယာများမှ မမှန်ကန်သည့် ချဲ့ကားရေးသားမှုများ ပြုလုပ်ခြင်းမရှိစေရေး ပူးပေါင်းကူညီရန်ဆွေးနွေး
စာမျက်နှာ - ၉

ကိုပါအမေရိကဖလား ကွာတားဖိုင်နယ် ဘရာဇီးနှင့် ပါရာဂွေးတွေ့မည်
စာမျက်နှာ - ၁၃

## Miss Golden Land Myanmar 2015 နောက်ဆုံးဆန်ခါတင် ငါးဦးနှင့် Runner Up နှစ်ဦးရွေးချယ်



**ရန်ကုန် ဇွန် ၂၂**

ဒုတိယအကြိမ် Miss Golden Land Myanmar နောက်ဆုံးဆန်ခါတင် ငါးဦးရွေးချယ်ပွဲကို ရန်ကုန်မြို့အင်းစိန်မြို့နယ် မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ ယနေ့ ညနေ ၆ နာရီမှ ည ၁၂ နာရီအထိ ကျင်းပခဲ့ရာ ပြိုင်ပွဲဝင် ၃၀ ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

နောက်ဆုံးဆန်ခါတင်သရဖူရသူ ငါးဦးမှာ Miss Suprentional ဆုကို အယ်ဘောက်နုက လည်းကောင်း၊ Miss Earth ဆုကိုမအိမ့်မျက်ခြယ်ကလည်းကောင်း၊ Miss Continental ဆုကို မေရှင်းစိန်းကလည်းကောင်း၊ Miss Face of Beauty Int'l ဆုကို ခြူးစစ်ဟန်က လည်းကောင်း၊ Miss Tourism ဆုကို နန်ဆိုင်းအိန်တို့က ရရှိပြီး 1st Runner up ဆုကို သင်းသဲဗိုနှင့် 2nd Runner Up ဆုကို စီစီအေးကိုတို့က အသီးသီးရရှိခဲ့ကြသည်။

"ကျွန်မက Miss Tourism ရထားတယ်ဆိုတော့ ဝမ်းသာပါတယ်။ ပြီးတော့ မြန်မာနိုင်ငံရဲ့ခရီးသွားမြှင့်တင်ဖို့ လုပ်ဆောင်သွားမှာပါ။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ✪






themirror.npt@gmail.com
www.facebook.com/themirrordaily

## ဝန်ထမ်းအလိုရှိသည်

**၁ ။ လက်ထောက်စကားပြန်/ဘာသာပြန်(တရုတ်)　　(၂)ဦး(ကျား/မ)**

- (၂၅)နှစ်မှ(၃၀)နှစ်အတွင်းဖြစ်ရမည်။
- နိုင်ငံခြားဘာသာတက္ကသိုလ်မှ(တရုတ်)အထူးပြုဘာသာဖြင့် ဘွဲ့ရသူ၊ ဘွဲ့တစ်ခုခုရရှိပြီး တရုတ်ဘာသာဖြင့်အနည်းဆုံး အလယ်တန်းအဆင့် အောင်မြင်ပြီးသူများ
- တရုတ်စာ(ရေး၊ ဖတ်၊ ပြော)ကျွမ်းကျင်ရမည်။
- တရုတ်၊ မြန်မာကွန်ပျူတာကျွမ်းကျင်ရမည်။
- တရုတ်-မြန်မာ၊ မြန်မာ-တရုတ်ဘာသာပြန်ဆိုရေးသားနိုင်ရမည်။
- စကားပြန်(Interpreter)အဖြစ် ဆောင်ရွက်နိုင်ရမည်။

**၂။ အုပ်ချုပ်မှုယာဉ်မောင်း　　(၁)ဦး(ကျား)**

- အသက်(၅၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- ပညာအရည်အချင်းအနိမ့်ဆုံးအလယ်တန်းအဆင့် စာရွက်စာတမ်းအပြည့်အစုံနှင့် ကိုယ်တိုင်လာရောက် လျှောက်ထားနိုင်သည်။
- ရန်ကုန်မြို့တွင်း၊ ကျွမ်းကျင်စွာမောင်းနှင်နိုင်သူ၊ ရုံဖန်ရုံခါခရီးဝေးမောင်းနိုင်သူ၊ (ခ)လိုင်စင်ရှိသူဖြစ်ရမည်။
- ယာဉ်မောင်းအတွေ့အကြုံ(၂)နှစ်ရှိရမည်။
- ယာဉ်တိုက်မှုမှတ်တမ်း ကင်းရှင်းသူဦးစားပေးမည်။
- ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစစ်ဆေးခံနိုင်ရမည်။ စိတ်ရှည်သည်းခံမှုစစ်ဆေးခံနိုင်ရမည်။

အထက်ပါရာထူးများအတွက် လျှောက်ထားလိုသူများသည် (၁)လအတွင်း ရိုက်ထားသောရောင်စုံပတ်စ်(ပို့)ဓာတ်ပုံ(၃)ပုံ၊ အိမ်ထောင်စုဇယားမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းသက်ဆိုင်ရာရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူနှင့် ကိုယ်ရေးရာဇဝင်အကျဉ်းများကို ပူးတွဲလျက် ၁၀-၇-၂၀၁၅ရက် နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း လျှောက်ထားနိုင်ပါသည်။

**တင်သောင်း**
**ဒုတိယရုံးအဖွဲ့မှူး**
**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း**

---

## ဝန်ထမ်းအလိုရှိသည်

### (ပြည်တွင်း၌သာခန့်ထားရန်)

စင်စင်ကုမ္ပဏီလီမိတက်တွင် အောက်ဖော်ပြပါ ဝန်ထမ်းများခန့်ထားလိုပါသဖြင့် ယှဉ်တွဲပါအရည်အချင်းနှင့်ညီညွတ်သူများ လျှောက်ထားနိုင်ပါသည်။ လူတွေ့စစ်ဆေးခြင်းစီစဉ်ရန် ရုံးချိန်နံနက် ၉နာရီမှ ညနေ ၅နာရီအတွင်း စင်စင်ကုမ္ပဏီလီမိတက် အမှတ်(၃၄)၊ ပါရမီလမ်း၊ ရန်ကင်း၊ ဖုန်း-၆၆၇၆၈၃သို့ ဆက်သွယ်နိုင်ပါသည်။

(၁) အရောင်းမြှင့်တင်ရေးဝန်ထမ်း(အမျိုးသား)　　(၂)ဦး
(တက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။ ကျန်းမာသန်စွမ်းသူအမျိုးသားဖြစ်ပြီး အသက်(၃၀)နှစ်ထက်မကြီးစေရ။ ၂၀၁၄ခုနှစ်၊ ကျောင်းပြီးသောသူများဦးစားပေးမည်။)(ကွမ်းမစား၊ ဆေးလိပ်မသောက်သောသူဖြစ်ရမည်။)

---

## Assistant Field Operators / Assistant Field Engineers နှင့် Maintenance Assistants / Helpers များ အလိုရှိသည်။

★ Mechancial Power, Electrical Power နှင့် B.E, B.Tech, A.G.T.I ဘွဲ့ရပြီး Gas Turbine, Large Gen-Sets, Diesel Engines များ ပြုပြင်ထိန်းသိမ်းသည့် လုပ်ငန်းအတွေ့အကြုံ (၁)နှစ်မှ (၃)နှစ်ရှိပြီး နယ်တွင်တာဝန်ထမ်းဆောင်နိုင်သူ၊ အလုပ်ကြိုးစားလုပ်ကိုင်ပြီး လစာကောင်းရလိုသူများလျှောက်ထားနိုင်သည်။
★ လိုအပ်သော သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံရှိသူများနှင့် Fresh Graduates များလည်း လျှောက်ထားနိုင်သည်။
★ Computer အခြေခံ၊ E-mail နှင့် Word, Excel တို့ ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။
★ Work Instruction များ၊ နိုင်ငံခြားသားအင်ဂျင်နီယာလုပ်ဖော်ကိုင်ဖက်များနှင့် အခြေခံ English ဘာသာစကားတို့ ပြောဆိုနားလည်နိုင်ရမည်။
★ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးနှင့် EHS လိုအပ်ချက်များအတိုင်း လိုက်နာဆောင်ရွက်နိုင်ရမည်။
★ လိုအပ်သော Technical Training, Basic Safety Training နှင့် Basic English Speaking Training များကို ၂ လ သင်ကြားလေ့ကျင့်ရမည်ဖြစ်ပြီး ပြေဆိုအောင်မြင်ရမည်။

(i) Assistant Field Operators / Assistant Field Engineers (Mechanical Power / Electrical Power)　12 posts
(ii) Maintenance Assistant / Helpers (Mechanical Power / Electrical Power)　12 posts
(iii) Store Keeper / Material Man (Male / Female)　2 posts
Minimum 2 years Experience

* Attractive Remuneration Package for All positions *

★ နံနက် ၉ : ၃၀ မှ ညနေ ၆ : ၀၀ နာရီ၊ တနင်္လာ မှ စနေ (ညနေ ၄ : ၀၀) နာရီအတွင်း လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်သည်။
★ CV, Certificate, မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ ရပ်ကွက်ထောက်ခံစာရင်း၊ မိတ္တူများနှင့် Passport၊ ဓါတ်ပုံတစ်ပုံပါရမည်။
★ ၂၀၁၅၊ ဇူလိုင် (၁၀)ရက်၊ ညနေ (၄ : ၀၀) နာရီ နောက်ဆုံးလျှောက်ထားရမည်။

Regal Myanmar Industrial & Systems Engineering
အခန်းအမှတ် ၁၁၀၂၊ တိုက် J၊ အနော်ရထာ အိမ်ရာ၊ ပြည်လမ်း၊ တာမွေ၊ လှည်းတန်း၊ ရန်ကုန်မြို့။
Phone : +95931569475, E-mail: regalmyanmarhr@gmail.com.

---

## ယာဉ်မောင်း ဝန်ထမ်း အလိုရှိသည်။ လစာကောင်းမည်။

အမှတ် ၃၂(က)၊ ဒေါ်သိန်းတင်လမ်း။ မင်္ဂလာတောင်ညွန့်။ ၀၉၄၉၃၀၂၀၀၄

---

**ဝန်ထမ်းအလိုရှိသည်(အမျိုးသမီးသီးသန့်)**

| | |
|---|---|
| ခေါင်းလျှော်ကျွမ်းကျင် | မ(၁)ဦး |
| အလုပ်သင် | မ(၂)ဦး |
| ခြေသည်းလက်သည်း | မ(၁)ဦး |

**နေစားစရိတ်ငြိမ်း-**
**ဖုန်း-၀၉-၅၃၅၁၉၃၂**

---

**ဝန်ထမ်းအမြန်အလိုရှိသည်**

၁။ Auto CAD 2D,3D　ကျား/မ(၃)ဦး
၂။ ယာဉ်မောင်း(ကားကြီး၊ ကားသေး) ကျား(၂)ဦး (လိုင်စင်အနီ)
၃။ ယာဉ်မောင်း (MD ကားမောင်းရန်) ကျား(၁)ဦး
ယာဉ်မောင်းများအတွက် ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာ မောင်းနှင်နိုင်ရမည်။ အချိန်ပိုဆင်းနိုင်ရမည်။ စက်ရုံတွင် နေထိုင်နိုင်သူ ဦးစားပေးမည်။

**အမှတ်(၃၆၊ ၃၇)၊ ကနောင်မင်းသားကြီးလမ်း၊ စက်မှုဇုန်(၁)၊ လှိုင်သာယာမြို့နယ်၊**
**ဖုန်း-၀၉-၃၂၄၆၈၂၀၅၊ ၀၁-၆၈၂၉၇၃**

---

## လုပ်ငန်းတွင် ဦးဆောင်လိုစိတ် ပြင်းပြသော လူငယ်အမျိုးသမီး အလိုရှိသည်

- လုပ်ငန်းတွင် ဦးဆောင်လိုစိတ်၊ ခေါင်းဆောင်ဖြစ်လိုစိတ် ပြင်းပြသူဖြစ်ရမည်။
- တာဝန်ဝတ္တရားနှင့်ပတ်သက်ပြီး တာဝန်ယူရဲသူ၊ မိမိကိုယ်မိမိယုံကြည်မှုရှိသူ၊ ရိုးသားသောသူ ဖြစ်ရမည်။
- လူအများကို စီမံအုပ်ချုပ်ရန်၊ အရောင်းပိုင်းကို စိတ်ဝင်စားသူဘွဲ့ရ၊ အသက် ၂၅-၃၅ ဝန်းကျင် အမျိုးသမီးဖြစ်ရမည်။
- ကွန်ပျူတာ Excell နှင့် Microsoft Words ကျွမ်းကျင်ရမည်။

*09-500 8727*　*rhythmofmyanmar@gmail.com*

---

## ဝန်ထမ်းအလိုရှိသည်

### (ပြည်တွင်း၌ မြန်မာကျပ်ငွေဖြင့်သာ ခန့်ထားရန်)

Htay Family Group of Companies.,Ltd မှ လုပ်ကိုင်ဆောင်ရွက်နေသော သစ်ထုတ်လုပ်ငန်း၊ သစ်တောစိုက်ခင်းများစိုက်ပျိုးခြင်း၊ လမ်းတံတား၊ အဆောက်အအုံဆောက်လုပ်ခြင်း လုပ်ငန်းများတွင် လုပ်ကိုင်နိုင်ရန်အတွက် အောက်ဖော်ပြပါဘွဲ့ရ လုပ်ငန်းကျွမ်းကျင်သူများ လျှောက်ထားနိုင်ပါသည်။

| | | | |
|---|---|---|---|
| ၁။ | အထွေထွေမန်နေဂျာ | ကျား(၁)ဦး | ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံ(၅)နှစ်နှင့်အထက်ရှိသူ |
| ၂။ | စီမံခန့်ခွဲမှုမန်နေဂျာ | ကျား(၁)ဦး | ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံရှိသူ အသက်(၃၅)နှစ်နှင့်အထက် |
| ၃။ | မန်နေဂျာ (HR) | ကျား(၁)ဦး | ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံရှိသူ |
| ၄။ | Project Engineer B.E (CIVIL)/A.G.T.I(CIVIL) | ကျား(၁)ဦး | ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံရှိသူ အသက်(၄၀)နှစ်နှင့်အထက် |
| ၅။ | Engineer မြို့ပြ B.E (CIVIL)/A.G.T.I(CIVIL) | ကျား(၄)ဦး | လုပ်ငန်းအတွေ့အကြုံရှိသူ |
| ၆။ | Engineer လမ်း/တံတား | ကျား(၄)ဦး | လုပ်ငန်းအတွေ့အကြုံရှိသူ |
| ၇။ | Architecture (Drawing & Design) | ကျား(၂)ဦး | ကွန်ပျူတာကျွမ်းကျင် |
| ၈။ | ဘူမိဗေဒပညာရှင် (Geologic) | ကျား(၃)ဦး | လုပ်ငန်းကျွမ်းကျင်၊ မိုင်းလုပ်ငန်းအတွေ့အကြုံရှိသူ |
| ၉။ | B.Ag, B.Sc (Foresty) (သို့) မေမြို့သစ်တောကျောင်းဆင်း | ကျား(၄)ဦး | သစ်တောနှင့်စိုက်ခင်းလုပ်ငန်းအတွေ့အကြုံရှိသူ အသက် (၃၀) မှ (၅၅)နှစ်အတွင်း |
| ၁၀။ | အတွင်းရေးမှူး | မ (၂)ဦး | ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံရှိသူ |
| ၁၁။ | Store Keeper | ကျား(၃)ဦး | ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံရှိသူ |
| ၁၂။ | လမ်းဗိုလ်/လမ်းတာဝန်ခံ | ကျား(၅)ဦး | လမ်းနှင့်တံတားအတွေ့အကြုံရှိသူ |
| ၁၃။ | သစ်လုပ်ငန်းမန်နေဂျာ | ကျား(၄)ဦး | သစ်ခွဲစက်နှင့် သစ်ထုတ်လုပ်ရေးလုပ်ငန်းအတွေ့အကြုံရှိသူ |
| ၁၄။ | သစ်လုပ်ငန်းလုပ်သား | ကျား(၄၀)ဦး | သစ်ခွဲစက်လုပ်ငန်း/သစ်လုပ်ငန်း အတွေ့အကြုံရှိသူ ဦးစားပေးမည်။ |
| ၁၅။ | စာရင်းကိုင်/ငွေကိုင် | ကျား(၃)/မ (၂)ဦး | CPA/B.Com/ L.C.C.I Level(3) ကွန်ပျူတာကျွမ်းကျင် |
| ၁၆။ | ရုံးစာရေး | ကျား(၁၀)ဦး | ၁၀တန်းအောင် (လိုအပ်ပါက နယ်သွားနိုင်ရမည်။) |
| ၁၇။ | ကွန်ပျူတာကျွမ်းကျင် | (၁၅)ဦး | Stock Share လုပ်ငန်းကို စိတ်ပါဝင်စား၍ လေ့လာထားသူ |
| ၁၈။ | ယန္တရားစက်ပြင် | ကျား(၄)ဦး | လုပ်ငန်းအတွေ့အကြုံရှိသူ |
| ၁၉။ | ယန္တရားစက်ပြင်အကူ | ကျား(၄)ဦး | လုပ်ငန်းအတွေ့အကြုံရှိသူ |
| ၂၀။ | ဒိုဇာမောင်း | ကျား(၈)ဦး | သစ်ထုတ်လုပ်ငန်းနှင့် လမ်း/တံတားလုပ်ငန်းအတွေ့အကြုံ(၃) နှစ်နှင့်အထက်ရှိသူ |
| ၂၁။ | ဘက်ဟိုးမောင်း | ကျား(၁၀)ဦး | လမ်း/တံတား လုပ်ငန်းအတွေ့အကြုံ(၃)နှစ်နှင့် အထက်ရှိသူ |
| ၂၂။ | လမ်းကြိတ်စက်မောင်း | ကျား(၈)ဦး | လမ်း/တံတား လုပ်ငန်းအတွေ့အကြုံလုပ်ငန်း(၃)နှစ်နှင့်အထက်ရှိသူ |
| ၂၃။ | Wheel Loader/Clamp Loader မောင်း | ကျား(၆)ဦး | သစ်ထုတ်နှင့် လမ်း/တံတား လုပ်ငန်းအတွေ့အကြုံ (၃) နှစ်နှင့် အထက်ရှိသူ |
| ၂၄။ | ယာဉ်ကြီးမောင်း | ကျား(၂၀)ဦး | လိုင်စင်သက်တမ်း(၅)နှစ်ရှိသူ SKAT/LIFAN/DOUNGFAN နှင့် (၁၀)ဘီးကားများ မောင်းနှင်နိုင်သူ |
| ၂၅။ | ယာဉ်ငယ်မောင်း | ကျား(၅)ဦး | လိုင်စင်သက်တမ်း(၅) နှစ်ရှိသူ မြို့တွင်း/နယ်ဝေးမောင်းနိုင်သူ ဖြစ်ရမည်။ |
| ၂၆။ | အားကစားကွင်းထိန်းသိမ်းနိုင်သူ | ကျား(၂)ဦး | အားကစားကွင်းမြက်ခင်းလုပ်ငန်းအား အတွေ့အကြုံရှိ၍ ပြုပြင်ထိန်းသိမ်းနိုင်သူ |
| ၂၇။ | မြက်ခင်းပြုပြင်လုပ်သား | ကျား(၅)ဦး | မြက်စိုက်/မြက်ရိတ်/ရေလောင်း/မြေညှိစက်မောင်းနိုင်ရမည်။ |
| ၂၈။ | လုံခြုံရေးဝန်ထမ်း | ကျား(၅)ဦး | စစ်ပြန်စစ်မှုထမ်းဟောင်းဦးစားပေးမည်။ |
| ၂၉။ | သန့်ရှင်းရေး/အထွေထွေ | (၅)ဦး | |

**(လုပ်ငန်းလိုအပ်ချက်အရ နယ်သို့ စေလွှတ်ပါက တာဝန်ထမ်းဆောင်နိုင်သူများသာ လျှောက်ထားရန်)**

လျှောက်ထားသူများသည် မိမိကိုယ်တိုင်ရေးလျှောက်လွှာနှင့်အတူ ကိုယ်ရေးမှတ်တမ်း၊ ပညာအရည်အချင်း အထောက်အထား၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံကာလာ (၃) ပုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကိုယ်တိုင်ရေးထောက်ခံချက်၊ လုပ်ငန်းအတွေ့အကြုံ အထောက်အထားစာရွက်စာတမ်းများနှင့်အတူ တင်ပြလျှောက်ထားရမည်ဖြစ်ပါသည်။ လျှောက်ထားသူများသည် ဗုဒ္ဓဘာသာ မြန်မာလူမျိုး/တိုင်းရင်းသားများဖြစ်ရပါမည်။ ကြော်ငြာသည့်နေ့မှ (၂) ပတ်အတွင်း လျှောက်ထားနိုင်သည်။

**ဆက်သွယ်ရန်လိပ်စာ**

**Htay Family Group of Companies.,Ltd. (Zwe Ka Pin United Football Club)**

**နဝဒေးဘောလုံးကွင်း၊ မြောက်ဥက္ကလာလမ်းဆုံ၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၃၀၁၆၆၅၄၊ ၀၉-၄၅၀၀၁၄၄၇၇၊ ၀၉-၂၆၁၈၅၀၆၇၂**

---

(VAC) VALUE ADDED CONSULTANCY

## မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း

Like Value Added Consultancy

## Job Openings for Foreign Telecom Firms

**Marketing Strategy Planning Manager - Officer** (2)
- Exp In Retail Marketing , Business Plan Developement, Research

**Marketing Promotion Manager - Officer** (1)
- Exp In Retail Marketing , Business Plan Developement, Research
- Planning & Implementation Of CSR Activity

**Branding Strategy Manager - Officer** (1)
- Exp Of working in Advertising Agency Preferred
- Develop Media Plan Together with Media Agency

**Event Planning Manager - Officer** (1)
- Exp Of working in Advertising Agency Preferred
- Planning & Implementation Of Event Sponsorship , Caravan , Etc

**Device Marketing Manager - Officer** (2)
- Exp On Mobile Shop - Planning & Execution In Collaboration With Handset Manufacturers

**Product Strategy Manager - Officer** (2)
- Exp On Mobile Shop -Over all Product Developement Plan & Schedule

**Communication Manager - Officer** (1)
- Exp Of PR Or working in Media Agency Preferred

**VAS Manager - Officer** (2)
- Communicate & Manage VAS Provider

**Mobile Money Manager - Officer** (2)
- Exp Of Either Mobile Apps Planning/ Develop Exp in Financial Co(Bank)

**Merchandising Manager - Officer** (1)
- Coordinate In Marketing for Material On Specific Products & Promotion

**Distributor Channel Management Manager - Officer** (1)
- Ability to Understand the Working Dynamics Of Distribution Channels

**Own Channel - Direct Dealer Manage Manager - Officer** (1)
- Exp In Developement & Management Of Sales Channel ( Dealers/Shop )

**Wholesale Process & IT Manager - Officer** (1)
- Exp In Process Management ( Order Control,Documents Control,Billing )

E-mail ဖြင့်အလုပ်လျှောက်နိုင်သည် ။ CVကို MS Word File & Photo ကို Jpg File ဖြင့်ပို့ပါ။

များပြားသော အလုပ်အကိုင်အခွင့်အလမ်းများ ⟹ www.vacjobsearch.com

No.118, 6th Floor,23rd St, Latha Tsp, Yangon. E-mail: vacjobsearch@gmail.com
Ph: 01-395921, 01-395922, 09-73022727, 09-5102094

